# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်   ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ စနေနေ့၊   အတွဲ [၅၅]၊ အမှတ် [၁၅၀]


**ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု**

* ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။
* ဥစ္စဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဘုံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။
* လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊
* ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

(မယဒေဝ)

# မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း ၆၈ ဒသမ ၈၇ ရာခိုင်နှုန်းပြီးစီး



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်နေမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ထွန်းထွန်းနောင်၊ တာဝန်ရှိသူများနှင့်အတူ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာပြီး ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီးရှိ မြစ်ကျဉ်း(၂) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြစ်သာမြစ် ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများအသုံးပြု၍ မြစ်ကျဉ်းများနှင့် သဲသောင်များ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က မြစ်ချောင်းများအခြေအနေနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်သာမြစ် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)







## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့ခရီးသွားဒေသများ ဖွံ့ဖြိုးရေးကြိုးပမ်း

မီးခိုးမထွက်သော စီးပွားရေးအဖြစ် တင်စားခေါ်ဝေါ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲ ဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သော စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လွန်ခဲ့သည့်နှစ်များအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တဖြည်းဖြည်းတိုးတက်လာလျက်ရှိပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများမှ နိုင်ငံတော်အတွက် နိုင်ငံခြားငွေသန်းပေါင်းများစွာ ရှာဖွေပေးနိုင်ခဲ့ပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုကြောင့် ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပွားများပြီး ဒေသနေပြည်သူများ ဝင်ငွေစီးပွားတိုးတက်ကာ ဆင်းရဲမှုလျှော့ချရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။

သို့သော် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှုသည် တဖြည်းဖြည်းတိုးလာသည်ဟုဆိုနိုင်သော်လည်း ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် များစွာလိုအပ်လျက်ရှိနေသေးသည်ကို တွေ့ရသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင် နှစ်စဉ် ၂၄ သန်း၊ တရုတ်နိုင်ငံတွင် သန်း ၁၀၀၊ မလေးရှားနိုင်ငံတွင် သန်း ၃၀ ခန့် လာရောက်လျက်ရှိကြောင်း ကြားသိရသည်။အခြားအာဆီယံနိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့လည်း နှစ်စဉ်ကမ္ဘာလှည့်ခရီးသွား အများအပြားလာရောက်လျက်ရှိသည်။ မြန်မာ့ခရီးသွားလုပ်ငန်းကို ယခုထက်ပိုမိုဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားရန်လိုအပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ကမ္ဘာလှည့်ခရီးသွားအများစုသည် အပန်းဖြေမှုနှင့် ဖျော်ဖြေမှုပါဝင်သော ခရီးသွားဒေသများကို ပိုမိုစိတ်ဝင်စားကြသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ဦးစားပေးသည့် ခရီးသွားဒေသများ အများဆုံးရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အပန်းဖြေမှုနှင့် ဖျော်ဖြေမှု၊ ဝန်ဆောင်မှု ကောင်းမွန်သော ခရီးသွားဒေသများ ပိုမိုဖော်ထုတ်ပြီး အစီအစဉ်ကောင်းများ စဉ်ဆက်မပြတ် အစီအစဉ်တကျဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ဥပမာအားဖြင့် နိုင်ငံခြားသားတစ်ဦးသည် ရန်ကုန်မြို့ကို တစ်ရက်တာနေထိုင်ပြီး လည်ပတ်မည်ဆိုပါက လည်ပတ်နိုင်မည့်နေရာအများအပြားရှိနေရန် လိုအပ်မည်ဖြစ်ပါသည်။ ရွှေတိဂုံဘုရားကိုလည်ပတ်ပြီး တစ်ရက်တာခရီးပြီးဆုံးသွားမည်ဆိုပါက နိုင်ငံခြားသားများ အိတ်ထဲမှခုန်ထွက်လာမည့်ဒေါ်လာငွေကို ရအောင်ယူဖို့ခက်ခဲပေလိမ့်မည်။ နိုင်ငံခြားသားများ ဒေါ်လာငွေကို စဉ်ဆက်မပြတ် သုံးစွဲနိုင်မည့်အစီအစဉ်ကောင်းများ၊ လည်ပတ်နိုင်မည့်နေရာများ ဖန်တီးဆွဲဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို သမားရိုးကျလုပ်ဆောင်နေရုံမျှဖြင့် ထိရောက်သောအကျိုးခံစားခွင့်များ တိုးပွားလာမည်မဟုတ်ပေ။ တီထွင်ဆန်းသစ်သောအမြင်များဖြင့် ဆွဲဆောင်မှုအမျိုးမျိုးတိုးပွားလာအောင် လုပ်ဆောင်သွားနိုင်မှသာ ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ နှစ်စဉ်လာရောက်မှု တိုးပွားလာပြီဖြစ်သော်လည်း မြန်မာ့ခရီးသွားဒေသများ ပိုမိုဖွံ့ဖြိုးလာအောင် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရဦးမည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ရေရှားပါး ကျေးရွာသုံးရွာကို ရေလှူဒါန်း

**လှိုင်ကော် ဖေဖော်ဝါရီ ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ရေရှားပါးသော ကျေးရွာသုံးရွာကို သောက်သုံးရေများရရှိရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးသွားရောက်လှူဒါန်းခဲ့သည်။

ဒေါ်မူကလားကျေးရွာကိုရေဂါလန် ၁၆၀၀၊ လွယ်တမူကျေးရွာကို ရေဂါလန် ၈၀၀၊ လွယ်ထွဲကျေးရွာကို ရေဂါလန် ၁၀၀၀ တို့ကို ကျေးလက်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ကယားပြည်နယ်အတွင်းရှိ ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်ပြီး ဖေဖော်ဝါရီ ၂၄ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရဲနောင်(လွိုင်ကော်)




# ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် (က)အဆင့်လိုင်စင် ကုမ္ပဏီခုနစ်ခု၊ (ခ)အဆင့်လိုင်စင်ကုမ္ပဏီခြောက်ခု ခွင့်ပြုထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ရေနံဓာတ်ငွေ့ရည်အား ထင်းအစားထိုး မီးဖိုချောင်သုံးလောင်စာအဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရေနံဓာတ်ငွေ့ရည် သုံးရုံမှ ပြည်တွင်းအသုံးပြုရန် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

လက်ရှိအချိန်တွင် ကုန်းတွင်းသဘာဝဓာတ်ငွေ့တွင် Heavy Hydrocarbon ပါဝင်မှု လျော့နည်းလာခြင်း၊ ပြည်တွင်း ရေနံဓာတ်ငွေ့ရည် လိုအပ်ချက်မြင့်မားလာခြင်းတို့ကို ဖြည့်ဆည်းရန် ပြည်တွင်းဈေးကွက်တွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရန်ရည်ရွယ်၍ ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခဲ့သည်။

လက်ရှိအချိန်ထိ ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခွင့် (က)အဆင့် လိုင်စင် ထုတ်ပေးထားသည့် တိုင်းရင်းသားပိုင် ပုဂ္ဂလိကကုမ္ပဏီ ခုနစ်ခု၊ ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်(ခ)အဆင့် ကုမ္ပဏီခြောက်ခု ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ပြည်တွင်းဈေးကွက်သို့ သိုလှောင်မှု၊ ဖြန့်ဖြူးမှုလုပ်ငန်းများအား ကျေးလက်ဒေသများအထိ ထိရောက်စွာ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ရန်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ ရေနံဓာတုဗေဒလုပ်ငန်းနှင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Ava Kahyasi Investments Pte., Ltd.၊ တိုင်းရင်းသားပိုင် SAME Sky Construction Co., Ltd. နှင့် Guiding Star Group Co., Ltd. တို့သည် ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုစာချုပ်အား ဖေဖော်ဝါရီ ၂၅ ရက်တွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အမှတ်(၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများ စုပေါင်းသွေးလှူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့ သယ်န်းကျွန်းစံပြပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်း ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် အမျိုးသားသွေးဌာန၌ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်သုံးဦး၊ အမှတ်(၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ၃၉ ဦး၊ အမှတ် (၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ၃၆ ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ အမှတ်(၇)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ အမှတ်(၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ၃၂ ဦး၊ သယ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၁ ဦး၊ အမှတ် (၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ၂၂ ဦးတို့အပြင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၁ ဦး၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၂၈၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ သွေးလှူဒါန်းမှုမှာ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၃၈၄၈ ဦးရှိပြီးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေး ရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများ၏သင်တန်းဖွင့်

**ဘီးလင်း ဖေဖော်ဝါရီ ၂၆**

ဘီးလင်းမြို့နယ်အတွင်း ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများ၏ သင်တန်းအပိုင်း(၁)ကို ဘီးလင်းမြို့အားကစားခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်အခြေခံအဆောက်အအုံများနှင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူထုဖွံ့ဖြိုးရေးနှင့်လူထုဗဟိုပြုစီမံကိန်းအကြောင်းကို ကျေးလက်များသို့ တိုက်ရိုက်ကွင်းဆင်းကြပြီး လူထုစည်းရုံးရေးမှူးနှင့် လက်ထောက် နည်းပညာမှူး ၄၄ ဦးကို သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းဆရာဆရာမအဖြစ် ကျေးလက်ရုံးချုပ်မှဆရာတစ်ဦးနှင့် ဆရာမနှစ်ဦး သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၁ စု၊ ကျေးရွာ ၂၁၇ ရွာ၌ ကျေးလက်ဝန်ထမ်းများ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူး၊ NGO အဖွဲ့ဝင်များ စုစုပေါင်း ၅၆ ဦးက လူထုဗဟိုပြုစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၈၀၈၀

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၉.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၁၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၁၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၆ |

ခင်ရတနာ-စုစည်းသည်။

# အဆင့်မြင့်ပင်လယ်သွား တပ်မတော်ဆေးရုံသင်္ဘော(သံလွင်)ဖြင့် နောင်တွင် ကမ်းရိုးတန်းဒေသရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးသွားမည်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကိုကိုးကျွန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံ-မြဝတီ)

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မိမိအနေဖြင့် ကိုကိုးကျွန်းသို့ (၆)ကြိမ်မြောက် ရောက်ရှိခြင်းဖြစ်ပြီး ကိုကိုးကျွန်းအနေဖြင့် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုဖွံ့ဖြိုးတိုးတက်မှုများရှိလာသည်ကို တွေ့မြင်ရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် ကိုကိုးကျွန်းရှိ တပ်မတော်(ရေ) တပ်စခန်းမှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပထမအကြိမ်ကိုကိုးကျွန်းသို့ရောက်ရှိပြီးနောက် မကြာမီ အဓိကလိုအပ်ချက်ဖြစ်သည့် သွားလာရေးအဆင်ပြေစေရန် စတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်လေယာဉ်ပြေးဆွဲမှုအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၂၄ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၂၅ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် သုံးကြိမ် ပြေးဆွဲပေးခဲ့ကြောင်း၊ ယင်းသို့ သယ်ယူပို့ဆောင်ရာတွင်လည်း နိုင်ငံရေးအတွက်၊ စီးပွားရေးအတွက်မှလွဲ၍ မည်သည့်ကန့်သတ်ချက်မျှမထားဘဲ ကိုကိုးကျွန်းနေ တပ်မတော်သားမိသားစု ဝင်များ၊ ဒေသခံပြည်သူလူထု၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ အားလုံးကို စိတ်ချမ်းသာကိုယ်ချမ်းသာစွာဖြင့် လိုက်ပါစီးနင်းခွင့်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သွားလာရေး အဆင်ပြေစေရန်နှင့် သက်သာချောင်ချိရေးအတွက် လေကြောင်းအပြင် တပ်မတော်ရေယာဉ်များဖြင့်လည်း အခေါက်ပေါင်းများစွာ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းအပြင် သွားလာမှု ပိုမိုအဆင်ပြေစေရန် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း၊ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် လေယာဉ်ကွင်းခြံစည်းရိုး အပါအဝင် မြို့တွင်းလမ်းဘေးဝဲယာတံတိုင်းများ၊ ရေနုတ်မြောင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်အမြဲ သန့်ရှင်းကောင်းမွန်နေစေရန် ဆက်လက်ထိန်းသိမ်း လုပ်ဆောင်သွားစေလိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း အဆင့်မြင့်ပင်လယ်သွား တပ်မတော်ဆေးရုံသင်္ဘော(သံလွင်) ဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းခရီးစဉ်သည် ဆေးရုံသင်္ဘော (သံလွင်)၏ပထမဆုံးခရီးစဉ်ဖြစ်ပြီး နောင်တွင်လည်း ကမ်းရိုးတန်းဒေသရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥစားကြက်မွေးမြူရေး၊ နွားမွေးမြူရေးနှင့် ကျွန်းပေါ်၌ မြောက်မြားစွာပေါက်ရောက်နေသည့် အုန်းပင်များမှ တန်ဖိုးမြင့်အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ကူညီလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန် MecTel တယ်လီဖုန်းဆက်သွယ်မှုရရှိအောင် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ယင်းသို့ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အခြေခံဖြစ်သည့် အသိပညာ၊ အတတ်ပညာများရရှိစေရန် မိမိတို့ သားသမီးများ၏ အတန်းပညာမြင့်မားရေး၊ စာဖတ်အားမြှင့်တင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများမှ ဦးဆောင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ရသ စာအုပ်စာစောင်များနှင့် အင်္ကျီများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)က စားသောက်ဖွယ်ရာပစ္စည်းများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို လက်ဆောင်ပေးအပ်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်ရေယာဉ်-ဆင်ဖြူရှင်ဖြင့်ထွက်ခွာရာ စစ်ရေယာဉ်ပေါ်ရှိ Conference Room တွင် တပ်မတော်(ရေ)၏ ပင်လယ်ပြင်လုံခြုံရေးနှင့် စိုးမိုးရေးဆောင်ရွက်နေမှု အခြေအနေများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ထားသည့် စစ်ဆင်ရေးရေပြင်အလိုက် လေ့ကျင့်ခန်းများဆောင်ရွက်ရေး၊ ဌာနချုပ်အလိုက် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တပ်မတော်လေနှင့် ပူးပေါင်းလေ့ကျင့်ခန်း၊ ကြည်း၊ရေ၊လေ ပူးပေါင်းလေ့ကျင့်ခန်းများ ဆောင်ရွက်ရေးနှင့် Simulator နှင့်လေ့ကျင့်ခြင်းနှင့် ကျယ်ဝန်းသည့် မြန်မာ့ပင်လယ်ပြင်ကို တပ်မတော်(ရေ)၏ အသင့်ဖြစ်မှု သုံးရပ်ဖြင့် လုံခြုံစွာကာကွယ်နိုင်ရေး တို့ကိုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းသို့ ရောက်ရှိကြပြီး ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ယင်းနောက် ကိုကိုးကျွန်း လေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းဖောက်လုပ်မှုနှင့် သွပ်ဆူးကြိုးကာရံမှုအခြေအနေများ၊ ကျွန်းမြေများကို ပင်လယ်ဒီရေတိုက်စားမှုမှ ကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကိုကိုးကျွန်း မီတာ ၁၀၀ Jetty တည်ဆောက်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ပင်လယ်သွားတပ်မတော်ဆေးရုံရေယာဉ်(သံလွင်)မှ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ဒေသခံများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး **(အပေါ်ဝဲပုံ)** လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း လေ့ကျင့်ဆောင်ရွက်မည့်နေရာသို့ အမျိုးအစားစိစစ်ဆဲမြန်နှုန်းမြင့် လေယာဉ်သုံးစင်း ဝင်ရောက်ပျံသန်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တပ်မတော်(ရေ) စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့် ခန်း (Combined Fleet Exercise- Sea Shield 2016) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂ ရက်အထိ သတ်မှတ်ဧရိယာဖော်ပြ၍ လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့အစည်းများ၊ သက်ဆိုင်ရာစစ်သံရုံးများ၊ ပြည်တွင်းသတင်းဌာနများမှ ကြိုတင်သတင်းထုတ်ပြန် အကြောင်းကြားခဲ့ပြီး ဖြစ်သည်။

ယင်းလေ့ကျင့်ခန်း ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီ ၂၈ မိနစ်မှ ၄ နာရီ ၃၇ မိနစ်အတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ ဒသမ ၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၄ ဒသမ ၅၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၂ ဒသမ ၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၄ မိနစ် နေရာများသို့ အမျိုးအစားစိစစ်ဆဲမြန်နှုန်းမြင့် လေယာဉ်သုံးစင်း မြောက်ဘက်အရပ်မှ တောင်ဘက်အရပ်သို့ ဝင်ရောက်ပျံသန်းခဲ့ကြောင်း စိစစ်သိရှိရသည်။

သို့ဖြစ်၍ တပ်မတော်(ရေ)လေ့ကျင့်ခန်းဆောင်ရွက်ရာတွင် အမြောက်၊ ဒုံးပျံ ပစ်ခတ်လေ့ကျင့်မှုများပါရှိသဖြင့် မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပေါ်စေရေး ထပ်မံအသိပေးအကြောင်းကြားမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဘိုးရင်း ၇၂၇ လေယာဉ် အရေးပေါ်အခြေအနေကို ကျော်ဖြတ်၍ အောင်မြင်စွာဆင်းသက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

အာရှပစိဖိတ် လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၂၇ လေယာဉ်သည် သောကြာနေ့က ဂွမ်ယန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်းတွင် လေယာဉ်၏အဆင်းဘီးကျမလာခဲ့သော်လည်း လေယာဉ်ကွင်းအတွင်းသို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် အမှုထမ်းသုံးဦးလိုက်ပါလာပြီး အသက်အန္တရာယ် ထိခိုက်သူတစ်ဦးမျှမရှိခဲ့ကြောင်း လေဆိပ်မှပြောရေးဆိုခွင့်ရှိသူ ရိုလန်ဒါဖာစူရမ်လီက ပြောကြားခဲ့သည်။

လေယာဉ်သည် ဂွမ်ယန်းလေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၈ မိနစ်တွင် ထွက်ခွာခဲ့ပြီး ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကျွန်းပေါ်သို့ ပြန်လည်ရောက်ရှိရန် ချိန်ကိုက်စီစဉ်ထားခဲ့သည်။ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်ဝန်းကျင်လောက်တွင် လေဆိပ်ရှိ ထိန်းချုပ်ရေးမျှော်စင်၌ လေယာဉ်ဆင်းသက်ရန် အခက်အခဲရှိကြောင်း သတိပေးချက်ရရှိခဲ့သည်ဟု ဖာစူရမ်လီက ဆိုသည်။

လေယာဉ်သည် ၄ နာရီ ၁၆ မိနစ်တွင် အန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။ မီးလောင်ခြင်းမရှိခဲ့ဟု ၎င်းက ပြောသည်။ လေဆိပ်ရဲအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက်ရှိ ယာဉ်များသွားလာမှုကိုထိန်းချုပ်ခဲ့သည်။

**(ပစိဖိတ်ဒေးလီး)**




# ဖိလစ်ပိုင်တောင်ပိုင်း၌ ပဋိပက္ခဖြစ်ပွား အကြမ်းဖက်သမား ၄၂ ဦး သေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၆**

ပြီးခဲ့သည့်စနေနေ့က စတင်ဖြစ်ပွားခဲ့သည့် လာနာအိုဒယ်ဆာဒေသ ဘူတစ်မြို့တွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် ဒေသတွင်းရှိ အကြမ်းဖက်အုပ်စုများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တိုက်ခိုက်မှုအတွင်းအကြမ်းဖက်သမား ၄၂ ဦးသေဆုံးခဲ့ကြောင်း အစိုးရတပ်က သောကြာနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ အရှေ့တောင်အာရှဒေသရှိ ဂျမားအစ္စလာမီယာ အကြမ်းဖက်ကွန်ရက်နှင့် ဆက်စပ်နေသည့် အဗူဒူလာနှင့် အိုမာမွတ်တီညီနောင်ဦးဆောင်သည့် အကြမ်းဖက်အဖွဲ့များအား ဥပဒေအရ နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း တန်က သောကြာနေ့တွင် ပြောကြားခဲ့သည်။

စစ်ဆင်ရေးအတွင်း တပ်ဖွဲ့ဝင်သုံးဦးကျဆုံးခဲ့ပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အကြမ်းဖက်အဖွဲ့များက ဘူတစ်ရှိ တပ်ခွဲများအား လာရောက်တိုက်ခိုက်ရာမှ ဖေဖော်ဝါရီ ၂၀ ရက်တွင် နှစ်ဖက်ပစ်ခတ်မှုများစတင်ခဲ့ခြင်းဖြစ်သည်။ အစိုးရအဖွဲ့မှ စစ်ကူအင်အားများရောက်ရှိလာပြီးနောက် မူလအင်အား ၄၀ မှ တပ်ဖွဲ့ဝင်ဦးရေ ၁၀၀ ထိတိုးလာခဲ့သည်။

တပ်မတော်စစ်ကြောင်းအတွင်း ဗုံးကြဲလေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ အမြောက်တပ်များနှင့် သံချပ်ကာယာဉ်များဖြင့် အားဖြည့်ခဲ့သည်။

**(ဆင်ဟွာ)**

# ကန်ဆက်စ်အလုပ်ရုံတစ်ခုတွင် သေနတ်ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး

**ကန်ဆက်စ် ဖေဖော်ဝါရီ ၂၆**

ကြာသပတေးနေ့က ကန်ဆက်စ်ဒေသရှိ စက်ရုံလုပ်ငန်းခွင်တစ်ခုတွင် သေနတ်သမားတစ်ဦး ပစ်ခတ်ရမ်းကားခဲ့မှုကြောင့် အလုပ်ရုံအတွင်းရှိ လုပ်သားသုံးဦး သေဆုံးကာ ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်ရာနေရာသို့ ရဲအရာရှိတစ်ဦး ရောက်ရှိလာပြီး သေနတ်သမားအား သေနတ်ဖြင့် ပစ်သတ်လိုက်သည့်အခါမှသာ အဆုံးသတ်သွားကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

သေဆုံးသွားသူများသည် ၎င်းနှင့်အတူတကွ လုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြသည်ဟု မြက်ရိတ်စက်ထုတ်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းရှင် တီဝေါလ်တန်ကပြောသည်။ သေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိသူ ၁၄ ဦးအနက် ငါးဦးမှာ စိုးရိမ်ရကြောင်း ဝေါလ်တန်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

မီချီဂန်၌ သေနတ်ပစ်ခတ်မှုဖြစ်ပြီးနောက် မကြာမီ ယခု ကန်ဆက်စ်၌ သေနတ်ပစ်ခတ်မှုတစ်ရပ်ထပ်မံဖြစ်ပွားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ နိုဝင်ဘာလတွင် ရွေးကောက်ပွဲအတွက် လုံခြုံရေးဆောင်ရွက်မှုအနေဖြင့် သေနတ်ကိုင်ဆောင်မှုများကို ထိန်းချုပ်နေသော်လည်း အစုလိုက် သေနတ်ပစ်ခတ်ခံရမှုများဖြစ်ပွားနေဆဲဖြစ်သည်။ **(ရိုက်တာ)**

# ပြန်ပေးဆွဲခံရသည့် အာဖဂန်အုပ်ချုပ်ရေးမှူးဟောင်း ပြန်လွတ်မြောက်လာ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၆**

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အကြာက အစ္စလာမ္မာဘတ်၌ ပျောက်ဆုံးနေသည့် ဩဇာတိက္ကမကြီးမားသူ အာဖဂန်မှ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း စေရဒ်ဖက်ဇ်လူလာဝါဟီဒီကို ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်း ၎င်း၏မိသားစုဝင်များက သောကြာနေ့တွင် ပြောကြားခဲ့သည်။

တောင်ပိုင်း ဟီရတ်ပြည်နယ်နှင့် အရှေ့ပိုင်း ကူနားပြည်နယ်များတွင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝါဟီဒီသည် ဖေဖော်ဝါရီ ၁၂ ရက်က အစ္စလာမ္မာဘတ်ရှိ ဈေးတစ်ခုတွင် အမည်မသိအဖွဲ့တစ်ဖွဲ့၏ အတင်းအကျပ်ခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်ဟု အာဖဂန်သံရုံးမှ ပြောပြချက်အရ သိရသည်။

ဝါဟီဒီကို သောကြာနေ့အစောပိုင်းတွင် ပါကစ္စတန်နိုင်ငံ ပတ်ရှ်ဝါမြို့ရှိ အာဖဂန်သံအမတ်များလက်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်ဟု ပါကစ္စတန်ရှိ ၎င်း၏သမက်ဖြစ်သူ စေရဒ်အီကရန်က ပါကစ္စတန်၌ ပြောခဲ့သည်။ စေရဒ်အီကရန်သည် အာဖဂန်ပါလီမန်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အစ္စလာမ္မာဘတ်၌ တာဝန်ဆောင်ရွက်ရန် ရောက်ရှိနေသည်။

၎င်းက ဝါဟီဒီ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ ပြန်ပေးဆွဲသည့်အဖွဲ့မှာ မည်သည့်အုပ်စုဖြစ်ကြောင်း မသိရှိရသေးပေ။

**(ဆင်ဟွာ)**



အာဖဂန်အုပ်ချုပ်ရေးမှူးဟောင်း စေရဒ်ဖက်ဇ်လူလာဝါဟီဒီ

# တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီမှ အမှုဆောင်ဟောင်း သုံးဦး နျူကလီးယားမတော်တဆမှုဖြင့် တရားစွဲဆိုခံရနိုင်

**တိုကျို ဖေဖော်ဝါရီ ၂၆**

တိုကျို လျှပ်စစ်စွမ်းအား ကုမ္ပဏီမှ ယခင် အမှုဆောင်အရာရှိ သုံးဦးတို့သည် ဖူကူရှီးမားဒိုင်အီချီစက်ရုံ၌ ၂၀၁၁ ခုနှစ် မတ်လက ဖြစ်ပွားခဲ့သော နျူကလီးယား မတော်တဆမှုဖြင့် တရားရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရှေ့နေများက ယခင် (တပ်ကို) ဥက္ကဋ္ဌ ဆုနီဟိစာ ကတ်ဆုမာတာ၊ ယခင် ဒုဥက္ကဋ္ဌဟောင်း နှစ်ဦးဖြစ်သူ ဆာကေးမူတိုနှင့် အီချီရီတာကဲကုရိုတို့ကို တရားစွဲဆိုမည်ဟုကြားသိရကြောင်း အင်န်အိတ်ချ်ကေ သတင်း ရပ်ဝန်းက ပြောသည်။

နျူကလီးယား မတော်တဆမှုနှင့်ပတ်သက်ပြီး သေဆုံး၊ ဒဏ်ရာရသူများအပေါ် လျစ်လျူရှုမှုဖြင့် ၎င်းတို့သုံးဦးသည် အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆူနာမီကြောင့် ဖူကူရှီးမားစက်ရုံရေလွှမ်းမိုးသည်ကို သိရှိခဲ့သော်လည်း ၎င်းတို့သုံးဦးသည် လိုအပ်သောအစီအစဉ်များ ပြုလုပ်ရန် ပျက်ကွက်သည်ဟု ရှေ့နေများက ယူဆခဲ့ကြသည်။

နျူကလီးယား မတော်တဆမှုကြောင့် ဖူတာဘာဆေးရုံသို့ ပို့ဆောင်ခဲ့ရသော လူနာများသည် ယင်းဆေးရုံမှ ပြောင်းရွှေ့ပြီးနောက် သေဆုံးခဲ့ကြောင်း ရှေ့နေများက ဖော်ပြသည်။ တရားခံဖြစ်ဖွယ်ရှိသော ၎င်းတို့သုံးဦးသည် ကြီးမားသော ဆူနာမီဝင်ရောက်မည်ဟု ခန့်မှန်းမထားကြောင်းပြောဆိုကာ အပြစ်မရှိဟု ထုချေချက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ အဆိုးရွားဆုံး နျူကလီးယား မတော်တဆမှုနှင့် ပတ်သက်ပြီး မည်သူ့ကိုမျှ ပြစ်မှုဆိုင်ရာ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ထားခြင်း မရှိသေးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

ဖူကူရှီးမားဒိုင်အီချီစက်ရုံကို တွေ့ရစဉ်။



# ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရေး ဝိုင်းဝန်းကြိုးပမ်းသွားရန် သမ္မတ အိုဘားမားတိုက်တွန်း

**ဆီးရီးယား ဖေဖော်ဝါရီ ၂၆**

ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်၍ အောင်မြင်မှုရရှိအောင် တစုတစည်းတည်း ကြိုးစားသွားကြရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးကို တိုက်တွန်းလိုက်သည်။ အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် အခြားအဖွဲ့များက စနေနေ့ကတည်းက ဆီးရီးယားအပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့ကြပြီး ယာယီစစ်ပြေငြိမ်းခြင်းတွင် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်မှုများ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

သမ္မတဘတ်ရှာအယ်လ်အာဆတ်လက်အောက်ခံ ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် အစိုးရဆန့်ကျင်တပ်ဖွဲ့များသည် ၎င်းတို့၏ သဘောထားများကို အမေရိကန်နှင့် ရုရှားနိုင်ငံတို့ သိရှိအောင် သောကြာနေ့ နေ့လယ်အချိန်တွင် ကြေညာချက်ထုတ်ပြန်ရမည်ဖြစ်သည်။

ကြာသပတေးနေ့က ထုတ်ပြန်ကြေညာသော အိုဘားမား၏ကြေညာချက်တွင် ယာယီစစ်ပြေငြိမ်းခြင်းသည် ပြည်တွင်းစစ်ကို အဆုံးသတ်စေမည့် ပထမခြေလှမ်းဖြစ်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထို့အပြင် အဖွဲ့အစည်းအားလုံးက လေကြောင်းတိုက်ခိုက်မှုအပါအဝင် တိုက်ခိုက်မှုများအားလုံးကို အဆုံးသတ်ရမည်ဖြစ်ကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။ ဆီးရီးယားနှင့် ရုရှားကလည်း ၎င်းတို့၏ ကတိအတိုင်းနေထိုင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာကလည်း စောင့်ကြည့်နေမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ သမ္မတ အာဆတ် အာဏာမှမဆင်းပေးသရွေ့ ဆီးရီးယားနိုင်ငံသားများက တိုက်ခိုက်မှုကို ရပ်တန့်လိမ့်မည် မဟုတ်ကြောင်း အိုဘားမားက ထပ်လောင်းဖော်ပြထားသည်။ အာဆတ်အစိုးရ အာဏာမှဆင်းပေးရမည့်ကိစ္စမှတစ်ပါး အခြားရွေးချယ်စရာမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် ( ၅ / ၂၀၁၆ )**
**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )**

**ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၅ နှင့် နည်းဥပဒေအပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့များမှ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၃(က)အရ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ဆုံးဖြတ်၍ ကော်မရှင်သို့ အစီရင်ခံတင်ပြခဲ့ပါသည်-

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| ၁ | ဦးမလေဖုန် | မရှိ | ခေါင်လန်ဖူးမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၂ | ဦးဘရန်ဆိုင်း | မရှိ | ဆွမ်ပရာဘွမ်မြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ကချင်ပြည်နယ် |
| ၃ | ဦးအားဖီဆဲ | မရှိ | ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၄ | ဦးလေမေဖူ | မရှိ | ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၅ | ဦးမရူယွန် | မရှိ | ဗန်းမော်မြို့နယ် ၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၆ | ဦးယောဟန် | မရှိ | ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၇ | ဒေါ်အိအိလွင် | မရှိ | ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၈ | ဦးသန်းညွန့် | မရှိ | မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၉ | ဦးကျော်ကျော် | မရှိ | ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၁၀ | ဦးဇော်လွင် | မရှိ | ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၁၁ | ဦးစိုင်းအုန်းလှိုင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကချင်ပြည်နယ် |
| ၁၂ | ဦးပေါလု | မရှိ | ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၃ | ဦးလဖိန်အောင် | မရှိ | ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၄ | ဒေါ်ဆိုင်းခေါန် | မရှိ | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၅ | ဒေါ်နန်ဆိန် | မရှိ | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၆ | ဦးသန့်ဇင်ဌေး(ခ) ဖိုးသား | ဦးမလန်ယန်ရှောင် | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၇ | ဦးဇော်ဒဲဒူ | မရှိ | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၈ | ဦးအိပ်(ချ်)ဂျိုဂိုင် | ဦးရိန်ဝမ် | မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၁၉ | ဦးဝင်းမြင့် | မရှိ | မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၀ | ဦးအက်စ်ကမ်ဖန် | မရှိ | မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၁ | ဦးအောင်မျိုးနိုင် | မရှိ | ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၂ | ဦးမင်းနိုင် | ဒေါ်ဘောမ်ဆွမ့် | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၂၃ | ဦးအက်စ်လန်းဘောမ် | မရှိ | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ် |
| ၂၄ | ဦးဆောင်ယိန်း | မရှိ | မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကချင်ပြည်နယ် |
| ၂၅ | ဦးချစ်မောင်(ခ)စိုင်းလုံ | မရှိ | ဒီမောဆိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၂၆ | ဦးစိုင်းမြူရယ်နီ | မရှိ | ဒီမောဆိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၂၇ | ဦးကျားရယ် | မရှိ | ဖရူဆိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၂၈ | ဦးစိုင်းနော်မှိုင်း | ဦးမောင်ဖြူ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ ကယားပြည်နယ် |
| ၂၉ | ဒေါ်ပိုးမြာ | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇)၊ ကယားပြည်နယ် |
| ၃၀ | ဒေါ်ဆိုဖာနီးယာ | မရှိ | ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၁ | ဦးဟျူးဘတ်ဘယ်ရီ | မရှိ | ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၂ | ဦးစိုင်းအုန်းမြင့် | မရှိ | ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၃ | ဦးထိန်လင်းဦး | မရှိ | ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၄ | ဦးရွှေလှ | မရှိ | ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၃၅ | ဦးကျော်သူအောင် | မရှိ | ဘော်လခဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၃၆ | ဦးကိုကိုကျော် | မရှိ | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၃၇ | ဦးစောလုံ | မရှိ | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကယားပြည်နယ် |
| ၃၈ | ဦးကျော်စိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈)၊ ကယားပြည်နယ် |
| ၃၉ | ဒေါ်တင်ကြည်စိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈)၊ ကယားပြည်နယ် |
| ၄၀ | ဦးစောကီးအိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကယားပြည်နယ် |
| ၄၁ | ဦးစောရွှေလေး (စောမုသာဘာ) | ဦးစောလူပါ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကယားပြည်နယ် |
| ၄၂ | ဦးကျော်စည်သူ | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ် |
| ၄၃ | ဦးစံသိန်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကယားပြည်နယ် |
| ၄၄ | ဒေါ်နန်းစီစီအေး | မရှိ | ဘော်လခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၅ | ဦးအောင်နိုင်ဝင်း | မရှိ | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၆ | ဦးထွန်းထွန်း | မရှိ | မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၇ | ဦးငွေဇော် | မရှိ | မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ကယားပြည်နယ် |
| ၄၈ | ဦးအောင်ဝင်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)၊ ချင်းပြည်နယ် |
| ၄၉ | ဦးကျော်သန်း | ဦးသောင်းဟန် | မြောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀ | ဦးရန်နိုင်ဖြိုး | မရှိ | မြိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၁ | ဦးမင်းသက်နိုင် | မရှိ | ကျွန်းစုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၂ | ဦးမောင်ကြိုင်(ခ) နိုင်ဝင်းမွန် | မရှိ | ပုလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၃ | ဦးအောင်ကျော်ဇော | ဦးသီးဆွေ | တနင်္သာရီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၄ | စောကဲဒို | စောအေးရှော | ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၅ | ဦးသူရအောင် | မရှိ | ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၆ | ဦးအောင်စိုး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)၊ ပဲခူးတိုင်းဒေသကြီး |
| ၅၇ | ဦးအောင်သန်း | မရှိ | ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၈ | ဦးကျော်စိုးဦး | မရှိ | ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၉ | ဦးခိုင်မျိုးကျော် | မရှိ | ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၀ | ဦးအောင်ထွေး | မရှိ | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၁ | ဦးစန်းလွင် | မရှိ | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၂ | ဦးစိုးခိုင် | မရှိ | မကွေးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မကွေးတိုင်းဒေသကြီး |
| ၆၃ | ဦးကိုကိုမောင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ မကွေးတိုင်းဒေသကြီး |
| ၆၄ | ဦးဝါလင်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)၊ မကွေးတိုင်းဒေသကြီး |
| ၆၅ | ဦးဟန်တင် | မရှိ | နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မကွေးတိုင်းဒေသကြီး |
| ၆၆ | ဦးမြင့်ဆွေ | မရှိ | နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မကွေးတိုင်းဒေသကြီး |
| ၆၇ | ဦးကြင်သန်း | ဦးတင့်နိုင်ဝင်း | ပေါက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မကွေးတိုင်းဒေသကြီး |
| ၆၈ | ဦးမြင့်စိုး | မရှိ | ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၆၉ | ဦးဌေးအောင် | ဦးသိန်းဇော် | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၀ | ဦးသူရ | မရှိ | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၁ | ဦးညွန့်ဝေ | မရှိ | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၂ | ဦးထွန်းထွန်းဦး | မရှိ | တံတားဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၃ | ဦးကျော်တင့် | မရှိ | တံတားဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၄ | ဦးတင်လှိုင်သိန်း | ဦးနန်းဝေ | သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၅ | ဒေါ်ဇင်မာလင်း | မရှိ | မတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၆ | ဦးအောင်ထွန်းခိုင် | မရှိ | မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၇ | ဦးညွန့်ဦး | မရှိ | ပုသိမ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ပဧည့်သည်များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း **(အောက်ပုံ)**၊ UNHCR မှ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis ဦးဆောင်သော အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

UNHCR အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် UNHCR ၏ လုပ်ငန်းအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်သည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနှင့် ခြောက်နိုင်ငံ အမျိုးသားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်း အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ)** **အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ပြင်သစ်၊ ဘရူနိုင်း၊ လပ်ဗီးယား၊ ပိုလန်၊ ဘယ်လာရုစ် လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်း**ကို အတည်ပြုဆောင်ရွက်ကြသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းတို့ဖြင့်လည်းကောင်း၊ **မြန်မာ-ပြင်သစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေတို့ဖြင့် လည်းကောင်း၊ **မြန်မာ-ဘရူနိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းတို့ဖြင့် လည်းကောင်း၊ **မြန်မာ-လပ်ဗီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-ပိုလန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေတို့ဖြင့် လည်းကောင်း ပါဝင်သည့်အဖွဲ့ဝင် ၁၀ ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါ်နော်ခရစ္စထွန်းတို့ အပါအဝင် အဖွဲ့ဝင် ၁၁ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၇/၂၀၁၆)**

**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၄၆၉၇၇<br>ဗိုလ်ကြီးကျော်မြတ်စိုး | အစား | ကြည်း ၅၂၂၇၇<br>ဗိုလ်ကြီးမင်းမင်းသိန်း |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြန်ကြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၆-၂-၂၀၁၆)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ၁၀ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့်ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၉ ဦး၊ ပေါင်းလုပ်ငန်းအသစ် ၂၇ ဦးနှင့် သတင်းအေဂျင်စီအသစ် နှစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ပုံနှိပ်သူအမည်ပြောင်း နှစ်ဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၇၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၁ ဦးနှင့် အသစ်လျှောက်ထားသူ ၇၄၂ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၈ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၇၆ စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူသုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့ လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်းနှင့် ကော်မတီသုံးခုဖွဲ့စည်းအတည်ပြုခြင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ **(ယာပုံ)** အရေးကြီးအဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ကော်မတီသုံးခုဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းထားသည့် **“နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့ ဆွေးနွေးကြသည်။

**တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်**က ယခုအချိန်သည် မိမိတို့နိုင်ငံ၌ ရွေးကောက်ခံအစိုးရတစ်ခုမှ အခြားရွေးကောက်ခံ အစိုးရတစ်ခုသို့ အာဏာလွှဲပြောင်းရန် ပြင်ဆင်နေသည့်ကာလဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံအတွက် ပထမဆုံး အတွေ့အကြုံဖြစ်ပြီး အင်မတန် နူးညံ့သိမ်မွေ့လှသည့်အတွက် ယင်းလုပ်ငန်းစဉ်ကို သိမ်မွေ့ညင်သာစွာ ပြီးစီးသွားစေရန် ညှိညှိနှိုင်းနှိုင်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း ဆွေးနွေးသည်။

**မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး**က ၂၀၁၆ ခုနှစ်သည် ရွေးကောက်ပွဲအနိုင်ရ ဒီမိုကရေစီအစိုးရတစ်ရပ်ကို တာဝန်လွှဲပြောင်းပေးမည့် သမိုင်းဝင်နှစ်ဖြစ်ပါကြောင်း၊ ဌာနတစ်ခုမှ တစ်ခု၊ လုပ်ငန်းတစ်ခုမှ တစ်ခု ပြောင်းလဲရသည်ပင် မလွယ်ကူပါကြောင်း၊ နိုင်ငံတော်နှင့်ချီလျှင် ပိုပြီးတာဝန်ကြီးလေးမည်ကို အားလုံးတွက်ဆပြီးဖြစ်ပါကြောင်း၊ လွှဲပြောင်းခါနီးတွင် အဆင်ပြေအေးချမ်းစွာ လွှဲပြောင်းနိုင်ရန် နိုင်ငံအလိုက်ကြိုတင်ဆောင်ရွက်ကြရသည်များရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် မပြီးပြတ်သေးသည့်လုပ်ငန်းများကို နောင်အစိုးရနှင့် ညှိနှိုင်းပေးခြင်းများသည် စိတ်ထားမြင့်မြတ်ခြင်းကို ဖော်ကျူးရာရောက်ပါကြောင်း ဆွေးနွေးသည်။



**မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း**က လွှတ်တော်၏ ထိန်းကျောင်းတည့်မတ်ရေး တာဝန်သည် အစိုးရ၏ အုပ်ချုပ်ရေးအခွင့်အာဏာကို စွက်ဖက်မှုများ ရှိ၊ မရှိကိုလည်း သတိပြုရန်လိုပါကြောင်း၊ လွှတ်တော်၏ ထိန်းကျောင်းတည့်မတ်ရေး တာဝန်ဘောင်အတွင်းက ဆောင်ရွက်ခဲ့လျှင် လွှတ်တော်၏ ဂုဏ်သိက္ခာ တက်လာသော်လည်း ဘောင်ကိုကျော်လွန်မိပါက လွှတ်တော်၏ဂုဏ်သိက္ခာကို ထိပါးနိုင်သဖြင့် သတိပြုသုံးစွဲသင့်ပါကြောင်း၊ လွှတ်တော်၏အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်၍ အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ အားနည်းမှုဖြစ်ပါက ဥပဒေပြု၍ ထိန်းကျောင်းခြင်းဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်**က လွှတ်တော်အနေဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေနှင့်အညီ ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း၊ အဆိုနှင့်ပတ်သက်၍ အကြောင်းအရာများသည် တိကျခိုင်မာမှုရှိရန် သတင်းအချက်အလက်များ ရယူရန်လိုအပ်သေးပါကြောင်း၊ ပြည့်စုံခိုင်မာမှုမရှိဘဲ နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်နေသည့် အစိုးရလုပ်ငန်းစဉ်ကို ဝင်ရောက်ကြားဝင်စွက်ဖက် နှောင့်ယှက်သည့် သဘောမရောက်အောင်လည်း အထူးသတိပြုရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုအား စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ အတွင်းရေးမှူးအဖြစ် ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရေးမဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ထွန်းခိုင်(ခ) ဦးချိန်ဝင်း၊ အတွင်းရေးမှူးအဖြစ် ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော၊ အတွင်းရေးမှူးအဖြစ် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် တို့အပါအဝင် ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းတာဝန်ပေးရန်နှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၂၆ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | နတ်တလင်းမဲဆန္ဒနယ် | ဦးခင်အေး | ဥက္ကဋ္ဌ |
| ၂။ | ရေနံချောင်းမဲဆန္ဒနယ် | ဦးသာချို(ခ) ဦးတင်ကြိုင် | အဖွဲ့ဝင် |
| ၃။ | ပင်းတယမဲဆန္ဒနယ် | ဦးစိုးမြင့် | ״ |
| ၄။ | ဖယ်ခုံမဲဆန္ဒနယ် | ဦးဖိုးမောင် | ״ |
| ၅။ | အလုံမဲဆန္ဒနယ် | ဦးရဲလွင် | ״ |
| ၆။ | စဉ့်ကိုင်မဲဆန္ဒနယ် | ဒေါက်တာ ဒေါ်ကြည်မို့မို့လွင် | ״ |
| ၇။ | ဝိုင်းမော်မဲဆန္ဒနယ် | ဦးလဂန်ဇယ်ဂျီး | ״ |
| ၈။ | မင်္ဂလာဒုံမဲဆန္ဒနယ် | ဦးအောင်လှိုင်ဝင်း | ״ |
| ၉။ | ဆွမ်ပရာဘွမ် မဲဆန္ဒနယ် | ဦးလုံဂျုံဆန်မိုင် | ״ |
| ၁၀။ | ခန္တီးမဲဆန္ဒနယ် | ဦးအောင်သန်းစိန် | ״ |
| ၁၁။ | ချောက်မဲဆန္ဒနယ် | ဦးဘိုကြီး | ״ |
| ၁၂။ | လှိုင်းဘွဲ့မဲဆန္ဒနယ် | ဦးခင်ချို | ״ |
| ၁၃။ | ကြို့ပင်ကောက် မဲဆန္ဒနယ် | ဦးဌေးမင်းသိန်း | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ | ״ |
| ၁၅။ | ဝမ်းတွင်းမဲဆန္ဒနယ် | ဦးခင်မောင်စိုး | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များစာရင်း (၂၆ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရေးမဲဆန္ဒနယ် | ဒေါက်တာဦးအောင် ထွန်းခိုင်(ခ)ဦးချိန်ဝင်း | ဥက္ကဋ္ဌ |
| ၂။ | နမ့်စန်မဲဆန္ဒနယ် | ဦးဌေးလွင်(ခ) ဦးဒီလုံး | အဖွဲ့ဝင် |
| ၃။ | ပေါက်တောမဲဆန္ဒနယ် | ဦးအောင်ကျော်ဇံ | ״ |
| ၄။ | မိုးကောင်းမဲဆန္ဒနယ် | ဦးဝင်းနိုင် | ״ |
| ၅။ | ဒီးမော့ဆိုမဲဆန္ဒနယ် | ဦးပေါလ်ဆိုင်း | ״ |
| ၆။ | ရန်ကင်းမဲဆန္ဒနယ် | ဒေါ်ဇင်မာအောင် | ״ |
| ၇။ | မော်လိုက်မဲဆန္ဒနယ် | ဒေါ်ချိုချိုဝင်း | ״ |
| ၈။ | မင်းတုန်းမဲဆန္ဒနယ် | ဒေါ်ခင်သန်းနု | ״ |
| ၉။ | မြစ်သားမဲဆန္ဒနယ် | ဒေါက်တာ ဦးလင်းလင်းကျော် | ״ |
| ၁၀။ | ငါန်းဇွန်မဲဆန္ဒနယ် | ဦးမင်းသိန်း | ״ |
| ၁၁။ | သံတွဲမဲဆန္ဒနယ် | ဦးမင်းကြည် | ״ |
| ၁၂။ | သန်လျင်မဲဆန္ဒနယ် | ဦးလွင်ကိုလတ် | ״ |
| ၁၃။ | ကြံခင်းမဲဆန္ဒနယ် | ဒေါက်တာ ဦးထွန်းလင်းမော် | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး ထွန်းသန်းအုန်း | ״ |
| ၁၅။ | ဖားကန့် မဲဆန္ဒနယ် | ဦးတင့်စိုး | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း (၂၆ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ညောင်ဦးမဲဆန္ဒနယ် | ဦးစော | ဥက္ကဋ္ဌ |
| ၂။ | မိုင်းပျဉ်းမဲဆန္ဒနယ် | ဦးစိုင်းထွန်းစိန် | အဖွဲ့ဝင် |
| ၃။ | တီးတိန်မဲဆန္ဒနယ် | ဦးကျင့်ရှင်းထန် | ״ |
| ၄။ | လဲချားမဲဆန္ဒနယ် | ဦးစိုင်းမွန်း | ״ |
| ၅။ | မြန်အောင် မဲဆန္ဒနယ် | ဦးခင်မောင်လတ် | ״ |
| ၆။ | ဗဟန်းမဲဆန္ဒနယ် | ဦးထွန်းမြင့် | ״ |
| ၇။ | ပုဇွန်တောင် မဲဆန္ဒနယ် | ဦးမြင့်လွင် | ״ |
| ၈။ | ဒေါပုံမဲဆန္ဒနယ် | ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို | ״ |
| ၉။ | မင်းတပ်မဲဆန္ဒနယ် | ဦးနေလင်းအောင် | ״ |
| ၁၀။ | ဘီးလင်းမဲဆန္ဒနယ် | ဦးတင်ကိုကိုဦး(ခ) ဦးအတွတ် | ״ |
| ၁၁။ | ဝေါမဲဆန္ဒနယ် | ဦးတင်ထွေး | ״ |
| ၁၂။ | ကော့သောင်းမဲဆန္ဒနယ် | ဦးခင်ဇော် | ״ |
| ၁၃။ | အိမ်မဲ မဲဆန္ဒနယ် | ဒေါ်သန္တာ | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး မင်းသန်း | ״ |
| ၁၅။ | ဒီပဲယင်းမဲဆန္ဒနယ် | ဦးဝင်းမြင့်အောင် | အတွင်းရေးမှူး |

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၄ ဦး၊ ဖန်တီးအိမ် Phan Tee Eain (Creative Home)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လေ့လာသူ ၁၉ ဦးနှင့် ISM (International School of Myanmar) မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်း သား ကျောင်းသူ ၁၁၂ ဦး စုစုပေါင်း ၁၇၄ ဦးတို့သည် ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြိုဆိုထောက်ခံပွဲကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၆**

မော်လမြိုင်ခရိုင်နှင့် မြို့နယ်က ကြီးမှူးကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲကို ယနေ့ နံနက် ၉ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့အစည်းများ၊ ပြည်သူများ တက်ရောက်ကြသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံရေးအဆိုကို မော်လမြိုင်မြို့နယ် ဒေသခံပြည်သူများကိုယ်စား ဒေါ်ခိုင်ခိုင်မော်က တင်သွင်းပြီး ဦးသက်မောင်က ထောက်ခံဆွေးနွေးခဲ့သည်။

သဘာပတိက တက်ရောက်လာသည့် ပြည်သူများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံရေး ဆန္ဒသုံးကြိမ်တောင်းခံရာ တက်ရောက်လာသော ပြည်သူများက သဘောတူထောက်ခံကြသည်။ ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြိုဆိုထောက်ခံပွဲ အခမ်းအနား အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**




နိုင်ငံတော်သမ္မတဦးသိန်းစိန်အား တာဝန်ရှိသူများက မြစ်သာမြစ် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထိန်းသိမ်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေနှင့်သုံးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် ရေလှောင်တမံများ ဆောင်ရွက်မည့်အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီးလုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ မြစ်သာမြစ် ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ကြောင်းချဲ့ထွင်တူးဖော် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ကိုင်းတိုင်း ဒေသကြီးရှိ ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ကိုမန်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုအရှိန်ကြောင့် မိုးသည်းထန်စွာရက်ဆက်ရွာသွန်းခဲ့ပြီး မြစ်သာမြစ်နှင့် ၎င်း၏ မြစ်လက်တက်များဖြစ်သော မဏိပူရမြစ်နှင့် နေရဥ္စရာမြစ်တို့တွင် ရေစီးဝင်မှုများပြားကာ ကလေးလွင်ပြင်ဒေသမှာ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ထူးကဲမိုးရွာသွန်းမှုကြောင့် ကလေးလွင်ပြင်ဒေသမှာ ရေကြီးနစ်မြုပ်မှုများ ကြုံတွေ့ခဲ့ရသဖြင့် နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၁ ရက်မှ ၂၃ရက် ကလေးနှင့် တမူးမြို့နယ်များသို့ သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ကလေးလွင်ပြင်ရေကြီးမှုဖြစ်စဉ်နှင့် ပတ်သက်ဆက်စပ်သည့် မြစ်သာမြစ်ဝှမ်း ရေကြီးမှုကာကွယ်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်အရ ဆည်မြောင်းဦးစီးဌာနမှ စူးစမ်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆည်မြောင်းဦးစီးဌာန၏ ကွင်းဆင်းလေ့လာမှုများအရ ကလေးမြို့နှင့် ကလေးဝမြို့အကြား မြစ်သာမြစ်အတွင်းသို့ နေရဥ္စရာမြစ်စီးဝင်ပေါင်းဆုံသည့် နေရာ၏ အောက်ဘက်ရှိ မြစ်သာမြစ်ပေါ်မှ ရေစီးရေလာအဟန့်အတားဖြစ်စေသော မြစ်ကျဉ်း သုံးခုနှင့်သဲသောင်ခုံ နှစ်ခုတို့အားချဲ့ထွင် တူးဖော်နိုင်ခြင်းဖြင့်မိုးရာသီတွင် မြစ်သာမြစ် အတွင်း စီးဝင်ရေများ အားကောင်းစွာစီးထွက်နိုင်စေပြီး ရေကြီးရေလျှံမှုမှ ကင်းဝေးစေနိုင်ကြောင်း တွေ့ရှိရသဖြင့် မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများ ဖြစ်သော အကြိုပြင်ဆင်ခြင်း၊ ယာယီရေတားတမံများဖို့ခြင်း၊ မြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းနှင့် သဲသောင်ခုံများ တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းများကို ကဏ္ဍအလိုက် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြစ်သာမြစ်ကျဉ်းများချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း အကြိုပြင်ဆင်မှုကို ၂၀၁၅ နှစ် အောက်တိုဘာ ၈ ရက်မှစတင် ဆောင်ရွက်ခဲ့မှုနှင့်အတူ မြစ်ကြောင်းတစ်လျှောက်တွင် လိုအပ်သည့် ယာယီရေတားတမံများတည်ဆောက်ပြီး မြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းနှင့် သဲသောင်ခုံ တူးဖော်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်အထိ မြစ်ကျဉ်းများချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း စုစုပေါင်း၏ ၆၈ ဒသမ ၈၇ ရာခိုင်နှုန်းမှာ ပြီးစီးနေပြီဖြစ်သည်။


ထိုကဲ့သို့ မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင် တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းဖြင့်မိုးရာသီတွင် မြစ်သာမြစ်၏ ရေစီးဆင်းမှုကောင်းမွန်စေပြီး မြစ်သာမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကလေးလွင်ပြင်ဒေသမှ ကျေးရွာများနှင့်စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေနိုင်မည် ဖြစ်ရာ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် ဆည်မြောင်းဦးစီးဌာနအနေဖြင့်ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး မြစ်သာမြစ်ပေါ်တွင် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ကလေးမြို့အနီး နေရဥ္စရာမြစ်ပေါ်တွင် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာနှစ်အတွင်း တမံတည်ဆောက်ခြင်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးမည် ဖြစ်သကဲ့သို့ မြစ်သာမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော မဏိပူရမြစ်ပေါ်တွင် ဆောင်ရွက်ဆဲဖြစ်သည့် မဏိပူရရေလှောင်တမံ စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ မြစ်သာမြစ်ဝှမ်း၏ စီးဝင်ရေပမာဏအား အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်း သိုလှောင်ပေးနိုင်မည်ဖြစ်၍ ကလေးလွင်ပြင်ဒေသမှာ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ရာဇဂြိုဟ်ရေလှောင်တမံသို့ ရောက်ရှိပြီး ရေပိုလွှဲ၊ ပင်မတမံ၊ ကုန်းကျောတမံများ၊ ရေထုတ်မြောင်းမကြီးနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီတွင် မြစ်သာမြစ်၏ ရေစီးဆင်းမှု ကောင်းမွန်စေပြီး မြစ်သာမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကလေးလွင်ပြင်ဒေသမှ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေနိုင်မည်**

## မြစ်သာမြစ်ကျဉ်းများ ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း မြစ်သာမြစ်ပေါ်ရှိ ချဲ့ထွင်တူးဖော်ရမည့် မြစ်ကျဉ်း (၃)ခုနှစ် သဲသောင်ခုံ (၂) ခု တည်နေရာပြပုံ




| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ (ကျင်း) |
|---|---|---|
| ၁ | မြစ်ကျဉ်း ၁ | ၄၄၀၀၀ |
| ၂ | မြစ်ကျဉ်း ၂ | ၇၇၀၀၀ |
| ၃ | မြစ်ကျဉ်း ၃ | ၂၀၅၀၀ |
| ၄ | သဲသောင်ခုံ ၁ | ၅၉၀၀၀ |
| ၅ | သဲသောင်ခုံ ၂ | ၃၅၅၀၀ |
| | စုစုပေါင်း | ၂၃၆၀၀၀ |

စုစုပေါင်းခန့်မှန်းကုန်ကျငွေ - ကျပ်သိန်း (၈၃၀.၀၀၀)

# မြစ်သာ မြစ်ကျဉ်း တူးဖော်မှု လုပ်ငန်း ဆောင်ရွက်မှု မြင်ကွင်းပုံရိပ်များ



မြစ်သာမြစ်ကျဉ်းအား ဝေဟင်မှတွေ့ရစဉ်။



မြစ်သာမြစ်ကျဉ်း (၁) တူးဖော်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



သောင်ခုံ (၂) တူးဖော်ခြင်းလုပ်ငန်းတွင် Cause Way ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



မြစ်ကျဉ်း (၃) တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မိုင်းခွဲနေမှုကို တွေ့ရစဉ်။



မြစ်ကျဉ်း (၂) မှ မိုင်းခွဲထားသော ကျောက်များအား စက်ယန္တရားများဖြင့် ဖယ်ရှားနေသည်ကိုတွေ့ရစဉ်။



သောင်ခုံ (၁) တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ကော်ဖီနဲ့အတူယှဉ်တွဲပြီး စိုက်ပျိုးရမယ့် အရိပ်ရပင်တွေ ရှင်သန်လာရင် သစ်တောတွေ အမြန်ဆုံးပြန်လည်ဖုံးလွှမ်းလာမယ်

## ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း - ဟန်နီဝင်း

**ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ရေဝေရေလဲဒေသသဘာဝသစ်တောကြားခံဇုန် မြေပြင်ဆင်နေမှုနှင့်ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်အား သွားရောက်တွေ့ဆုံ၍ မေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည် -**

**မေး ။ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ရဲ့ ရေဝေရေလဲဒေသ သဘာဝသစ်တောကြားခံဇုန် (Buffer Zone)မြေ ၂၇၂ ဒသမ ၁၅ ဧကကို စက်မှုဇုန် မြေငှားဂရန်ချပေးဖို့ ပြင်ဆင်နေကြောင်း ပြည်သူ့လွှတ်တော်မှာ အရေးကြီးအဆိုအဖြစ် တင်သွင်းတယ်လို့ သိရပါတယ်။ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ရဲ့ ရေဝေရေလဲဒေသကို သဘာဝသစ်တောကြားခံဇုန် (Buffer Zone) အဖြစ် သတ်မှတ်ထားခြင်း မရှိပါဘူး။ ဒီမြေဧရိယာ ၂၇၂ ဒသမ ၁၅ ဧကဟာ ပြင်ဦးလွင်မြို့ နယ်နိမိတ်ဧရိယာအတွင်းရှိ မြို့မြေဖြစ်ပါတယ်။

အမျိုးသားသဘာဝကန်တော်ကြီးဥယျာဉ်အတွင်းမှာရှိတဲ့ ကန်တော်ကြီးရေကန်ဟာ သစ်တောတွေ ပြုန်းတီးလာမှု၊ စည်းကမ်းမရှိ သစ်ပင်ခုတ်လှဲမှုတွေကြောင့် နောက်ဆက်တွဲဆိုးကျိုးအပြစ်တွေအဖြစ် ၁၉၉၅ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်မှာ တစ်ကြိမ် နွေရာသီမှာ ရေလုံးဝခန်းခြောက်တဲ့အထိ ဖြစ်ပွားခဲ့ဖူးပါတယ်။

ဒီလိုဆိုးကျိုးအပြစ်တွေ ကြုံတွေ့ခဲ့မှုကြောင့် ကန်တော်ကြီးရေကန်ပတ်လည်မှာ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်နေပြီးတော့ သစ်တောတွေ ပြန်လည်ဖုံးလွှမ်းစေဖို့ ဖြစ်နိုင်ခြေရှိပြီး အကောင်းဆုံးနည်းလမ်းကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကတော့ ကန်တော်ကြီး ရေကန်ပတ်လည်က မြို့မြေနေရာတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို နေရာချထားပေးပြီးတော့ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ ကော်ဖီနဲ့အတူယှဉ်တွဲပြီး စိုက်ပျိုးရမယ့် အရိပ်ရပင်(ခါတော်မီပင်)တွေ ရှင်သန်လာရင် သစ်တောတွေ အမြန်ဆုံးပြန်လည်ဖုံးလွှမ်းလာမယ်။ ဒီလိုတွေ ပြန်လည်ဖြစ်လာဖို့ကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

ပြင်ဦးလွင်မြို့ အမျိုးသားသဘာဝကန်တော်ကြီးဥယျာဉ် ရေကန်ပတ်လည်မှာရှိတဲ့ မြို့မြေမှာ ရေမြေရာသီဥတုသဘာဝနဲ့ကိုက်ညီတဲ့ ကော်ဖီစိုက်ပျိုးဖို့၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ထိန်းသိမ်းဖို့၊ ကော်ဖီစိုက်ပျိုးရင်ယှဉ်တွဲစိုက်ပျိုးရမယ့် အရိပ်ရအပင်တွေနဲ့ သစ်တောတွေ ပြန်လည်ဖြစ်ထွန်းလာပြီးတော့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေဖို့ ရည်ရွယ်ချက်တွေ ထားခဲ့ပါတယ်။

ဒီလိုရည်ရွယ်ချက်တွေနဲ့ စည်းကမ်းသတ်မှတ်ချက်တွေ ထုတ်ပြန်ပြီး ၁၉၉၇-၁၉၉၈ ခုနှစ်ကနေ စတင်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက မြို့မြေဧရိယာ ၂၇၂ ဒသမ ၁၅ ဧကမှ ပုဂ္ဂလိကလုပ်ငန်းရှင် ၅၀ ကို မြေဧရိယာ ၂၆၂ ဒသမ ၁၅ ဧကနဲ့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေဧရိယာ ၁၀ ဧကကို ကော်ဖီစိုက်ပျိုးဖို့ မြေနေရာတွေ ခွင့်ပြုချထားပေးခဲ့ပါတယ်။

**မေး ။ အဲဒီမြေတွေကို စက်မှုဇုန်မြေငှားဂရန်တွေ ထုတ်ပေးနေတယ်လို့ ကြားသိရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဖြေကြားပေးပါ။**

ဖြေ ။ အဲ့ဒီနေရာဟာ စက်မှုဇုန်မဟုတ်ပါဘူး။ စက်မှုဇုန်မြေငှားဂရန်ဆိုတာလည်း မရှိပါဘူး။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနကနေ ကော်ဖီစိုက်ပျိုးဖို့ခွင့်ပြုထားတဲ့ နေရာတွေမှာ လူနေထိုင်ဖို့အတွက် မြေငှားဂရန်တွေကို ၂၀၀၀-၂၀၀၁ ခုနှစ်ကစပြီး ထုတ်ပေးထားတာကို စိစစ်တွေ့ရှိခဲ့တယ်။

ဒါ့အပြင် ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့ မြေနေရာတွေမှာ လူနေထိုင်ဖို့အတွက် မြေဧရိယာ ၄၂ ဒသမ ၄၁ ဧကကို မြေငှားဂရန် ၁၉ ခု ထုတ်ပေးထားတာ၊ ကော်ဖီစိုက်ပျိုးခွင့်ရရှိထားသူတွေကို အဆင့်ဆင့်လွှဲပြောင်းပေးမှုတွေရှိတာကိုလည်း စိစစ်တွေ့ရှိခဲ့ပါတယ်။

တချို့ဂရန်ရရှိထားတဲ့သူတွေက ဒီမြေကွက်တွေကို ခွဲစိတ်ရောင်းချတာ၊ အဆင့်ဆင့်လွှဲပြောင်းမှုတွေ ရှိနေတာတွေကို သိရှိရတဲ့အတွက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းအဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နဲ့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းတို့ အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့အဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ (၁၈-၁၂-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၂၄၅၄/၂၅၅-မြေ ၁-၉/အဖရ(၂၀၁၅)အရ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

စစ်ဆေးတွေ့ရှိချက်တွေအရ အမျိုးသားကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်မှာ မြေအမျိုးအစား သုံးမျိုးရှိတာကို တွေ့ရှိခဲ့ပါတယ်။

မြို့မြေ ၂၇၂ ဒသမ ၁၅ ဧက၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဧက ၁၅၂ ဒသမ ၅၀၊ သစ်တောမြေ ၂၁၉၁ ဒသမ ၁၃ ဧကရှိတာနဲ့ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့ မြို့မြေမြေဧရိယာ ၂၇၂ ဒသမ ၁၅ ဧကနေရာတွေမှာ ဒီလိုမြေငှားဂရန်ရရှိထားသူတွေက အဆင့်ဆင့်လွှဲပြောင်းတာ၊ ခွဲစိတ်ထားတာ၊ ရောင်းချတာမျိုးနဲ့ တရားမဝင်အဆောက်အအုံတွေ ဆောက်လုပ်တာတွေရှိနေတာကို စိစစ်တွေ့ရှိခဲ့ရပါတယ်။

**မေး ။ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့မြေတွေကို လူနေထိုင်ဖို့ မြေငှားဂရန်တွေ ထုတ်ပေးထားတာဟာ မူလရည်ရွယ်ချက်နဲ့ ကိုက်ညီမှုရှိပါသလား။**

ဖြေ ။ မူလရည်ရွယ်ချက်နဲ့ ကိုက်ညီမှုမရှိပါဘူး။ ဒါ့ကြောင့် လူနေထိုင်ဖို့ မြေငှားဂရန်တွေကို စက်မှု/စီးပွားမြေငှားဂရန် (Industrial Commercial Lease) ထုတ်ပေးဖို့၊ လွှဲပြောင်းရောင်းချထားတဲ့ မြေအမည်ပေါက်လွဲမှားနေတဲ့ ကိစ္စရပ်တွေကိုစိစစ်ပြီး ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပါဝင်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၂ ရက်က ပြည်ထဲရေးဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ ဆုံးဖြတ်ချက် ၁၃ ချက်ကို ချမှတ်ခဲ့ပြီး ဒီဆုံးဖြတ်ချက်ထဲမှာ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့ မြို့မြေတွေကို လူနေထိုင်ဖို့အတွက် မြေငှားဂရန် ထုတ်ပေးထားရှိတာတွေကို ပြန်လည်ပယ်ဖျက်တာတွေ ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

မူလရည်ရွယ်ချက်နဲ့ ကိုက်ညီမှုမရှိတဲ့အတွက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြို့မြေတွေမှာ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့သူတွေကို စက်မှု/ စီးပွားမြေငှားဂရန် လျှောက်ထားနိုင်ဖို့၊ အသိပေးရှင်းလင်းဆောင်ရွက်နိုင်ဖို့ ဖိတ်ကြားတာနဲ့ ရှင်းလင်းအသိပေးတာကို တစ်ပတ်အတွင်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက် မတိုင်ခင် ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် စည်းကမ်းချက် ၁၂ ချက်ကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။

**မေး ။ အဲဒီစည်းကမ်းချက် ၁၂ ချက်ထဲမှာ ဘယ်အချက်တွေကို အဓိကထားသတ်မှတ်ခဲ့ပါသလဲ။**

ဖြေ ။ အဲဒီစည်းကမ်းချက် ၁၂ ချက်ထဲမှာ အဓိကအချက်ကတော့ ကန်တော်ကြီး ပတ်ဝန်းကျင် မြို့မြေအတွင်းကျရောက်နေတဲ့ ကော်ဖီစိုက်ပျိုးမြေတွေကို စက်မှု/စီးပွားမြေငှားဂရန် ပြောင်းလဲထုတ်ပေးတာဟာ ကန်တော်ကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ လူတွေရဲ့ သဘာဝလွန်ပစ္စည်းတွေ အသုံးပြုမှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဂေဟစနစ်ပျက်စီးမှုတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့၊ အမျိုးသားသဘာဝဥယျာဉ်အမည်နဲ့ လိုက်လျောညီထွေတဲ့ ပတ်ဝန်းကျင်ဖြစ်စေဖို့ ရည်ရွယ်တဲ့ ကော်ဖီစိုက်ပျိုးရေးကိုသာ



ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်

ဆောင်ရွက်ဖို့နဲ့ တခြားစီးပွားရေးလုပ်ငန်းတွေကို ပြောင်းလဲသုံးစွဲဆောင်ရွက်ခွင့်မပြုဖို့ သတ်မှတ်ထားခဲ့ပါတယ်။

အခုလို စက်မှု/စီးပွားမြေငှားဂရန်ထုတ်ပေးဖို့ ဆောင်ရွက်တာဟာ မူလကတည်းက ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုချထားပေးတဲ့မြေမှာ ကော်ဖီစိုက်ပျိုးမှုမရှိဘဲ လူနေထိုင်တဲ့အတွက် မြေငှားဂရန်တွေ လျှောက်ထားရယူပြီး အဆောက်အအုံတွေ ဆောက်လုပ်နေတာတွေရှိနေတာနဲ့ ခွင့်ပြုချက်မရှိဘဲ အဆင့်ဆင့်လွှဲပြောင်း/ရောင်းချမှုတွေရှိတာတွေဟာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခတွေ မရရှိတာတွေကြောင့် မြေစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေစည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ ထိန်းသိမ်းကြပ်မတ်နိုင်စေဖို့အတွက် လူနေထိုင်ဖို့ ထုတ်ပေးထားတဲ့ မြေငှားဂရန်တွေကို ပယ်ဖျက်ပြီး စက်မှု/စီးပွားမြေငှားဂရန် ပြောင်းလဲထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။

**မေး ။ လူနေထိုင်ဖို့ မြေငှားဂရန်နဲ့ စက်မှု/ စီးပွားမြေငှားဂရန် ဘယ်လိုကွာပါသလဲ။**

ဖြေ ။ လူနေထိုင်ဖို့ မြေငှားဂရန်ဆိုတာက လူနေအဆောက်အအုံတွေ ဆောက်လုပ်နေထိုင်အသုံးပြုနိုင်ဖို့အတွက်ဖြစ်ပါတယ်။ စက်မှု/ စီးပွားမြေငှားဂရန်ဆိုတာကတော့ ဥပမာ- ကော်ဖီစိုက်ပျိုးရန်ဆိုရင် ကော်ဖီစိုက်ဖို့ပဲဖြစ်ပါတယ်။

စက်ရုံအလုပ်ရုံ တည်ဆောက်အသုံးပြုရန်ဆိုရင် စက်ရုံအလုပ်ရုံဆောက်လုပ် အသုံးပြုဖို့ပဲဖြစ်ပါတယ်။ တခြား လုပ်ငန်းတွေလုပ်ကိုင်လို့မရနိုင်ပါဘူး။ ဒီအတွက်လည်း စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးရာမှာ စည်းကမ်းချက်တွေ သတ်မှတ်ပြဋ္ဌာန်း ပြီးတော့ မြေငှားဂရန်စာချုပ် ချုပ်ဆိုထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။

မြေခွန်စည်းကြပ်တဲ့နှုန်းထားလည်း မတူညီပါဘူး။ လူနေထိုင်ဖို့အတွက်ဆို အထက်မြန်မာနိုင်ငံ မြေနဲ့အခွန်နည်းဥပဒေ ၄၄ (က) (၂)၊ အောက်မြန်မာနိုင်ငံ မြို့နဲ့ ကျေးရွာ မြေတွေ နည်းဥပဒေ ၁၇ တွေအရ မြေငှားရမ်းခရဲ့ ၇၅ ရာခိုင်နှုန်း သို့မဟုတ် မြေတန်ဖိုးရဲ့ ၆ ရာခိုင်နှုန်းကို နှစ်စဉ်မြေခွန်စည်းကြပ်ကောက်ခံပါတယ်။ စက်မှု/စီးပွားမြေငှားဂရန်ဆိုရင်တော့ မြေငှားရမ်းခရဲ့ ၇၅ ရာခိုင်နှုန်း သို့မဟုတ် မြေတန်ဖိုးရဲ့ ၆ ရာခိုင်နှုန်းထက် ကျော်လွန်သတ်မှတ်နိုင်ပါတယ်။ မြေတန်ဖိုးရဲ့ ၆ ရာခိုင်နှုန်းအထက်မှ ၁၂ ရာခိုင်နှုန်းအထိ သတ်မှတ်စည်းကြပ်ကောက်ခံပါတယ်။ ၁၉၁၃ ခုနှစ် မြို့နဲ့ကျေးရွာ မြေများဆိုင်ရာ အမိန့်ဆင့်ဆိုချက် ၄၅ (ခခ)အရ တွက်ချက်သတ်မှတ် စည်းကြပ်တာ ဖြစ်ပါတယ်။

**မေး ။ စက်မှု/ စီးပွားမြေငှားဂရန်မှာ အဆောက်အအုံတွေ ဆောက်ခွင့်ရှိပါသလား။**

ဖြေ ။ စက်မှု/စီးပွားမြေငှားဂရန်စာချုပ်မှာ ဖော်ပြထားတဲ့ သတ်မှတ်ချက်တွေနဲ့အညီသာ သတ်မှတ်တဲ့ အဆောက်အအုံတွေ ဆောက်ရမှာဖြစ်ပါတယ်။ ဥပမာ ကော်ဖီပင်နဲ့ အရိပ်ရပင်တွေကို စိုက်ပျိုးဖို့အတွက် ရည်ရွယ်တာဆိုရင် သတ်မှတ်ဧရိယာအတိုင်း အဓိကစိုက်ပျိုးရမှာဖြစ်ပါတယ်။

ကော်ဖီစေ့သိုလှောင်ဖို့ ဂိုဒေါင်၊ ကော်ဖီ ကြိတ်စက်အဆောက်အအုံ၊ အလုပ်သမားနေထိုင်ဖို့ အဆောက်အအုံစတာတွေတော့ စည်းကမ်းသတ်မှတ်ချက်အတိုင်းသာ လုပ်ဆောင်ခွင့်ရှိမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမယ့် ဟိုတယ်၊ မိုတယ်၊ စက်ရုံအလုပ်ရုံတွေ၊ ကော်ဖီစိုက်ပျိုးတာနဲ့ မသက်ဆိုင်တဲ့ အဆောက်အအုံတွေ၊ လုပ်ငန်းတွေကိုတော့ ခွင့်ပြုမှာမဟုတ်ပါဘူး။

**မေး ။ လက်ရှိဆောင်ရွက်မှုအခြေအနေကို သိလိုပါတယ်။**

ဖြေ ။ ကော်ဖီစိုက်ပျိုးရန်ချထားပေးတဲ့မြေကို စက်မှု/ စီးပွားမြေငှားဂရန် သတ်မှတ်စည်းကမ်းနဲ့အညီ ထုတ်ပေးနိုင်ဖို့အတွက် အဖွဲ့လိုက် ကွင်းဆင်းတိုင်းတာ စစ်ဆေးတာ၊ မြေပုံရေးဆွဲတာတွေ ဆောင်ရွက်နေဆဲဖြစ်ပြီးတော့ အခုအခါ လုပ်ငန်းတွေ ရပ်ဆိုင်းထားပါတယ်။

**မေး ။ မြေယာစီမံခန့်ခွဲရေးနဲ့ ပတ်သက်ပြီး ကိုင်တွယ်ကျင့်သုံးနေတဲ့ဥပဒေတွေကို သိလိုပါတယ်။**

ဖြေ ။ ၁၈၇၆ ခုနှစ် မြေနှင့်အခွန်အက်ဥပဒေ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် စည်းမျဉ်းဥပဒေ၊ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ၊ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ၊ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေတို့နှင့် ယင်းဥပဒေတို့အရ ပြုလုပ်သည့် နည်းဥပဒေ၊ အမိန့်ဆင့်ဆိုချက်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သစ်တောဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေစတဲ့ မြေယာစီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ အခြားဆက်စပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ဆက်စပ်ကျင့်သုံးဆောင်ရွက်နေပါတယ်။

**မေး ။ နိုင်ငံတော်ပိုင်မြေဆိုတာကို ဘယ်လိုသတ်မှတ်ပါသလဲ။**

ဖြေ ။ နိုင်ငံတော်ပိုင်မြေဆိုတာ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄(၁)တွင် "နိုင်ငံတော်ပိုင်မြေဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ ကိုယ်စားဖြစ်စေ သို့မဟုတ် နိုင်ငံတော် အစိုးရက ဖြစ်စေ ပြုလုပ်သည့်၊ အသိအမှတ်ပြုထားသည့် သို့မဟုတ် ဆက်လက်အသိအမှတ်ပြုထားဆဲဖြစ်သည့် အခွန်လွတ်ဂရန် သို့မဟုတ် အပိုင်ပေးဂရန် ထုတ်ပေးထားခြင်းမရှိသော မြေအားလုံးကိုခေါ်သည်"ဟု ပြဋ္ဌာန်းထားပါတယ်။

အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၃ မှာတော့ နိုင်ငံတော်ပိုင်မြေဆိုသည်မှာ နိုင်ငံတော်အစိုးရပိုင်မြေ သို့မဟုတ် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄(၂)တွင် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဆိုသည်မှာ-(က)မည်သူတစ်ဦးတစ်ယောက်မျှ ရယူပိုင်ဆိုင်ထားခြင်းမရှိသော မြေကို ဆိုသည်၊ (ခ) အစိုးရ၏ကိုယ်စားလည်းကောင်း သို့မဟုတ် အစိုးရကလည်းကောင်း ထုတ်ပေးထားသည့် အပိုင်ပေးဂရန် သို့မဟုတ် မြေငှားစာချုပ်အရ ပေါ်ပေါက်သည့် အခွင့်အရေးတစ်စုံတစ်ရာကို မည်သူတစ်ဦးတစ်ယောက်ကမျှ ရရှိထားခြင်းမရှိသော မြေကိုဆိုသည်လို့ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။

**မေး ။ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေတွေကို မြေငှားဂရန်ထုတ်ပေးရာမှာ ဘယ်လိုဥပဒေတွေနဲ့ ထုတ်ပေးနေပါသလဲ။**

ဖြေ ။ အထက်မြန်မာနိုင်ငံမြေနှင့် အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၆ မှာတော့ နိုင်ငံတော်ပိုင်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

● ကျောဖုံးမှ

ပူးတွဲဆောင်ရွက်မှု အပိုင်းများကို စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းနှင့် ဆက်သွယ်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ စွမ်းအင်ဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံနဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို သိပါရစေရှင့်။**

ဖြေ။ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုလက်အောက်မှာ ဝန်ကြီးရုံးအပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ မြန်မာ့ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနဲ့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဆိုတဲ့ လုပ်ငန်းသုံးခုရှိပါတယ်။ အဓိကတာဝန်တွေကတော့ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ ရှာဖွေတူးဖော်မယ်၊ ထုတ်လုပ်မယ်၊ ချက်လုပ်မယ်၊ ဖြန့်ဖြူးရောင်းချမယ်ဆိုတဲ့ တာဝန်တွေပေါ့။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေ ဖြစ်တာနဲ့အညီ စွမ်းအင်ကဏ္ဍတိုးတက်စေဖို့ စီမံကိန်းတွေ အကောင်အထည်ဖော်နေတာပေါ့။ အများပိုင်စီးပွားရေး အသွင်ကူးပြောင်းရေးကို တစ်ဆင့်ချင်းဆောင်ရွက်နေတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။

**မေး။ စက်သုံးဆီလုပ်ငန်းတွေအကြောင်းနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ စက်သုံးဆီဆိုင်အရေအတွက်ကိုလည်း ဖြေကြားပေးပါဦးရှင့်။**

ဖြေ။ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ နိုင်ငံပိုင်ကဏ္ဍကို တဖြည်းဖြည်းချင်း ကျွန်တော်တို့ လျှော့ချလာတာ အခုမှမဟုတ်ပါဘူး။ ၂၀၁၀ ပြည့်နှစ်ကတည်းက ပထမခြေလှမ်းအနေနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကိုဖွဲ့စည်းပြီး ဝန်ကြီးဌာနလက်အောက်က နိုင်ငံပိုင်စက်သုံးဆီဆိုင် ၂၇၃ ဆိုင်အနက် ၁၂ ဆိုင်သာချန်ပြီး ကျန်တာတွေကို ပုဂ္ဂလိကကို လွှဲပြောင်းရောင်းချခဲ့ပါတယ်။ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်က တွင်းတူးဖော်ခြင်း၊ ဆိုက်စမစ်တိုင်းတာခြင်းတွေနဲ့ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတွေကိုလည်း အကျိုးတူပူးပေါင်းဖို့အတွက် ပြည်တွင်းပြည်ပကုမ္ပဏီတွေကို ဖိတ်ခေါ်လုပ်ကိုင်ခဲ့သလို မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းလက်အောက်က စက်ရုံအချို့နဲ့ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်တွေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်မှာရှိတဲ့ လေယာဉ်ဆီနဲ့ အခြားစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေးကိစ္စတွေအတွက်လည်း ပြည်တွင်းပြည်ပ ကုမ္ပဏီတွေနဲ့ အကျိုးတူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အရောင်းဆိုင် ၁၂ ဆိုင်ကတော့ နေပြည်တော် ဟိုတယ်ဇုန်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ၊ ဗိုလ်တထောင်နဲ့ လှိုင်အရောင်းဆိုင်များ၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ မဟာအောင်မြေအရောင်းဆိုင်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးနဲ့ တောင်ငူ (ဟင်းငုတ်ပင်)အရောင်းဆိုင်၊ ကယားပြည်နယ် လွိုင်ကော်အရောင်းဆိုင်၊ ကရင်ပြည်နယ် ဘားအံအရောင်းဆိုင်၊ ချင်းပြည်နယ် ဟားခါးအရောင်းဆိုင်၊ ရှမ်းပြည်နယ် လွိုင်လင်အရောင်းဆိုင်တွေ ဖြစ်ပါတယ်။

**မေး။ ၂၀၁၀ နောက်ပိုင်းမှာ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကလုပ်ကိုင်လိုသူတွေကို စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ချပေးတဲ့အပိုင်းကိုလည်း ဖြေကြားပေးပါရှင့်။**

ဖြေ။ ဝန်ကြီးဌာနမှာ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးလေးခုနဲ့ ဌာနခွဲ ၁၉ ခု၊ သိုလှောင်ဖြန့်ဖြူးရေးစခန်း ငါးခု၊ လေယာဉ်ဆီ ဌာနခွဲ/ဌာနစိတ် ၁၁ ခုနဲ့ စက်သုံးဆီအရောင်းဆိုင် ၁၂ ဆိုင်တို့ ရှိနေပါတယ်။ အဲဒီကနေ နိုင်ငံပိုင်ကဏ္ဍကို ဖြည့်တင်းနေတာဖြစ်ပါတယ်။ ပုဂ္ဂလိကအနေနဲ့ကတော့ ဝန်ကြီးဌာနလွှဲပြောင်းစဉ်က ၂၆၁ ဆိုင်ရှိခဲ့ပေမယ့် စက်သုံးဆီအရောင်းဆိုင်အသစ်တွေထပ်မံဖွင့်လှစ်ဖို့ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တွေ စိစစ်ချပေးနေပါတယ်။ ယနေ့အထိဆိုရင် စက်သုံးဆီအရောင်းဆိုင် ၁၇၇၈ ဆိုင်၊ သိုလှောင်ကန်စခန်း ခြောက်ခု၊ ရေယာဉ် ၁၂ စီးအတွက် ရေယာဉ်တွေကို စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တွေကို ပုဂ္ဂလိကကို ထုတ်ပေးထားပြီးပါပြီ။ ဒါ့အပြင် ဓာတ်ဆီ၊ ဒီဇယ်ဆီတင်သွင်းတဲ့ ပုဂ္ဂလိကကုမ္ပဏီပေါင်းက ၄၀၆ ဦးအထိ ရှိနေပါပြီ။ Pioneer Services နဲ့ National Puma Energy Aviation Service ကုမ္ပဏီနှစ်ခုကို လေယာဉ်ဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တွေ ထုတ်ပေးထားပါတယ်။ ပုဂ္ဂလိကကိုချထားပေးတဲ့ အရောင်းဆိုင်စာရင်းကို မှတ်တမ်းပြုစုထားပါတယ်။ (ဇယား-၁)


အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်း

**မေး။ ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးတဲ့အပိုင်းမှာရော စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ချက်တွေအကြောင်း ပြောပြပေးပါရှင့်။**

ဖြေ။ ရေနံဓာတ်ငွေ့ရည်ကို ထင်းအစားထိုး မီးဖိုချောင်သုံးလောင်စာအပြင် သယ်ယူပို့ဆောင်ရေးနဲ့ အခြားကဏ္ဍတွေမှာ ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်ဖို့ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာ့တိုင်းရင်းသားလုပ်ငန်းရှင်တွေကို တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခွင့် ပြုခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ ညောင်တုန်း၊ မင်းဘူးနဲ့ အရာတော်တို့မှာ ရေနံဓာတ်ငွေ့စက်ရုံတွေ ရှိပါတယ်။ ဒါပေမယ့် ကုန်းတွင်းပိုင်း ဓာတ်ငွေ့ထုတ်ဖော်ခြင်းကနေ ဖမ်းယူပြီး အရည်ပြုလိုက်တဲ့အခါ တကယ်အသုံးဝင်တဲ့ ဓာတ်ငွေ့ရတာက ပြည်တွင်းမှာ လုံလောက်မှုမရှိပါဘူး။

ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ သစ်တောပြုန်းတီးမှုတွေကို တားဆီးလျှော့ချဖို့ ရည်ရွယ်တဲ့အတွက် ပြည်ပကတင်သွင်းဖြန့်ဖြူးတာလည်းဖြစ်ပြီး လက်ရှိမှာ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် (က)အဆင့် လိုင်စင်ရရှိတဲ့ တိုင်းရင်းသားကုမ္ပဏီခုနစ်ခုနဲ့ သိုလှောင်ခွင့်မရှိဘဲ တင်သွင်း၊ ဖြန့်ဖြူးခွင့်ရရှိတဲ့ (ခ)အဆင့် လိုင်စင်ခြောက်ခုကို ဝန်ကြီးဌာနက ခွင့်ပြုထားခဲ့ပါတယ်။ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ် ထိန်းသိမ်းရေးနဲ့ ကျေးလက်ဒေသအထိ တွင်ကျယ်စွာ ရောက်ရှိအသုံးပြုဖို့အတွက် ဖေဖော်ဝါရီ ၂၅ ရက်ကတင် မြန်မာ့ရေနံနဲ့ ဓာတုဗေဒလုပ်ငန်းနဲ့ စင်ကာပူအခြေစိုက် Ava Kahyasi Investments Pte ကုမ္ပဏီ၊ တိုင်းရင်းသားကုမ္ပဏီနှစ်ခုဖြစ်တဲ့ SAME Sky နဲ့ Guiding Star ကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းပြီး ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးတာတွေ ပူးပေါင်းဆောင်ရွက်မယ်။ နောက်အစိုးရလက်ထက်မှာလည်း ကျွန်တော်တို့လုပ်ငန်းတွေက တစ်ဆင့်ချင်းသွားရမယ့် သဘောအတိုင်း ဆက်သွားနေမှာဖြစ်ပါတယ်။ ပူးပေါင်းတဲ့အပိုင်းတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင် အနည်းဆုံးတစ်ဦး ပါဝင်လုပ်ဆောင်ရမှာဖြစ်တဲ့အပြင် Public Private Partnership အနေနဲ့သွားရမှာ ဖြစ်ပါတယ်။

**မေး။ စက်သုံးဆီဈေးနှုန်းတွေက ဈေးကွက်မှာစတင်ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ရာနှုန်းပြည့်ဆိုင်တိုင်းတော့ မဟုတ်သေးပါဘူး။ စက်သုံးဆီဈေးနှုန်းထိန်းချုပ်မှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ စက်သုံးဆီဆိုင်တွေကို ပုဂ္ဂလိကကို ချထားပေးတဲ့အချိန်ကစပြီး ဈေးနှုန်းသတ်မှတ်ရောင်းချတဲ့အပိုင်းတွေကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးထားခဲ့ပါတယ်။ ဈေးနှုန်းတွေကို မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးရေးအသင်းက လုပ်ငန်းရှင်အသင်းဝင်တွေ အချင်းချင်း ထိန်းညှိပြီး ဈေးနှုန်းကို သတ်မှတ်ရောင်းချပေးနေတာဖြစ်ပါတယ်။ သို့သော် အဓိက တင်သွင်းတာက စင်ကာပူက ဖြစ်နေတော့ ငွေကြေးဈေးနှုန်းအလိုက် ကွာခြားမှုတွေရှိလာတယ်။ အခုနောက်ပိုင်းမှာ ဈေးနှုန်းတွေကို ငွေကြေးဈေးနှုန်းနဲ့ တစ်သမတ်တည်းဖြစ်အောင် သတင်းစာကနေ နေ့စဉ်၊ အပတ်စဉ် ကြေညာပေးနေပါတယ်။ ဆိပ်ကမ်းအရောက်ဈေးတွေနဲ့ သယ်ယူစရိတ်၊ သိုလှောင်စရိတ်တွေပေါင်းစပ်ပြီး ဈေးနှုန်းအပြောင်းအလဲတွေတော့ရှိပါတယ်။ ဒါ့အပြင် ရေနံထွက်ပစ္စည်း သိုလှောင်ကြီးကြပ် ထိန်းသိမ်းရေးကော်မတီကနေ ကြီးကြပ်ပြီး ဈေးနှုန်းကြီးမြင့်ရောင်းချနေတဲ့ ဆိုင်တွေကို သတိပေးတာတွေ၊ အရည်အသွေးစိစစ်တာတွေနဲ့ အရေးယူတာမျိုးတွေကို လုပ်ဆောင်ပေးနေပါတယ်။

**မေး။ အနာဂတ်မှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ ဆက်ပြီးလုပ်ဆောင်သွားမယ့် တာဝန်တွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် ထုတ်ကုန်တွေကို နိုင်ငံပိုင်အနေနဲ့ထားမယ်။ ကျန်တာတွေကို ပုဂ္ဂလိကကို လွှဲပြောင်းမယ်ဆိုတဲ့ မူဝါဒနဲ့ဆောင်ရွက်လာခဲ့တာ ၂၀၁၀ ပြည့်နှစ်ကတည်းကဖြစ်ပါတယ်။ ဥပမာပြောရရင် ပြည်တွင်း သဘာဝဓာတ်ငွေ့လိုအပ်ချက်ဆိုရင် ပြည်ထောင်စုအပိုင်းကပဲ တင်သွင်းဖြန့်ဖြူးပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကနေ လုပ်ငန်းတင်ပြမှုတွေကိုလည်း ခွင့်ပြုထားတာ မရှိပါဘူး။ အမျိုးသားစီမံကိန်းနဲ့အညီ ဆက်လက်ပြီးတော့လည်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးဖို့ အားပေးသွားမှာဖြစ်သလို နိုင်ငံတော်ရဲ့ လိုအပ်ချက်၊ ထွက်ရှိမှုအခြေအနေနဲ့ ပြန်လည်ထုတ်လုပ်ရောင်းချမှု အားလုံးကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နေပါတယ်။ လက်ရှိမှာ အစိုးရအဖွဲ့သစ်ကို လွှဲပြောင်းပေးဖို့လည်း အချိန်နီးလာပြီး ဒုတိယအကြိမ်လွှတ်တော်သစ်ကလည်း စတင်ချိန်မှာ စွမ်းအင်ဝန်ကြီးဌာနကလည်း မူလကချမှတ်ထားခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို ဆက်လက်တာဝန်ယူသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့အတူ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်းကြောင့် ပြန်လည်လိုအပ်နေသည့် စက်သုံးဆီအပါအဝင် အခြားလောင်စာများကိုလည်း တင်သွင်းအသုံးပြုနေကြရသည်။ ယခုအခါ ပုဂ္ဂလိကစွမ်းအားစုများကို မြှင့်တင်ပေးလျက်ရှိပြီး ပြည်ပ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အားကောင်းမှုမှသည် ပြည်တွင်းစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ဇယား(၁)

## ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများသို့ လွှဲပြောင်းရောင်းချခဲ့သည့် စက်သုံးဆီအရောင်းဆိုင်များ

| စဉ် | ကုမ္ပဏီအမည် | လွှဲပြောင်းရောင်းချခဲ့သည့် အရောင်းဆိုင် |
|---|---|---|
| ၁ | Regency Material Ind Co., Ltd. | ၂၄ |
| ၂ | နီလာရိုးမကုမ္ပဏီလီမိတက် | ၁၄ |
| ၃ | Eden Group Co., Ltd. | ၁၆ |
| ၄ | Max Energy Co., Ltd. | ၁၂ |
| ၅ | ဧရာရွှေဝါကုမ္ပဏီလီမိတက် | ၁၃ |
| ၆ | ရွှေဖျိုင်းဖြူ | ၁၆ |
| ၇ | New Day Energy | ၁၉ |
| ၈ | ရာဇာမင်းကုမ္ပဏီလီမိတက် | ၄ |
| ၉ | အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက် | ၁၇ |
| ၁၀ | မြဝတီထရေးဒင်း | ၁၄ |
| ၁၁ | ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ | ၁၄ |
| ၁၂ | မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် | ၁၁ |
| ၁၃ | ရွှေသံလွင်ကုမ္ပဏီလီမိတက် | ၁၃ |
| ၁၄ | အထွတ်အထိပ်ကုမ္ပဏီလီမိတက် | ၁၂ |
| ၁၅ | ကောင်းမွန်ကုမ္ပဏီ | ၈ |
| ၁၆ | Myanmar Naing Group Co., Ltd. | ၇ |
| ၁၇ | ကောင်းဇော်ဟိန်းကုမ္ပဏီ | ၅ |
| ၁၈ | ဦးခွန်အောင်ထွန်း (MTA တပ်မဟာ-၈) | ၅ |
| ၁၉ | ငါးလုပ်ငန်းနှင့် ပင်လယ်ထွက်ကုန်များ | ၆ |
| ၂၀ | ယုဇနကုမ္ပဏီ | ၆ |
| ၂၁ | ကေတုမတီကုမ္ပဏီ | ၃ |
| ၂၂ | အင်းပေါက်ဝကုမ္ပဏီလီမိတက် | ၂ |
| ၂၃ | Silver Wave | ၃ |
| ၂၄ | ဒဂုံအင်တာနေရှင်နယ် | ၃ |
| ၂၅ | ဒေါ်အေးအေးတင့် | ၁ |
| ၂၆ | ဒေါ်မမကြီး | ၁ |
| ၂၇ | Myanmar Might Industrial Co., Ltd. | ၂ |
| ၂၈ | ကချင်အထူးဒေသ(၁) (ဦးစခုန်တိန်ယိန်း) | ၁ |
| ၂၉ | ဦးနေရွှေသွေးအောင် | ၂ |
| ၃၀ | IGE Co., Ltd. | ၁ |
| ၃၁ | ရွှေပိုးဝါကုမ္ပဏီ (ဦးအာဒီးဆာ) | ၁ |
| ၃၂ | ဦးတင်မြင့် | ၁ |
| ၃၃ | ဦးတင်အောင်ဦး | ၁ |
| ၃၄ | ဦးသန်းထွန်း | ၁ |
| ၃၅ | ဒေါ်ခင်မိမိနိုင် | ၁ |
| ၃၆ | DKBA ဗဟိုဌာနချုပ် (ဦးသာထူးကျော်) | ၁ |
| | စုစုပေါင်း | ၂၆၁ |

## ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်အတိအကျ သတ်မှတ်နိုင်ရေးဆောင်ရွက်

ဖလမ်း ဖေဖော်ဝါရီ ၂၆

ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်းပေါင်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သက်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ် စိန်တုမ့်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက နယ်နိမိတ်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ တီးခိန်းဇုန်၊ ဟားခါးလေးကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် နေပြည်တော် မြေတိုင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် အဖွဲ့တို့က ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်အတိအကျ သတ်မှတ်နိုင်ရေး ခေတ်မီစက်ကိရိယာများနှင့် တိုင်းတာတွက်ချက်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီးများ ပြောင်းရွှေ့ကျေးရွာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ထွန်းထွန်းနောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် ပြီးခဲ့သည့် မိုးရာသီအတွင်းက မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံ ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သဖြင့် ပြန်လည်နေရာချထားပေးသည့် တမူးခရိုင်အတွင်းရှိ ပြောင်းရွှေ့ကျေးရွာများအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တမူးခရိုင် တမူးမြို့နယ် မင်းသမီးပြောင်းရွှေ့ကျေးရွာသစ်သို့သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် မင်းသမီးပြောင်းရွှေ့ကျေးရွာသစ်အတွင်း လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မင်းသမီး ပြောင်းရွှေ့ကျေးရွာသစ်သည် မြေဧရိယာအကျယ် ၁၄၁ ဒသမ ၀၇ ဧကပေါ်တွင် မြေကွက်များ ဖော်ထုတ်ကာ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် လူနေအိမ်အလုံး ၁၈၀ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး၏ အစီအစဉ်ဖြင့်လည်း လူနေအိမ် ၁၆၆ လုံး ထပ်မံဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနှင့် စုစုပေါင်း ၃၄၆ လုံး ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ကနန်ပြောင်းရွှေ့ကျေးရွာသစ်သို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ပြောင်းရွှေ့ကျေးရွာသစ်အတွင်း လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကနန်ပြောင်းရွှေ့ကျေးရွာသစ်သည် မြေဧရိယာအကျယ် ၁၇ ဒသမ ၇၂ ဧကပေါ်တွင် မြေကွက်များ ဖော်ထုတ်ထားကြောင်းနှင့် စေတနာရှင်ပြည်သူများ အစီအစဉ်ဖြင့် လူနေအိမ် စုစုပေါင်း ၁၀၁ လုံးကို ဆောက်လုပ်ပေးခဲ့ပြီး တိုင်းဒေသကြီးအစီအစဉ်ဖြင့် လူနေအိမ် ၂၄ လုံးကိုလည်း ထပ်မံဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။**

**အဆိုပါပြောင်းရွှေ့ကျေးရွာများ ဆောက်လုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီ၏ ညွှန်ကြားမှုဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။** (သတင်းစဉ်)



## သတ်မှတ်ချက်တွေ ရှိပါသလား။

*စာမျက်နှာ ၁၀ မှ*

မြေ၊ နိုင်ငံတော် စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို နည်းဥပဒေများပြဋ္ဌာန်းသတ်မှတ်ပြီး မြေငှားဂရန်များချထားပေးရန်နှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ ၁၆ မှာတော့ နည်းဥပဒေအရ သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် အကျိုးခံစားခွင့်များနှင့်အတူ မြေငှားဂရန် မြေငှားစာချုပ်များ ထုတ်ပေးနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကို မြေငှားဂရန်ထုတ်ပေးရာတွင် လူနေထိုင်ရန်အတွက်သော် လည်းကောင်း၊ အဆောက်အအုံ ဆောက်လုပ်ရန်အတွက်သော် လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်သော်လည်းကောင်း အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ၅၁၊ အောက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ၃၇(က) တို့အရ မြေငှားဂရန် ထုတ်ပေးနိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အတွက်တော့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ၅၁ (ခ)မှ (ဃ) အထိ သီးခြားနည်းဥပဒေတွေ ထုတ်ပြန်ပြဋ္ဌာန်းထားပါတယ်။

**မေး ။ မြေငှားဂရန်ထုတ်ပေးရာမှာ စည်းကမ်း**

**ဖြေ ။** အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေအခန်း(၂)၊ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေအခန်း(၇)နဲ့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေအခန်း(၆) တို့မှာ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို အဆောက်အအုံဆောက်လုပ်ရန်၊ လူနေထိုင်ရန် သို့မဟုတ် စက်မှုလက်မှု စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် စည်းကမ်းသတ်မှတ်ချက်တွေနဲ့ မြေငှားစာချုပ် ထုတ်ပေးနိုင်ဖို့ နည်းဥပဒေတွေကို ပြဋ္ဌာန်းထားပါတယ်။

အဆောက်အအုံဆောက်လုပ်ပြီး လူနေထိုင်ဖို့ မြေငှားဂရန်လျှောက်ထားလာရင် လူနေထိုင်ဖို့အတွက် မြေငှားဂရန်စာချုပ်ထုတ်ပေးပါတယ်။ လူနေထိုင်ဖို့အတွက်သာ အသုံးပြုနိုင်ပါတယ်။ စက်မှုလက်မှု လုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့ လျှောက်ထားရင် လျှောက်ထားတဲ့ ရည်ရွယ်ချက်အတိုင်းသာ လုပ်ကိုင်နိုင်ဖို့အတွက် စက်မှု/ စီးပွားမြေငှားဂရန် စာချုပ်ထုတ်ပေးပါတယ်။ ဂရန်စာချုပ်မှာ သတ်မှတ်ဖော်ပြထားတဲ့ စည်းကမ်းသတ်မှတ်ချက်များအတိုင်းသာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့။ အခုလို ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။



**ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၂၅ ရက်က စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ပေးစဉ်။** (၂၀၁၆ ခုနှစ် မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၂ ရက်မှစပြီး စာမေးပွဲရက်မတိုင်မီ ထုတ်ယူနိုင်ကြောင်းသိရသည်။) **(မြန်မာ့အလင်း)**

## ဆရာကြီး ဦးမြင့်ဦး (မောင်လင်းယုန်-ရှမ်းပြည်)ကွယ်လွန်



**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာစာပေလောက၏ ၁၉၅၀ပြည့်နှစ်နောက်ပိုင်း စာပေလှုပ်ရှားမှုများတွင် ထင်ရှားခဲ့သော ကဗျာဆရာတစ်ဦးလည်းဖြစ် ဘာသာပြန်စာပေရေးသားသူ တစ်ဦးလည်းဖြစ်သော ဆရာကြီး ဦးမြင့်ဦး (မောင်လင်းယုန်-ရှမ်းပြည်)သည် ယနေ့ ၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက် သောကြာနေ့ (၂၆-၂-၂၀၁၆) မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားသဖြင့် မြန်မာ့စာပေလောကအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ခုဖြစ်သည်။ ဆရာကြီးသည် ကွယ်လွန်ချိန်တွင် အသက် (၈၃)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

ဆရာကြီး ဦးမြင့်ဦး (မောင်လင်းယုန်-ရှမ်းပြည်)ကို ဦးဘစိမ်း-ဒေါ်သန်းတင်တို့က ရှမ်းပြည်နယ် လွိုင်မွေမြို့၌ ၁၂၉၄ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (၂-၂-၁၉၃၃)တွင် မွေးဖွားခဲ့ပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မူလတန်းမှ အထက်တန်းအထိ ပညာသင်ယူခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်ဆရာအတတ်သင်သိပ္ပံ၌ နှစ်နှစ်ပညာသင်တက်ရောက်ပြီး ဒီပလိုမာရရှိခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ပင်းတယစာသင်ကျောင်းတွင် ကျောင်းဆရာအဖြစ် တစ်နှစ်ကျော်လုပ်ကိုင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်၍ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် (IR) ဝိဇ္ဇာဘွဲ့ရရှိခဲ့ကာ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဘာသာပြန်ဌာန ဆရာဦးဝန် (မင်းသုဝဏ်) လက်အောက်တွင် ဘာသာပြန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်မှစ၍ ဆိုဗီယက်သံရုံးတွင် ဘာသာပြန်ဆက်ဆံရေးအရာရှိအဖြစ် ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ် ကလောင်ရှင် အသင်းဝင်အဖြစ် တက္ကသိုလ်မဂ္ဂဇင်းနှင့် တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတို့တွင် ကဗျာနှင့် ပြဇာတ်များရေးသားခဲ့သည်။ မူလကလောင်အမည်မှာ လင်းယုန်ပျို (ရှမ်းပြည်) ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်သို့ရောက်သောအခါ 'မြကျွန်းသာကဗျာများနှင့် စစ်မုန်းသူကဗျာစုများ' ရေးသားရာတွင် မောင်လင်းယုန်(ရှမ်းပြည်) အမည်ဖြင့် ပြောင်းလဲရေးသားခဲ့သည်။ 'သံသယ' ကဗျာအား အခြေခံပညာအလယ်တန်း သင်ရိုးညွှန်းတမ်းတွင် ပြဋ္ဌာန်းခံရသည်။ အဝေးသင်တက္ကသိုလ် မြန်မာစာပြဋ္ဌာန်းချက်တွင် 'ဟေဇယ်ရှက်တယ်မာမီရယ်' ပြဇာတ်အား ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။ မောင်တင်မြိုင်(အင်းလေး)နှင့် 'ရှမ်းရိုးမ ကဗျာများ' လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ ဂျက်လန်ဒန်၏ ဝတ္ထုတိုပေါင်းချုပ်ကို 'စွမ်းသူ့အားမာန်' အမည်ဖြင့် ၁၉၇၁-၁၉၇၂ တွင် ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။ ငယ်ဇန်တွိုင်း (ဇာနည်ချစ်လင်) ဘာသာပြန်စာအုပ်နှင့် 'အားသစ်အင်သစ် စွမ်းမာန်သစ်' ပြဇာတ်ပေါင်းချုပ်စာအုပ်ကို ထုတ်ဝေခဲ့သည်။ တိုင်းရင်းသားချင်းရင်းနှီးချစ်ကြည်ရေးရည်ရွယ်ချက်ဖြင့် တင်ဆက်ခဲ့သော'ပွင့်ဦးမြေခ ကြွေလင့်ရလေပြီ' ပြဇာတ်မှာ လေး-ငါးနှစ်ကြာကပြဖျော်ဖြေခဲ့ရသည်။ အမှတ် (၇-ဘီ) နံ့သာမြိုင် (၁) လမ်း နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် မိသားစုနှင့်နေထိုင်ရင်း ကွယ်လွန်ချိန်အထိ စာပေများရေးသားခဲ့သူဖြစ်သည်။ **(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသည့် "ဖိုးဂျီဆက်သွယ်ရေး ကွန်ရက်ကိုရဖို့ လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေဟာ အစိုးရအကူးအပြောင်းနဲ့ သက်ဆိုင်မှုမရှိပါဘူး" တွေ့ဆုံမေးမြန်းသတင်းတွင် စာမျက်နှာ ၁၀၊ ကော်လံ ၄ ၌ "လုပ်ငန်းစဉ်တွေအားလုံးက ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှာပြီးစီးပြီး စတင်လေလံရယူနိုင်မယ်လို့ ခန့်မှန်းပါတယ်" **အစား** "လုပ်ငန်းစဉ်တွေအားလုံးက ၂၀၁၆ ခုနှစ်၊ နှစ်လယ်ပိုင်းမှာပြီးစီးပြီး စတင်လေလံရယူနိုင်မယ်လို့ ခန့်မှန်းပါတယ်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

# သံတွဲမြို့၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်




**သံတွဲ ဖေဖော်ဝါရီ ၂၆**

သံတွဲမြို့အမှတ် (၇)ရပ်ကွက် ဘုရင့်နောင်လမ်းရှိသံတွဲ နှစ်ခြင်းအသင်းတော် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ယနေ့ညနေ ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါမီးလောင်မှုကို သံတွဲမြို့နယ်မီးသတ်တပ်ဖွဲ့ ခရိုင်ဦးစီးမှူး ဦးမင်းဟန်၊ မြို့နယ်ဦးစီးမှူး ဦးနေလင်းကျော် ဦးဆောင်၍ မီးသတ်ယာဉ်လေးစီး၊ ဌာနဆိုင်ရာ ရေသယ်ယာဉ်နှစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ပြည်သူများပူးပေါင်းမီးငြိမ်းသတ်ရာ ညနေ ၄ နာရီတွင် မီးညွန့်ကျိုးပြီး ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဘုရားကျောင်းအဆောက်အအုံ အလျား ၇၅ ပေ ၊ အနံ ၃၅ ပေ၊ အမြင့် ၂၅ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်စဉ်မှာ ဒါးမိန်းမှ ဝိုင်ယာရှော့ဖြစ်၍ လောင်ကျွမ်းခြင်းဖြစ်ပြီး မီးပေ့ါဆစွာ အသုံးပြုသည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသင်းအုပ်ဆရာ ဦးဟန်မြင့် (၅၂ နှစ်)ကို သံတွဲမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါး တွေ့ရှိမှုနှင့်ဆက်နွယ်၍ ပြစ်မှုကျူးလွန်သူများ ဆက်လက်ဖမ်းဆီးရမိ

**ကသာ ဖေဖော်ဝါရီ ၂၆**

ကသာခရိုင် မြို့မရဲစခန်းမှရဲအုပ်အောင်အောင်သန်း၊ ရဲအုပ်မင်းသန်းထိုက်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၂၃ ရက်က ကသာအကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးပေးပို့ခဲ့သော ကွင်းဆက်ပြစ်မှုကျူးလွန်သူနှစ်ဦးဖြစ်သည့် ဒေါ်ကြည်သာနှင့် မောင်ထူးတို့ကို စည်သူတည်းခိုခန်း၌ တည်းခိုနေကြောင်း သိရသဖြင့် တည်းခိုခန်းအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ မောင်ထူး၏ဝဲဖက်ချိုင်းအတွင်း ဘိန်းဖြူအလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ကြည်သာနှင့်မောင်ထူး ဗန်းမောက်မြို့နယ်နေသူ **(အောက်ပုံ)**တို့ကို ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြသက်ထား**



# ၁၂ ဘီးယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိရာမှ နှစ်ဦးသေဆုံး

**မော်လူး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပေကုန်းကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီခန့်က ၁၂ဘီးယာဉ်နှင့် ဆိုင်ကယ်တို့ လမ်းလယ်၌ မျက်နှာချင်းဆိုင်တိုက်မိရာ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားဘက်မှ ရွှေဘိုဘက်သို့ သူရဇော် မောင်းနှင်သည့် ၁၂ ဘီးယာဉ်နှင့် ရွှေဘိုဘက်မှ မြစ်ကြီးနားဘက်သို့ ယာဉ်မောင်း သမ်ဇော်နှင့် နောက်မှ မစီမာကော့နှင့်ဇွတ်အောင်တို့ နှစ်ဦးလိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်တို့ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၆၇/၀)နှင့်(၁၆၇/၁)ကြား ပေကုန်းကျေးရွာအနီး၌ မျက်နှာချင်းဆိုင်တိုက်မိရာ သမ်ဇော်နှင့် မစီမာကော့တို့နှစ်ဦးမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့သည်။

ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းသူ ဇွတ်အောင်မှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိ၍ ကချင်ပြည်နယ် မိုးညှင်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးနယ်မြေရဲကင်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ-မော်လူး**

# ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မန္တလေး(တောင်ပိုင်း) မူးယစ်တပ်ဖွဲ့စု(၁၈)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ၆၄ လမ်းနှင့် ငုပြာလမ်းထောင့် အိမ်အမှတ်(တ-၅/၇၂)နေ ခင်မောင်မြင့်၏နေအိမ်ကိုရှာဖွေရာ မီးခံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၅၀၊ ငွေကျပ်သိန်း ၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊ (၈၁×၈၂) လမ်းကြား အကွက်အမှတ်(၁၆၃)၊ ဆန်ဂိုဒေါင်ဝင်းနေ ရန်ဖူယုံ၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြားလေးပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။ အလားတူ တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် တန့်ယန်း-မိုင်းကောင်သွားကားလမ်း သရက်ခြံအနီးတွင် အိုက်လွှမောင်းနှင်ပြီး အိုက်ကော့လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၉ ကီလို နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်၌ ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင် အမြန်လမ်းမိုင်တိုင်အမှတ် ၈၇/၂ ဖာလုံအနီးတွင် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့မောင်းနှင်လာသော 3I/---- Alphart အမျိုးအစားယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ဖြတ်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ထွန်းထွန်းဦးနှင့် မြို့ချောင်းအမြန်လမ်းမီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးဇော်ရဲနိုင်နှင့် အဖွဲ့သွားရောက်ကြည့်ရှုစစ်ဆေးရာ ယာဉ်ပေါ်နှင့် အနီးပတ်ဝန်းကျင်တွင် တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရဘဲ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ **(ဝဲပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**


## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ် ၄၀၄/က တွင် နေထိုင်သူ ဒေါ်မြခင်(ခ) ဒေါ်ချန်ဒရာဒေဗီ ၈/မကန(နိုင်)၁၀၉၁၉၁၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးစိုင်းကျော်နီအောင် ၁၃/မဆတ(နိုင်) ၀၀၆၉၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၄×၆၅ ကြား၊ ၂၆(ဘီ)လမ်းရှိ အကွက်အမှတ်(၈၀၁)၊ ဦးပိုင်အမှတ်(၁)၊ ၁ ဒသမ ၃၂၅၉ဧကရှိ ဘိုးဘွားပိုင်မြေကွက်အား မှတ်ပုံတင်အပေးစာချုပ်ဖြင့် ဒေါ်မြခင်(ခ) ဒေါ်ချန်ဒရာဒေဗီ အမည်ပေါက်ပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ ၂၁-၅-၁၉၉၁ရက်စွဲဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ သိမ်းဆည်းခံခဲ့ရပါသည်။ မန္တလေးခရိုင် အုပ်ချုပ်ရေးဦးစီးဌာန၏ ၂၃-၂-၂၀၁၆ ရက်စွဲပါ ဂရန်အမှုတွဲအမှတ် ၄၇/၂၀၁၅-၂၀၁၆အမှတ်ပါ အများသိစေရန် ကြေညာချက်အရ ဒေါ်မြခင်(ခ)ချန်ဒရာဒေဗီအမည်ဖြင့် ပြောင်းလဲသတ်မှတ်မည့်ကိစ္စအား သိရှိရပါသည်။ ခရိုင်ဦးစီးဌာနသို့ ၁/၂ ကိုးဦး ၁(မတဉ)(၁၀၅၀)(၉-၂-၂၀၁၆)ရက်စွဲဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၏ အကြောင်းကြားစာအရ ဒေါ်မြခင်(ခ)ချန်ဒရာဒေဗီ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမြတ်သူအား အထူးဂရန်ထုတ်ပေးဆောင်ရွက်သွားရန် ဖော်ပြထားသဖြင့် ဒေါ်မြခင်(ခ)ချန်ဒရာဒေဗီမှ ဦးစိုင်းကျော်နီအောင် တစ်ဦးတည်းသို့သာ အထွေထွေကိုယ်စားလှယ်လွှဲစာပေးထားခြင်းဖြစ်ကြောင်းနှင့် ၂၂-၂-၂၀၁၆ရက်စွဲပါ မှတ်ပုံတင်အမှတ် ၃၀၉/၂၀၁၆ ကတိသစ္စာပြုလွှာအရ ဦးစိုင်းကျော်နီအောင်တစ်ဦးတည်းသာလျှင် လုပ်ဆောင်ပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဒေါ်ချန်ဒရာဒေဗီ ဦးစိုင်းကျော်နီအောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**စစ်ကိုင်းဦးငွေသန်း**
**(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၂၇၇၄/၈၄**
**အမှတ် ၉/၁၁၊ လေးလွှာ၊ အခန်း(၃၀၆)**
**၃၆ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့**

**ဒေါ်စိမ်းစိမ်း**
**(အထက်တန်းရှေ့နေ)**
**စဉ်-၃၆၆၄၄/၂၀၁၁**
**၇၅/၁၄၊ ဒေစီလမ်း၊**
**ဦးကြီးခမ်းရပ်၊ တောင်ကြီးမြို့**

**မွေးသက္ကရာဇ် အမှန်**

ဦးမြငွေး၏သား မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကျစ်ကိုင်းကျေးရွာမှ မောင်ကျော်သူရိန်ငွေး ၈/ပဖန(နိုင်)၁၄၇၈၁၈၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၄-၁၉၉၆ ဖြစ်ပါကြောင်း။

## မန္တလေး ခြံနှင့်တိုက်ရောင်းမည်

၇၄လမ်း၊ ၃၁လမ်း၊ ၃၂လမ်းကြား၊ ဆေးတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်၊ ချမ်းအေးသာဇံမြို့နယ်၊ ပေ ၅၀×၆၅ပေ လေးထပ်တိုက် အမည်ပေါက်ကိုယ်တိုင်ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၃၃၃၆၈၀**
**၀၉-၇၈၆၆၇၁၈၁၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် ၃၇ နေ ဒေါ်ဇော်လေးခင် ၁၂/တမန(နိုင်) ၀၈၆၅၂၉၏သား ဦးစိန်မြင့် ၁၂/တမန(နိုင်)၁၁၈၅၂၂သည် မိခင်နှင့်အစ်မ၊ ညီမများခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုလုပ်သွားပြီး မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင် ဒေါ်ဇော်လေးခင်**

# အင်္ဂလန်အသင်းများ အောင်ပွဲခံသည့် ယူရိုပါလိဂ်ဒုတိယအကျော့ပွဲစဉ်

သီဟ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၅ ရက် (ကြာသပတေးနေ့)ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းများ အိမ်ကွင်း၌ အနိုင်ရရှိခဲ့သည်။ အင်္ဂလန်ကလပ် မန်ယူနှင့် ဒိန်းမတ်ကလပ် မစ်ဂျယ်လန်းပွဲစဉ်တွင် မန်ယူအသင်း ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ အင်္ဂလန်ကလပ် လီဗာပူးနှင့် ဂျာမန်ကလပ် အော့စ်ဘတ်ပွဲတွင် လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အင်္ဂလန်ကလပ် စပါးနှင့် အီတလီကလပ် ဖီအိုရင်တီးနားပွဲတွင် စပါးအသင်း သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မန်ယူအသင်းသည် ပထမအကျော့ အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ယနေ့ပွဲ အိမ်ကွင်း၌ နည်းပြ ဗန်ဟားလ်သည် ၄-၂-၃-၁ ပုံစံဖြင့်သာ ပွဲထွက်လာခဲ့သည်။ ဧည့်သည် မစ်ဂျယ်လန်းအသင်းသည် ၄-၁-၄-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစပြီး ပွဲချိန် ၂၇ မိနစ်တွင် ကွင်းလယ်ကစားသမား ဆစ်တိုက မစ်ဂျယ်လန်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် မစ်ဂျယ်လန်း နောက်တန်းကစားသမား ဘိုဒူရော့ဗ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် မန်ယူအသင်း ချေပဂိုးရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၃ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီ ကန်ခွင့်ရပြီး ကွင်းလယ်ကစားသမား မာတာသွင်းယူခဲ့ရာ ဂိုးမရရှိခဲ့ပေ။

ဒုတိယပိုင်း ၆၃ မိနစ်တွင် မာတာက ပြန်လည်ဖန်တီးပေးပြီး မန်ယူတိုက်စစ်မှူး မားကပ်ရက်ချ်ဖော့က မန်ယူအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် မားကပ်ရက်ချ်ဖော့က မန်ယူအတွက် တတိယမြောက်ဂိုး ထပ်မံသွင်းယူခဲ့ပြီး ၈၇ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရှိခဲ့ရာ ကွင်းလယ်ကစားသမား ဟာရဲရားက သွင်းယူခဲ့သည်။ ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဒီပေးက မန်ယူအတွက် ပဉ္စမမြောက်ဂိုးကို သွင်းယူခဲ့ပြီး မန်ယူအသင်း ယူရိုပါလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

တခြား ပွဲစဉ်များဖြစ်သော အင်္ဂလန်ကလပ် လီဗာပူးနှင့် ဂျာမန်ကလပ် အော့စ်ဘတ်ပွဲတွင် ပွဲစပြီး ပွဲချိန် ၅ မိနစ်တွင် လီဗာပူးအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ရာ ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာက သွင်းယူခဲ့သည်။ လီဗာပူးအသင်းသည် အစောပိုင်း သွင်းဂိုးတစ်ဂိုးတည်းဖြင့်သာ အနိုင်ရရှိခဲ့ပြီး ထပ်မံဂိုးမသွင်းနိုင်ခဲ့ပေ။

အင်္ဂလန်ကလပ်စပါးနှင့် အီတလီကလပ် ဖီအိုရင်တီးနားပွဲစဉ်တွင် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး အိမ်ရှင်စပါးအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့်လည်းကောင်း၊ ဧည့်သည် ဖီအိုအသင်းသည် ၄-၃-၃ ကစားကွက်တို့ဖြင့်လည်းကောင်း ပွဲထွက်ခဲ့ကြသည်။ စပါးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် ကွင်းလယ်ကစားသမား ရိုင်ယန်မာဆန်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၆၃ မိနစ်တွင် ကွင်းလယ်ကစားသမား လာမယ်လာ၊ ပွဲချိန် ၈၁ မိနစ်တွင် ဖီအိုနောက်တန်းကစားသမား ဝွန်ဇာလို၏ အိုဂိုးသွင်းဂိုးတို့ဖြင့် စပါးအသင်းအနိုင်ရကာ ယူရိုပါလိဂ် ၁၆ သင်းအဆင့်သို့ တက်ရောက်ခဲ့သည်။

လိုကိုမိုးတစ်နှင့် ဖီနာဘာချီ တစ်ဂိုးစီသရေကျခဲ့သည်။

ပေါ်တိုနှင့် ဒေါ့မွန်ပွဲတွင် ဒေါ့မွန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မိုလ်ဒီက ဆီဗီလာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

နာပိုလီနှင့် ဗီလာရီးရဲလ်တို့ တစ်ဂိုးစီသရေကျခဲ့သည်။

ဘေဆယ်က စိန့်အီတီယန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗလင်စီယာက ဝီအန်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

စပါတာပရပ်က ခရက်စ်နိုဒါကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လာဇီယိုက သုံးဂိုး-တစ်ဂိုးဖြင့် ဂါလာတာစာရေးကို နိုင်ခဲ့သည်။

ရှော်ကေးက အိမ်ကွင်း၌ ရှက်တာဒိုးနက်ကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဘီလ်ဘာအိုနှင့် မာဆေးပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။

လေဗာကူဆင်က သုံးဂိုး-တစ်ဂိုးဖြင့် စပို့တင်းကို အနိုင်ရခဲ့သည်။

ဘရာဂါနှင့် ဆီယွန်တို့ပွဲတွင် နှစ်ဂိုးစီ သရေကျခဲ့သည်။

အိုလံပီယာကို့စ်က အန်ဒါလက်ချ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-တစ်ဂိုးဖြစ်နေသဖြင့် အချိန်ပိုဆက်လက်ကစားရာ အန်ဒါလက်ချ်က နှစ်ဂိုးထပ်သွင်းပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ၁၆ သင်းအဆင့် တက်ရောက်သွားသည်။



မန်ယူတိုက်စစ်မှူး ဒီပေး ဂိုးသွင်းယူအပြီး ကစားသမားများနှင့် အောင်ပွဲခံနေစဉ်။

# ချင်းယူနိုက်တက် ဒုတိယမြောက်နိုင်ပွဲရရှိ

ညီမြတ်သော်တာ

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ပထမနေ့အဖြစ် Horizon အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ချင်းယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချင်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် ခြေစွမ်းအရ အသာရခဲ့ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသော ဂိုးဖြင့် ဒုတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရမှတ်လေးမှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် Horizon အသင်းမှာ နိုင်ပွဲပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန်တစ်လျှောက်လုံး ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရဘဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပထမပိုင်းတွင် Horizon အသင်းက ကစားပုံပိုကောင်းကာ ဖိကစားနိုင်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ကစားကွက်တည်မရဖြစ်နေပြီး ထိရောက်သည့် ဂိုးသွင်းခွင့်မရရှိခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေကျခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ချင်းယူနိုက်တက်အသင်းသည် ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့ကာ ၆၆ မိနစ်တွင် အနိုင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ရမ်လာကျဲက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ Horizon အသင်း ချေပဂိုးပြန်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

**ယနေ့ပွဲ**

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက်-ရတနာပုံ**

**(သုဝဏ္ဏကွင်း)**

**ဟံသာဝတီ-ဇေယျာရွှေမြေ**

**(အောင်ဆန်းကွင်း)**

**Southern-ရန်ကုန်**

# ယူအီးအက်ဖ်အေ ၁၆ သင်းအဆင့် မဲနှိုက်ရွေးချယ်

၂၀၁၅-၂၀၁၆ ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကိုဖေဖော်ဝါရီ ၂၆ ရက်(သောကြာနေ့) ညနေပိုင်းက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သည်။ အင်္ဂလန်ကလပ် လီဗာပူးနှင့် မန်ယူတို့ တွေ့ဆုံခဲ့ပြီး ဂျာမန်ကလပ်ဒေါ့မွန်နှင့် အင်္ဂလန်ကလပ် စပါး၊ စပိန်နှစ်သင်းဖြစ်သော ဘီလ်ဘာအိုနှင့် ဗလင်စီယာတို့ တွေ့ဆုံခဲ့သည်။ အခြားတွေ့ဆုံသည့် အသင်းများမှာ ယူကရိန်းကလပ် ရှက်တာဒိုးနက်နှင့် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်၊ ဆွစ်ဇာလန်ကလပ် ဘေဆယ်နှင့် စပိန်ကလပ် ဆီဗီလာ၊ စပိန်ကလပ် ဗီလာရီးရဲနှင့် ဂျာမန်ကလပ် လေဗာကူဆင်၊ ချက်ဇ်ကလပ် စပါတာပရပ်နှင့် အီတလီကလပ် လာဇီယို၊ တူရကီကလပ် ဖီနာဘာချီနှင့် ပေါ်တူဂီကလပ် ဘရာဂါတို့ တွေ့ဆုံခဲ့သည်။

၁၆ သင်းအဆင့် ရှုံး/ထွက်ပွဲစဉ်များသို့ ယခုနှစ်ရာသီတွင် ဥရောပထိပ်တန်းလိဂ်များမှ ထူးထူးခြားခြား စပိန်အသင်း လေးသင်းစလုံး တက်ရောက်ခဲ့ပြီး အင်္ဂလန်သုံးသင်း၊ ဂျာမန်နှစ်သင်း၊ အီတလီတစ်သင်းနှင့် ပြင်သစ်အသင်းများ တက်ရောက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၆ သင်းအဆင့် ပထမအကျော့ ရှုံးထွက်ပွဲစဉ်များကို မတ် ၁၀ ရက်တွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။


**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၂)အထက၊ စတုတ္ထတန်း(B)မှ မအိအိချွန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်းဦး ၁/ရကန(နိုင်)၀၄၈၆၄၀ ဖြစ်ပါကြောင်း။ **ဦးမြင့်ထွန်းဦး**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၁-၂-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄တွင်ပါရှိသော အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီးဖြစ်ကြောင်းကြေညာခြင်းကြော်ငြာတွင် တစ်-နှစ်-တစ်အစား ၁-၂-၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စိတ်ပညာမိသားစု (၂၃)ကြိမ်မြောက်**

**“အာစရိယပူဇော်ပွဲနှင့် ကျောင်းသား/သူဟောင်းများ တွေ့ဆုံပွဲ”**

စိတ်ပညာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဘွဲ့လွန်အသုံးချစိတ်ပညာ၊ ဘွဲ့လွန်လူမှုရေးပညာဒီပလိုမာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၈-၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ

**ကျင်းပမည့်နေရာ** - ပန်ဒါဟိုတယ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်

**အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

ဒေါက်တာနီလာကြူ ပါမောက္ခ၊ ဌာနမှူး(စိတ်ပညာဌာန)၊ ရန်ကုန်တက္ကသိုလ်-ဖုန်း-၅၃၇၃၇၅၊ ဒေါ်သက်ထားဝင်း-ဖုန်း-၃၈၇၆၇၈၊ ဦးစောဝေ-ဖုန်း-၅၁၂၇၁၄၊ ဦးတင်ကိုကို-ဖုန်း-၂၄၃၁၅၁၊ ဗိုလ်မှူးကျော်ကျော်(ငြိမ်း) ဖုန်း-၀၉-၅၀၁၉၅၀၀၊ ဦးဝင်းမောင်-ဖုန်း-၀၉-၅၁၇၄၅၂၁၊ ဦးစန်းဝင်း-ဖုန်း-၀၉-၅၀၁၉၁၅၅၊ ဦးမြတ်အေး-ဖုန်း-၀၉-၅၀၀၄၉၄၆၊ ဗိုလ်မှူးလှမြင့်(ငြိမ်း)-ဖုန်း-၀၉-၅၀၀၁၁၂၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲနှင့်**
**ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ**

**7Stars (ရာထူးဝင်သင်တန်းကြီး)**

☆ PGDMA - 17 (ပုံမှန်တန်းခွဲ / အနီးကပ်)

☆ ပြည်တွင်းအခွန်(အငယ်တန်းစာရေး ၊ ရုံးအကူ)

အပြည့်စုံဆုံးမှတ်စုများကို ရောင်းချပေးနေပါပြီ။ နယ်သို့ပို့ပေးသည် ။

တိုက်(18 / 3B) ၊ သမြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြိလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

09.789107733, 09.799860155, 09421052736, 09.780080052

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ မြို့ပြစီမံကိန်းအိမ်ရာ တိုက်(၁)၊ အခန်း ၂၀နေ ဦးခင်ဝင်း ၁၂/ကမရ(နိုင်)၀၄၉၄၂၇-ဒေါ်စုတင် ၁၂/ကမရ(ဧည့်)၀၀၀၀၀၇တို့၏သမီး မသင်းသင်းလှိုင် ၁၂/ကမရ(နိုင်)၀၀၂၆၁၄သည် မိဘခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား မိဘနှင့်မိသားစုဝင်များက လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးခင်ဝင်း-ဒေါ်စုတင်**

**★ နေမင်းခြကြာ ★**

**ရာထူးဝင်သင်တန်းကြီး**

☆ ပြည်တွင်းအခွန်ဦးစီးဌာန

☆ PGDMA ဝင်ခွင့်

➢ မှတ်စုမှတ်တမ်းတွင် အားလုံးထက်သာလွန် ပြည့်စုံစေရမည်ဟု အာမခံသည်။

➢ အားလုံးထက်အစုံလင်ဆုံးမှတ်စုများ နယ်သို့ပို့ပေးသည်။

ဆုံဝမ်းရန် ။ ။ အနော်ရထာအိမ်ရာဝင်းအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊ Ice Berry ရှေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀ ၄၂၂၀၀၊ ၀၉ ၂၅၃၀ ၃၃၉၂၃။

**လေလံတင်ရောင်းချရန် ကြော်ငြာစာ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ဖမ်းဆီးရမိသော သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ပုံစံ (၈)ဝင်ကျွန်းသစ်လုံး(၁)လုံး၊ ၀ဒသမ၇၀၆၂တန်အား အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းသစ်တောဝင်း၊ သစ်တောမွှောရုံတွင် ၁၆-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၈-၃-၂၀၁၆မှ ၁၄-၃-၂၀၁၆ ရက်အထိ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၁-၅၂၈၈၈၅ နှင့် သန်လျင်သစ်တောဦးစီးဌာန ဖုန်း-၀၅၆-၂၁၅၄၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းခရိုင်သစ်တောဦးစီးဌာန**

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၂)အထက၊ အဋ္ဌမတန်း(B)မှ မပန်းရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်းဦး ၁/ရကန(နိုင်)၀၄၈၆၄၀ ဖြစ်ပါကြောင်း။ **ဦးမြင့်ထွန်းဦး**

**ကွာရှင်းပြတ်စဲပြီးစီးခြင်း**

ကျွန်တော် ကိုကျော်မျိုးဝင်း ၉/မခန(နိုင်)၀၀၆၀၄၀နှင့် မသင်းသင်းလှိုင် ၁၂/ကမရ(နိုင်)၀၀၂၆၁၄တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၄-၂- ၂၀၁၆ရက်တွင် အကြင်လင်မယားအဖြစ်မှ သဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကိုကျော်မျိုးဝင်း**

# ရေစကြိုမြို့တွင် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံ



**ရေစကြို ဖေဖော်ဝါရီ ၂၆**

ဆဋ္ဌတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ ရေစကြို တိပိဋက ဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသဦးစီး၍ တည်ဆောက်ခဲ့သော ရေစကြိုမြို့ကျက်သရေဆောင် ဓမ္မကလျာဏီသာသနာ့ဗိမာန်တော်ကြီးတွင် ကိန်းအောင်းမွေ့လျော်သတင်းသုံးတော်မူသော ဗုဒ္ဓမြတ်စွယ်တော်သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီက ရဟန်းရှင်လူမြို့သူမြို့သား၊ နယ်သူနယ်သားအားလုံး ဖူးမြော်နိုင်ရန် ဗုဒ္ဓမြတ်စွာ၏ ကိုယ်ပွားတော်အဖြစ် ရေစကြိုမြို့အတွင်း လှည့်လည်အပူဇော်ခံရာ ရေစကြိုမြို့သူမြို့သားများမှ သာသနာ့ဗိမာန်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အလှူငွေများ လှူဒါန်းပူဇော်ကြသည်။

ဖေဖော်ဝါရီ ၂၃ ရက်ညမှစ၍ သာသနာ့ဗိမာန်တော်ကြီးပေါ်တွင် ဗုဒ္ဓမြတ်စွယ်တော်ကို အဖူးမြော်ခံ ဖွင့်လှစ်ထားမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် နိုင်ကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မြိုင်မြို့နယ် ကျောက်ခွက်ရေနံမြေမြေယာနှင့် သီးနှံလျော်ကြေးပေးချေ

**မြိုင် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်ရေနံမြေရိယာအတွက် ဒေသခံတောင်သူများအား မြေယာလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ဆူးဝင်းကျေးရွာအုပ်စု တောင်စုံကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့်တောင်သူ ၁၀ ဦး တက်ရောက်ပြီး ကျောက်ခွက်ရေနံမြေ၏ တွင်းအမှတ် (၆၇၊ ၆၈၊၂၈၊ ၅၄၊ ၇၊ ၄၄၊ ၄၀) အတွက်အသုံးပြုခဲ့သည့် မြေဧရိယာ အပါအဝင် တောင်သူ ၁၆ ဦး၏ မြေဧရိယာ ၆ ဒသမ ၄၄ ဧက အတွက် မြေယာလျော်ကြေးငွေကျပ် ၉၆၆၀၀၀၀ နှင့် သီးနှံလျော်ကြေး ငွေကျပ် ၁၅၉၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၂၅၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# ဘုတ်ပြင်းမြို့၌ (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပ

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၂၆**

(၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဘုတ်ပြင်းမြို့ စည်ပင်သာယာကွင်း၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ မွန်အမျိုးသားအလံကို လွှင့်တင်ကာ အလေးပြုကြသည်။ **(ယာပုံ)**

ထိုနောက် အခမ်းအနားတွင် သဘာပတိ ကြိမ်နီတောင်ကျေးရွာ ဆရာတော်ဦးဇောတိကက အဖွင့်သြဝါဒစကားမိန့်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၏ (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့



အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာနှင့် (၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌမိန့်ခွန်းအား မွန်တိုင်းရင်းသားများက ဖတ်ကြားခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# သိပ္ပံနည်းကျပျိုးထောင်ခြင်းနှင့် အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုအပေါ် ဆွေးနွေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၆**

နွေရာသီတွင် ဖြစ်ပေါ်ကြုံတွေ့နိုင်သည့် အယ်နီညိုရာသီဥတုအပေါ် တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းတွင် လိုက်နာဆောင်ရွက်ရန်အတွက် ပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း လက်တွေ့ပျိုးထောင်ပြသခြင်းကို ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ် ၁၃ ဦးပိုင် ၁၁၇ ရှိ တောင်သူဦးဝင်းရွှေ၏ လယ်မြေတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။

ပျိုးထောင်ပြသပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးသီတာထိုက်က နွေရာသီတွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုအပေါ် တောင်သူများအနေဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေစနစ်တကျချွေတာသုံးစွဲရေး၊ နွေစပါးစိုက်ပျိုးရာသီတွင် ရေလိုအပ်ချက်နည်းသည့် အထွက်ကောင်းမျိုးများ ရွေးချယ်အသုံးပြုစိုက်ပျိုးရေး၊ ပျိုးသက်မှန် စိုက်ပျိုးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရေး၊ စိုက်ပျိုးရေလေလွှင့်ဆုံးရှုံးမှု မရှိစေရန် စသဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း ၁၀ ဧက ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်မျိုးစေ့ချပျိုးထောင်ခြင်းကို လက်တွေ့ပြသဆောင်ရွက်ခဲ့ရာ ဒေသခံတောင်သူများကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## သတင်းတိုများ

### ချင်းတွင်းမြစ် ရေလမ်းအကောက်စခန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ချင်းတွင်းမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့်ရေယာဉ်များကို ရေလမ်းကြောင်းဖြတ်သန်းခ ကောက်ခံရန်အတွက် ကလေးဝမြို့(ချင်းတွင်းမြစ်) ရေလမ်းအကောက်စခန်းကို ဖေဖော်ဝါရီ ၂၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ချင်းတွင်းမြစ်ရေလမ်းကြောင်းဖြတ်သန်းခများကို စက်တပ်ရေယာဉ်အလျား ၃၉ ပေနှင့်အောက် ငွေကျပ် ၂၀၀၊ စက်တပ်ရေယာဉ်နှင့် စက်မဲ့ရေယာဉ်များ၏ (ကုန်+ယာဉ်) တန်ချိန်စုစုပေါင်း ငွေကျပ် ၁၀၀ အောက်နှင့် ၁၀၀ အထက်များကို တစ်တန်လျှင် ခုတ်မောင်းသည့် မိုင်နှုန်းနှင့်တွက်ချက်၍ကောက်ခံပြီး သစ်လုံး၊ ဝါး၊ မျောများကိုလည်း တစ်ခုချင်းစီမိုင်နှုန်းတွက်ချက်၍ ကောက်ခံလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### နှစ်ပတ်လည်အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၏ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၃ ရက်က စတင်ကျင်းပသည်။ ထို့နောက် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) အနုပညာအသင်းမှ ကျောင်းသား ကျောင်းသူများက ပြဇာတ်ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ကျင်းပပြီး ဆုရရှိသူများအား ပါမောက္ခချုပ် ဒေါက်တာသိဂီလှိုင်က ဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

### အမှတ် (၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ စုပေါင်းသွေးလှူ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၂၄ ရက်က အမှတ် (၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ယာယီ- ဒုတိယရဲမှူးကြီး ကျော်ဇင်ဦး၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲဌာနချုပ် တပ်ခွဲမှူး ရဲမှူး ဇော်မျိုးဝင်းတို့ဦးဆောင်၍ အရာရှိနှင့် အရာရှိတပ်ဖွဲ့ဝင် ၁၀၀ တို့သည် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝ၅၃)**

### အားကစားသင်တန်း အခမဲ့ဖွင့်လှစ်မည်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ၂၀၁၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများကို မတ် ၁ ရက်မှ ၃၁ ရက်အထိ မြို့နယ်အားကစားခန်းမနှင့် ဘုရင့်နောင်အားကစားကွင်းတို့တွင် အခမဲ့သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ အေရိုးဗစ်သင်တန်းများဖြစ်ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီး ဌာနရုံး မြို့နယ်အားကစားခန်းမသို့ မည်သူမဆိုလာရောက်စာရင်းပေးသွင်းနိုင်ပြီး သင်တန်းကြေး(အခမဲ့) ဖြစ်ကြောင်း သိရသည်။ **(ဝ၂၈)**

### လေယာဉ်အမှုထမ်းအလုပ်များခေါ်ယူ

ဗီယက်နမ်လေကြောင်းလိုင်း Vietjet မှ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ လေယာဉ်အမှုထမ်းအဖြစ် အလုပ်လုပ်ကိုင်လိုသူများအတွက် လေယာဉ်အမှုထမ်းအဖွဲ့ဝင်သစ်များကို ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ခေါ်ယူလျက်ရှိရာ လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်များနှင့်လျှောက်လွှာကို crewrecruitment@vietjetair.com သို့ မတ် ၂၆ ရက်မတိုင်မီ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားသူသည် အသက် ၂၀ မှ ၃၀ ကြား၊ အရပ်အမြင့်မှာ အမျိုးသား ၅ ပေခွဲမှ ၅ ပေ ၁၁ လက်မ၊ အမျိုးသမီး ၅ ပေ ၃ လက်မမှ ၅ ပေ ၉ လက်မ၊ ပညာအရည်အချင်း မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာအရည်အချင်း TOEIC ၄၀၀ ကျော် (သို့မဟုတ် အဆင့်တူအခြား Certificate) ရှိရမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

### အလုပ်အကိုင်အခွင့်အလမ်းပြင်ဆင်ခြင်း သင်တန်းဆင်း

ရွှေ့ပြောင်းအမျိုးသမီးများဘဝဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေး ရည်ရွယ်ချက်ဖြင့် CARE Myanmar နှင့် Moving Forward Together (MFT)တို့မှကြီးမှူး၍ အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြိုတင်ပြင်ဆင်ခြင်းသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၆)ရပ်ကွက် ဖွင့်ဖြိုးအောင်အိမ်ရာရှိ CARE Myanmar ရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သူ အမျိုးသမီးများအား မိမိကိုယ်ကိုယ် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ ကျွမ်းကျင်မှု၊ လက်တွေ့ဘဝရည်ရွယ်ချက်နှင့် ရည်မှန်းချက်ချမှတ်နိုင်အောင် ကူညီသင်ကြားပေးကြောင်း သိရှိရသည်။ **အောင်သူရ**

# လမ်းမတော်လမ်းဆုံ လူကူးခုံးကျော်တံတားတည်ဆောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လမ်းမတော်မြို့နယ်နှင့်လသာမြို့နယ်တို့ထိစပ်ရာ လမ်းမတော်လမ်းဆုံတွင် လူကူးခုံးကျော်တံတားတစ်စင်းကို ထပ်မံတည်ဆောက်နေပြီဖြစ်သည်။

ယင်းတံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ကြီးကြပ်မှုဖြင့်ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှ တာဝန်ယူ၍ အနောက်ရထာလမ်းနှင့်လမ်းမတော်လမ်းဆုံရာတွင် တည်ဆောက်နေခြင်းဖြစ်သည်။

လမ်းမတော်သံဈေးဘက်သို့သွားရာနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဘက်သို့သွားရာ ခရီးသွားပြည်သူအများဆုံး စည်ကားရာနေရာဖြစ်သည်။

တံတားတည်ဆောက်ရန် အုတ်မြစ်ချခြင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး ယခုအခါ လေးဖက်လေးတန်မှ အခြေခံထောက်တိုင်ကြီးများ အပြိုင်းအရိုင်းတက်လာပြီကို တွေ့ရသည်။

တံတားမှာ သံကူကွန်ကရစ်အမျိုးအစား ဘိုးပိုင်ရိုက်စနစ်ဖြစ်သည်။ သိမ်ကြီးဈေးအနီးရှိ တံတားနှစ်စင်းကဲ့သို့ ပတ်လည်ကူးသွားနိုင်သည့် တံတားဖြစ်သည်။ ရိုးရိုးကွန်ကရစ်ခင်းလှေကားများဖြစ်သည့် ဆေးရုံကြီးဘက်အခြမ်းတွင် လှေကားနှစ်စင်းနှင့် သံဈေးဘက်အခြမ်းတွင် လှေကားနှစ်စင်းစီပါရှိမည်ဖြစ်သည်။

လျှောက်လမ်းတွင် အမိုးပါဝင်ခြင်းမရှိဟု သိရသည်။ အနောက်ရထာလမ်းပေါ်မှ လျှောက်လမ်းမှာ ၈၈ ပေရှိမည်ဖြစ်ကာ လမ်းမတော်လမ်းပေါ်မှ လျှောက်လမ်းမှာ ၇၆ ပေရှိပြီး လျှောက်လမ်းအကျယ်မှာ ခုနစ်ပေရှိမည်ဖြစ်သည်။ မြေပြင်မှကင်းလွတ်အမြင့်မှာ ပေ ၂၀ ရှိမည်ဟု သိရသည်။

"တံတားတည်ဆောက်ရေးမှ တာဝန်ခံအင်ဂျင်နီယာက တံတားတည်ဆောက်ဖို့ မြေတူးတဲ့အခါ မြေကြီးထဲမှာ အင်္ဂလိပ်လက်ထက်ကတည်းက ကမ်းနားအထိ ဆင်းသွားတဲ့ သံပိုက်ကြီးတစ်ခု ရှိနေပါတယ်။ အကျယ် နှစ်ပေခွဲလောက်ရှိနေတယ်။ ခက်ခက်ခဲခဲပဲရှင်းခဲ့ရတဲ့အနေအထားတော့ရှိပါတယ်" ဟု အခက်အခဲတစ်ခုကို ပြောပြခဲ့သည်။

ကမာရွတ်မြို့နယ် ပြည်လမ်းပေါ် မာလာဆောင်ရှေ့၌ လူကူးခုံးကျော်တံတားတစ်စင်းနှင့် အင်းလျားကန်အနီး၌ လူကူးခုံးကျော်တံတား တစ်စင်းတို့မှာ လုပ်ငန်းများ အချောသပ်နေပြီဖြစ်၍ မကြာမီ ခရီးသွားပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်သည်။ အနောက်ရထာလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းဆုံ လူကူးခုံးကျော်တံတားကိုလည်း ရှိပြီးသားတော်ဝင်လူကူးခုံးကျော်တံတားနှင့် ဆက်စပ်တည်ဆောက်နေမှုမှာ ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။



**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ- ကိုကြီးတင်**

# ဘိုးဘွားရိပ်သာ တည်ဆောက်ရန် အလှူငွေပေးအပ်

**တပ်ကုန်း ဖေဖော်ဝါရီ ၂၆**

တပ်ကုန်းမြို့နယ် အနောက်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဘိုးဘွားရိပ်သာ တည်ဆောက်ရန်အတွက် မတည်အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပါကျောင်းတိုက် ရှိဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အလင်းရောင်ပရဟိတအဖွဲ့က ငွေကျပ်သိန်း ၅၀၊ ဦးနု-ဒေါ်ကျင်နု (NNN)မိသားစုက ငွေကျပ် သိန်း ၃၀၊ ဦးသိန်းနိုင်-ဒေါ်ယဉ်ယဉ်ဌေး (လုံမလေးစက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဒေါ်မြင့်မြင့် အေး (ရွှေနိုင်ငံကဖေး)မိသားစုက ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ကို လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဘိုးဘွားရိပ်သာမှာ (၄×၁၁) ပင် တစ်ထပ်ဆောင် နှစ်ဆောင်၊ အလျား ပေ ၁၅၀၊ အနံ ၂၅ ပေ အာစီနှစ်ထပ်ဆောင် တစ်ဆောင်၊ (၃×၄) ပင် ဆွမ်းချက်ဆောင် တစ်ဆောင်တို့ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(၀၃၆)**



**မိုးညှင်းခရိုင် ဖားကန့်မြို့နယ် နမ့်စမ်း(၂) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဖြစ်သည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း ဝင်ငွေတိုးလုပ်ငန်းများကို ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီလ တတိယပတ်က ကွင်းဆင်းစစ်ဆေးစဉ်။**
စိုးနိုင်ဦး (ဖားကန့်)

# အခြေခံစားပွဲတင် တင်းနစ်(ပင်ပေါင်) သင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

စားပွဲတင် တင်းနစ် (ပင်ပေါင်) အားကစားနည်းများအား အခြေခံမှစ၍ စနစ်တကျ သိရှိနားလည်ပြီး ထူးချွန်ထက်မြက်သည့် စားပွဲတင်တင်းနစ်အားကစား မျိုးဆက်သစ် လူငယ်မောင်မယ်များ ပေါ်ထွက်လာစေရေးကို ရည်ရွယ်ကာ ကျောင်းပိတ်ရက်ကာလ နွေရာသီအခြေခံစားပွဲတင် တင်းနစ်(ပင်ပေါင်)သင်တန်းကို ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)စားပွဲတင်တင်းနစ် အားကစားရုံ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလမှာ မတ် ၁၀ ရက်မှ မေ ၁၀ ရက်အထိ နှစ်လ သင်တန်းဖြစ်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ နံနက်ပိုင်းသင်တန်းကို နံနက် ၇ နာရီခွဲမှ ၉ နာရီထိနှင့် ညနေပိုင်းသင်တန်းကို ညနေ ၄ နာရီမှ ၅ နာရီခွဲထိ သတ်မှတ်ထားပြီး ကျွမ်းကျင်နည်းပြ ဆရာများဖြင့် နည်းစနစ်မှန်ကန်စွာ သင်ကြားပြသသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ကျိုက္ကဆံအားကစားကွင်းရှိ စားပွဲတင်တင်းနစ် အားကစားရုံ၌ စာရင်း ပေးသွင်းနိုင်ကြကြောင်းနှင့် အသေးစိတ် သိရှိနိုင်ရန် ဖုန်း-၀၉-၄၅၀၀၂၇၀၂၉ နှင့်၀၉-၉၇၇၆၇၇၈၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုချစ်**

## သတင်းတိုများ

### (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား အလှူငွေပေးအပ်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်မှ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား ခြင်းအလှခတ်အဖွဲ့များမှ အလှူငွေပေးအပ်ပွဲကို လောကချမ်းသာခြင်းရုံ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

အောက်မြန်မာပြည်၊ အထက်မြန်မာပြည်တို့မှ ခြင်းအလှခတ်အဖွဲ့ ၃၃၀ တို့၏ ကိုယ်စားခြင်းအလှမယ် အာဇာနည်စမ်းစမ်းမော်၊ ခြင်းအလှမယ် မြေလတ်သူ တင်တင်လင်း၊ ခြင်းအလှခတ်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်တို့က အလှူငွေကျပ် ၆၅၂၀၀၀ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးသန့်(အင်းစိန်)**

### ဆောင်းရာသီစိုက် မတ်ပဲနုတ်သိမ်း လယ်ယာလုပ်သားများဝင်ငွေကောင်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မိုးစပါးများရိတ်သိမ်းပြီးစီးသွားကြပြီး စပါးဈေးနှင့် ဆန်ဈေးများမှာ ယခင်နှစ်များနှင့်မတူဘဲ ဆယ်နှစ်အတွင်း ဈေးအမြင့်ဆုံးရောင်းချကြရသဖြင့် မြို့နယ်အတွင်းရှိ လယ်သမားများ အထိုက်အလျောက်အဆင်ပြေခဲ့ကြသည်။

မတ်ပဲများမှာ တစ်မြို့နယ်လုံး ရင့်မှည့်နေကြပြီဖြစ်၍ သူ့ထက်ငါအပြိုင်နုတ်သိမ်းလျက်ရှိသဖြင့် လယ်ယာလုပ်သားရှားပါးမှုများဖြစ်ပေါ်ကာ မတ်ပဲနုတ်သိမ်းခ တစ်ရက်လျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ အထိ ပေးနုတ်သိမ်းနေရကြောင်း သိရသည်။ **(၀၈၅)**

### စာရေးဆရာအသင်း အမှုဆောင်သစ်များရွေးချယ်

မြဝတီမြို့၌ ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်စာရေးဆရာအသင်းအမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခဲ့ရာ မြဝတီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဦးသက်ဦးနိုင်၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်တင်နှင့်ဘဏ္ဍာရေးမှူးအဖြစ် ဦးထွန်းထွန်းဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

### အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်းဆင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို မြို့နယ်ခန်းမဆောင်၌ ဖေဖော်ဝါရီလ တတိယပတ်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်အောင်နှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာမများနှင့် ကျေးရွာအုပ်စုလေးအုပ်စုမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး ဦးစီးမှူးက အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၅၃)**

### ကြက်ခြေနီ အသင်းခွဲဆိုင်ရာဆန်းစစ်အကဲဖြတ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း နေပြည်တော်ရုံးချုပ်က ကြီးမှူး၍ မြို့နယ်ကြက်ခြေနီအသင်းခွဲဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က လွိုင်လင်ပြည်သူ့ဆေးရုံကြီး ဇီဝကခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ကြက်ခြေနီအဖွဲ့ နည်းပြခေါင်းဆောင်က ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

### (၉)ကြိမ်မြောက် စုပေါင်းသွေးလှူ

ကရင်ပြည်နယ် ဘားအံမြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် (၉) ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းခြင်းကို အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်များက အရေးပေါ်လိုအပ်လာသော လူနာများ အဆင်ပြေစေရန်အတွက်ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၅ ရက်က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ယခု(၉)ကြိမ်မြောက်တွင် သွေးလှူဒါန်းမှု ၂၅ ပုလင်း၊ ယခင်(၈)ကြိမ်မြောက်အထိ ၄၂၅ ပုလင်းလှူဒါန်းနိုင်ခဲ့ပြီး စုစုပေါင်းသွေးပုလင်း ၄၅၀ ကို ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင်ပြည်သူအကျိုးပြု ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# စိုက်ပျိုးရေနှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**

နွေရာသီ၌ အယ်နီညိုရိုက်ခတ်မှုဖြစ်ပေါ်လာပါက စိုက်ပျိုးရေနှင့်သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ကြိုတင်စီမံဆောင်ရွက်ခြင်းလုပ်ငန်းများအဖြစ် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ စိုက်ပျိုးရေနှင့် သောက်သုံးရေ အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ကြိုတင်အသိပေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်တွင် စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အခက်အခဲမဖြစ်ပေါ်စေရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး စိုက်ပျိုးရေးအတွက် ရေအခက်အခဲမရှိစေရန် ဆည်များတွင် ရေလက်ကျန်နှင့် အခြားရေရရှိနိုင်မည့် နည်းလမ်းများဆောင်ရွက်ခြင်း၊ ရေလိုအပ်ချက်နည်းသည့် သက်တမ်းတို အထွက်ကောင်းသည့် စပါးမျိုးများရွေးချယ်အသုံးပြုခြင်း၊ လယ်ကန်သင်းများတွင် စိမ့်ပေါက်၊ ယိုပေါက်မရှိစေရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ရေရရှိမှုနည်းပါးသော ဧရိယာများတွင် နွေနှမ်းများ၊ ပဲတီစိမ်းတို့ဖြင့် သီးနှံများ ပြောင်းလဲစိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**





## ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပ

**ပင်လုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့တွင် တည်ထားကိုးကွယ်သော မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်၏ (၁၀)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်(တပို့တွဲလပြည့်နေ့)က ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ပင်နောက်ပင်လုံ ဝေဠုဝန်ကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်ခြင်း၊ ရတနာစည်ဆရာတော်(လွိုင်လင်)ထံမှ တရားတော်များ နာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီးနောက် ပင့်သံဃာ ၁၀၈ ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပင့်ကျောင်း ၁၁ ကျောင်းမှ သံဃာတော် ၁၀၈ ပါးအား စေတီတော်ရင်ပြင်တွင် ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ဆွေးမြည့်အန္တရာယ်ရှိနေသော မီးသတ်မျှော်စင်ကို ဖယ်ရှားမည်

**မော်လူး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ အရန်မီးသတ်မျှော်စင်သည် ဟောင်းနွမ်းဆွေးမြည့်နေပြီး အန္တရာယ်ရှိနေသဖြင့် ဖယ်ရှားပစ်တော့မည်ဖြစ်ကြောင်း သိရသည်။

မီးသတ်မျှော်စင်အခြေအနေကို တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၄ ရက်က စစ်ဆေးကြည့်ရှုခဲ့ရာ လဲပြိုနိုင်သော အန္တရာယ်ရှိသဖြင့် အချိန်မီဖယ်ရှားတော့မည်ဖြစ်ကြောင်း သိရသည်။

နှစ်ပေါင်းသုံးဆယ်ကျော် သက်တမ်းရှိခဲ့သော အဆိုပါမီးသတ်မျှော်စင်သည် မော်လူးဒေသ ကိုးတိုက်နယ်၊ ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၂ ရွာအတွက် အရေးပါသော မျှော်စင်တစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။ မျှော်စင်သည် အမြင့်ပေ ၆၀၊ အောက်ခြေအကျယ် ၁၅ ပေရှိပြီး ယခုအခါ ဟောင်းနွမ်းဆွေးမြည့်ကာ ကြံ့ခိုင်မှုမရှိတော့ကြောင်း၊ အောက်ခြေရက်မတန်းများမှာ ဆွေးမြည့်နေပြီး ခိုင်ခံ့မှုမရှိတော့သဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် အချိန်မရွေးလဲပြိုနိုင်သည့်အတွက် ပြန်လည်ပြုပြင်ခြင်းမပြုတော့ဘဲ ရှင်းလင်းဖယ်ရှားတော့မည်ဖြစ်ကြောင်း ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

"မီးသတ်မျှော်စင်ဟာ တိုင်အားလုံးကလည်း သစ်သားတိုင်ပါ။ ရက်မထောက်တန်းတွေလည်း ဆွေးနေပါပြီ။ ဒါကြောင့် အချိန်မီဖယ်ရှားဖို့ လိုအပ်နေတဲ့အတွက် မော်လူးဒေသ အရန်မီးသတ်တပ်ခွဲမှူး ဦးခင်အောင် ဦးဆောင်တဲ့ အဖွဲ့တွေနဲ့ စစ်ဆေးနေတာပါ။ အန္တရာယ်ရှိတဲ့အတွက် ဖျက်မှာပါ"ဟု မော်လူးအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်က ပြောသည်။

အဆိုပါ မီးသတ်မျှော်စင်ကို ဖယ်ရှားရှင်းလင်းပြီးပါက ၎င်းနေရာတွင် အသစ်ထပ်မံရောက်ရှိလာတော့မည့် မီးသတ်ကားအသစ်တစ်စီးနှင့်အတူ မီးသတ်ကားနှစ်စီးဝင် အဆောက်အအုံတစ်ခုကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုလုပ်ငန်းကော်မတီ၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်က ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးညွန့်ဝေက ၂၀၁၅ ခုနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အချက်အလက်များအပေါ် အကြံပြုသုံးသပ်ဆွေးနွေးကြပြီး အထွေထွေကိစ္စရပ်များကို တင်ပြညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများ အရည်အသွေးမပြည့်ဝမှုကြောင့် စားသုံးသူများအနေဖြင့် ကျန်းမာရေးထိခိုက်မှုများရှိနေပြီး ဆေးဝါးကုသမှုစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်ခြင်းကြောင့် မိသားစုစီးပွားရေး၊ လူမှုရေး ထိခိုက်နစ်နာဆုံးရှုံးရသည့်အတွက် စားသုံးသူပြည်သူများအား အကာအကွယ်ပေးနိုင်ရန် အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို သတ်မှတ်ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဇီကာပိုင်းရပ်စ်အကြောင်း မြို့နယ်အဆင့် အသိပညာပေးရှင်းလင်း

**ငဖဲ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီကားဗိုင်းရပ်စ်အကြောင်းနှင့်ပတ်သက်၍ မြို့နယ်အဆင့် အသိပညာပေး ရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်ကျော်နိုင်က ဇီကာရောဂါအကြောင်း သိကောင်းစရာများ၊ ရောဂါကူးစက်ပုံနှင့် ရောဂါလက္ခဏာများ၊ ဇီကာရောဂါ ကူးစက်ဖြစ်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရန်စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားကာ ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ မြို့နယ်ငှက်ဖျားအင်စပက်တော် ဦးအောင်နိုင်ဦးက ခြင်နှင့်ပတ်သက်သော ရောဂါအကြောင်းနှင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆက်လက်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ငဖဲမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအဆင့်အထိ ဇီကာရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**မီးဘေးကြိုတင် ကာကွယ်ရေးသရုပ်ပြ**

**မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ မီးဘေးကြိုတင် ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှု ပြုလုပ်ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)



## နမ့်ဆန်မြို့တွင် အများပြည်သူသုံး ရေသန့်စက်နှစ်လုံး တပ်ဆင်လှူဒါန်း

**နမ့်ဆန် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် အများပြည်သူ သောက်သုံးနိုင်ရန်အတွက် ၁၀၀၀ လီတာဆံ့ သောက်ရေသန့်စက်နှစ်လုံးကို ဖေဖော်ဝါရီ ၂၃ ရက်က တပ်ဆင်လှူဒါန်းပေးခဲ့သည်ဟု သိရသည်။

အဆိုပါသောက်ရေသန့်စက်ကို (၃၈-၃၉)လမ်း ငွေတောင်တိုက် (မန္တလေးမြို့)မှ ဆရာတော်ဦးဇဝန ဦးဆောင်သော မြတ်ပါရမီသွေးလှူရှင်အသင်းမှ လှူဒါန်းထားခြင်းဖြစ်ပြီး နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများနှင့် မြို့သူ မြို့သားများအား သောက်ရေသန့်ရရှိစေရန်အတွက် မင်္ဂလာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်တို့တွင် တစ်လုံးစီ တပ်ဆင်လှူဒါန်းပေးထားခြင်းဖြစ်သည်။ မြို့နယ် စည်ပင်သာယာရေး ရေပိုက်လိုင်းမှတစ်ဆင့် ရေသန့်စက်သို့ ချိတ်ဆက်ကာ ရေသန့်စင်စေပြီး ရေသန့်စက်မှ ထွက်ရှိသော သောက်ရေသန့်များကို ၁၀၀၀ လီတာဆံ့ စတီးဘွိုင်လာမှတစ်ဆင့် ခပ်ယူသောက်သုံးနိုင်ပြီ ဖြစ်သည်။

အဆိုပါ သွေးလှူရှင်အသင်းမှ လှူဒါန်းထားသော သောက်ရေသန့်စက်မှာ တစ်လုံးလျှင် ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာရှိ အဘယသုခလာဘမုနိစေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ ရန်ကုန်မြို့မှ အလှူရှင်ဦးအောင်ငွေ မိသားစုက တင်လှူပူဇော်ပြီးနောက် ဖူးမြော်ရစဉ်။ ကိုကျော်(သုံးခွ)

## ကျေးရွာများတွင် နွေရာသီရေလိုအပ်မှုမရှိစေရေး ပညာပေးရှင်းလင်းဆွေးနွေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေလိုအပ်မှုမရှိစေရေး၊ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လာပါက လျင်မြန်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ကျေးရွာများတွင် ရေသုံးစွဲရာ၌ ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ပညာပေးရှင်းလင်းဆွေးနွေးပွဲကို စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မာစန်းက စဉ့်ကိုင်မြို့နယ်အနေဖြင့် ၂၀၁၆ ခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတု ကျရောက်ပါက မြို့နယ်အတွင်း ကျေးရွာများတွင် ရေလိုအပ်မှုမဖြစ်ပေါ်စေရန် ဆောင်ရွက်မည့်အစီအမံများ၊ ရေရှည် ရေလုံလောက်မှုရှိစေရန် ဆောင်ရွက်ထားရမည့် လိုအပ်ချက်များ၊ ရေလေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် နည်းလမ်းများ၊ ရေလိုအပ်မှုဖြစ်ပေါ်လာပါက ဆက်သွယ်ဆောင်ရွက်သွားရမည့် နည်းစနစ်များ၊ ရေကားများဖြင့် ရေဖြန့်ဝေပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားရန် နည်းလမ်းများကို မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## သတင်းတိုများ

### ကုလားပဲမျိုးသစ်များအား တောင်သူများလေ့လာ

**မြစ်သား ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဝါသီးနှံသုတေသနခြံ၌ ၂၀၁၅-၂၀၁၆ မိုးနှောင်းရာသီတွင် စမ်းသပ်စိုက်ပျိုးခဲ့သော ကုလားပဲမျိုးသစ် သရုပ်ပြစမ်းသပ်ကွက်ငါးကွက် စိုက်ခင်း သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့ရာ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ လာရောက်လေ့လာကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ဝါသီးနှံသုတေသနခြံ မန်နေဂျာ ဒေါ်ဆွေဆွေမြင့်က "ကျွန်မတို့ သုတေသနဌာနအနေနဲ့ ကုလားပဲမျိုး အထွက်ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်များ အဆင့်ဆင့်ကို ဆောင်ရွက်ထားပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် လက်ရှိစိုက်ပျိုးနေတဲ့ ကုလားပဲမျိုးတွေထက် အထွက်နှုန်းပိုမိုကောင်းမွန်တဲ့ မျိုးသစ်တွေကို ရရှိနိုင်မှာဖြစ်ပါတယ်" ဟု လာရောက်လေ့လာကြသော တောင်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် လာရောက်လေ့လာကြသူများက ကုလားပဲမျိုးသစ်များ စိုက်ပျိုးသည့်နည်းစနစ်များ၊ ရေသွင်းချိန်များ၊ မြေဩဇာအမျိုးအစားများ၊ တစ်ဧက အထွက်နှုန်း စသည့် သိလိုသည့်အချက်များကို မေးမြန်းကြပြီး ကုလားပဲမျိုးသစ်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ငရုတ်စိုက်ပျိုးခြင်းကြောင့် ဒေသခံများ၏ စားဝတ်နေရေးကို အထောက်အကူပြု

**နတ်တလင်း ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့မှ တောင်ယာတောကျေးရွာအုပ်စု တောင်ညိုချောင်းရိုးတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ငရုတ်စိုက်ခင်းများ စိုက်ပျိုးထားခြင်းဖြင့် ပုံမှန်ဝင်ငွေရရှိကာ စားဝတ်နေရေးကို အထောက်အကူပြုကြောင်း သိရသည်။

ငရုတ်စိုက်ခင်းများကို ချောင်းရိုးတစ်လျှောက်ရှိ ဆင်သေကုန်းရွာ၊ ကရင်စုတဲတန်းရွာ စသည့် ကျေးရွာများတွင် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ဒေသခံ ငရုတ်စိုက်တောင်သူတစ်ဦးဖြစ်သော ကိုကျော်စွာက "ဒီဒေသကလူတွေက စပါးတစ်မျိုး၊ ပဲတစ်မျိုး၊ နံနံ၊ ကြက်သွန်၊ ဂေါ်ဖီ၊ ပြောင်းဖူး၊ ဖရဲစတဲ့ ရာသီပေါ်သီးနှံမျိုးစုံ စိုက်ပျိုးကြတယ်။ ငရုတ်ပင်ကတော့ ပဒေသာပင်ပါ။ ပေါ်ပြီဆိုတာနဲ့ ၁၅ရက်တစ်ကြိမ် ခူးနေရတော့ ဝင်ငွေမပြတ်တော့ဘူး။ အပင်ကျသွားတဲ့အထိ ခူးရတယ်။ လက်လုပ်လက်စားသမားတွေလည်း အလုပ်မပြတ်တော့ စားဝတ်နေရေး အားလုံး အဆင်ပြေကြတာပေါ့" ဟုပြောသည်။

"ကျွန်တော်တို့ဆီမှာ စိုက်တဲ့ငရုတ်မျိုးက ကျောက်စိမ်းမျိုးပဲ အစိုက်များပါတယ်။ အခုအချိန် ပေါက်ဈေးကတော့ တစ်ပိဿာကို ကျပ် ၃၅၀ နဲ့ ၄၀၀ ကြားမှာ ရှိတယ်။ ငရုတ်က ပဲ၊ စပါးလိုမျိုး တစ်သီးစားမဟုတ်ဘဲ အသီးသီးလို့ စပြီးခူးပြီဆိုရင် ၁၅ ရက်တစ်ကြိမ် ခူးပြီးရောင်းနေရတဲ့ အပင်မျိုးပါ။ တစ်ကျိုးကို ငရုတ်ပိဿာချိန် ၂၀၀ ကနေပြီး ၃၀၀ ကျော်အထိ စိုက်ပျိုးသူတောင်သူရဲ့ ဂရုစိုက်မှုအပေါ် မူတည်ပြီး ထွက်ပါတယ်။ ကျွန်တော့် ငရုတ်စိုက်ခင်းကို လေးကျိုးလုပ်ထားတာ ပိဿာချိန် ၁၀၀၀ ကျော် ထွက်တယ်။ အခုစိုက်ထားတာက ဆောင်းရာသီမှာစိုက်ပျိုးထားပြီး တပို့တွဲ၊ တပေါင်းမှာ စပြီးခူးရတာဖြစ်တယ်"ဟု ငရုတ်စိုက်ပျိုးမှုနှင့် ပတ်သက်၍ ၎င်းက ဆက်လက်ပြောကြားသည်။

**(ဝ၆၂)**

# စိုက်ပျိုးရေးဆိုင်ရာများ တောင်သူပညာပေး ဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၆**

သီးနှံကာကွယ်ရေး၊ မျိုးစေ့မျိုးမှန်များ စနစ်တကျ ရွေးချယ်စိုက်ပျိုးရေး၊ မြေအမျိုးအစားများ သိရှိနိုင်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေး စသည့် စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ တောင်သူများသိရှိသင့်သည့်အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လာပို့ရွာ ရွာမဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့ပြီး ဒေသခံတောင်သူ ၂၀၂ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်ခင်မာသန်း၊ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေဆန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေးတို့က ပိုးမွှားရောဂါ စနစ်တကျကာကွယ်နိုင်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သဘာဝမြေဩဇာ စနစ်တကျသုံးစွဲရေး၊ ခိုင်းကျွဲ၊ ခိုင်းနွားများအတွက် အစာရှားပါးမှုမဖြစ်စေရန် နေပီယာမြက် စိုက်ပျိုးရေးတို့ အပါအဝင် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းက တက်ရောက်လာကြသည့် တောင်သူများအား ဇီဝစူပါရွက်ဖျန်းမြေဩဇာနှင့် တမာပိုးသတ်ဆေးများ လက်ဆောင်အဖြစ် ဝေငှပေးခဲ့ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**




### စာပေဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ဗန္ဓုလခန်းမ၌ စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့ရာ နိုင်ငံကျော် စာရေးဆရာကြီးများဖြစ်သည့် မြင်းမူ မောင်နိုင်မိုးက "ရွှေတိုင်းဌာနေ၊ စစ်ကိုင်းမြေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)က "တိုးတက်အောင်မြင်ပါစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။ စာပေဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုဖြင့် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေနေဆောင်းခိုငှက်များ လျော့နည်းလာမှုကို ထိန်းသိမ်းပါက နိုင်ငံခြားသားများကို ဆွဲဆောင်နိုင်

**ကသာ ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်အတွင်း ရေနေငါးများကို စားသုံး၍ နေထိုင်ကျက်စားကြသော ဆောင်းခိုငှက်မျိုးစုံကို လေ့လာကြည့်ရှုရန် နိုင်ငံခြားသားခရီးသွားများ ပိုမိုနှစ်သက်ကြ၍ ဆောင်းခိုငှက်များကို ထိန်းသိမ်းနိုင်ပါက နိုင်ငံခြားသား ခရီးသည်များကို ပို၍ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်အနီးတစ်ဝိုက် ဧရာဝတီမြစ်ထဲတွင် ဖေဖော်ဝါရီလအတွင်း နံနက် ၁၀ နာရီ ဝန်းကျင်ခန့်အထိ ရေစပ်နှင့် သောင်ပြင်ပေါ်ထွန်းရာနေရာများတွင် ငှက်အုပ်များ များစွာကျဆင်းနေသည်ကို မြင်တွေ့ရပြီး နိုင်ငံခြားခရီးသွားများလည်း စိတ်ဝင်စားစွာ လေ့လာကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်အတွင်းရှိ ငါးမျိုးစိတ်များကို မှီခိုအားထားစားသောက်၍ နေထိုင်ကျက်စားသော ဆောင်းခိုငှက်များမှာ ဗျိုင်း၊ တင်ကျီး၊ ရေကြက်၊ ဟင်္သာငှက်၊ ရေဘဲ၊ ဗျိုင်းအောက်၊ ဒေါင်း၊ သပိတ်လွယ်နက် စသည့် ငှက်အမျိုးမျိုးဖြစ်သည်။ ယခုနောက်ပိုင်းတွင် လူပယောဂနှင့် သဘာဝအခြေအနေများကြောင့် သဘာဝစိမ့်စမ်း၊ ချောင်းမြောင်းများမှာ ရေများခန်းခြောက်လျော့နည်းလာရာမှ ဧရာဝတီမြစ်သို့လည်း ရေစီးဝင်မှုလျော့နည်းလာပြီး ဆောင်းခိုငှက်မျိုးစုံကို မြင်တွေ့ရမှုမှာလည်း ယခင်ကထက် နည်းလာကြောင်း သိရသည်။

ယခင်က ဧရာဝတီမြစ်အတွင်း ဆောင်းခိုငှက်မျိုးစုံကို မြင်တွေ့ခဲ့ရသော သောင်ပြင်အများစုမှာ ယခုအခါ ပူပြင်းခြောက်သွေ့နေသည်မှလွဲ၍ စွဲမက်ဖွယ်ရာ တစ်စုံတရာ မတွေ့ရတော့ခြင်းကြောင့် နိုင်ငံခြားသား ခရီးသည်များအား ဆွဲဆောင်နိုင်မှုကို ကျဆင်းစေနိုင်လာသဖြင့် သဘာဝသယံဇာတ ဇီဝမျိုးကွဲ ရေနေငှက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံခြားသားများအား ပိုမိုဆွဲဆောင်နိုင်သော ဧရာဝတီမြစ် ဖြစ်လာအောင် ထိန်းသိမ်းပေးရန် လိုအပ်လာလျက်ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



**ဧရာဝတီမြစ်အတွင်း သဲသောင်တစ်ခုပေါ်တွင် တွေ့ရသော ဆောင်းခိုငှက်များ။**

# အနိုင်ဆိုတာ ဘိုင်ယန်မြူးနစ်အတွက်ပဲဖြစ်ဦးမယ့် ပွဲစဉ်(၂၃)

မိုးမြင့်လင်းလက်

*ဂျာမနီမြေမှာတော့ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဖေဖော်ဝါရီ ၂၇ရက်နဲ့ ၂၈ ရက်တွေမှာ ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၃)ကို ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်တို့က အဝေးကွင်းမှာ ဝုဖ်ဘတ်နဲ့ ရင်ဆိုင်တွေ့ဆုံရမှာဖြစ်ပြီး ဟာသာဘာလင်တို့လည်း ကိုလုံးကွင်းမှာ သွားရောက်ကစားရမှာ ဖြစ်ပါတယ်။ တန်းစီဇယားကို ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်တို့ပဲ အမှတ်ပြည့်ယူပြီး ဦးဆောင်သူအဖြစ် ဆက်လက်ရပ်တည်သွားမှာဖြစ်ပါတယ်။*



### ဝုဖ်ဘတ်နှင့် ဘိုင်ယန်မြူးနစ်

ဝုဖ်ဘတ်ရဲ့ ခြေစွမ်းက အရင်တုန်းက ဘိုင်ယန်မြူးနစ်ကို ခြေရည်တူကစားနိုင်ခဲ့ပေမယ့် အခုနောက်ပိုင်းပွဲတွေမှာတော့ ဘိုင်ယန်မြူးနစ်ကို အရှုံးပေးရတာများပါတယ်။ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဘိုင်ယန်မြူးနစ်တို့ပဲ နိုင်ပွဲရခဲ့တာများတာမို့ အခုပွဲ ဝုဖ်ဘတ်ကွင်းမှာ ဆိုပေမယ့် ရလဒ်ကောင်းဖို့ မလွယ်ပါဘူး။ အခုတလော နိုင်ပွဲတွေချည်း ဆက်တိုက်ရယူနေတဲ့ ဘိုင်ယန်မြူးနစ်ဟာဘွန်ဒက်စ်လီဂါဖလားကိုလက်လှမ်းယူနိုင်ဖို့ အတိမ်းအစောင်းမခံ အောင်ပွဲတိုင်းအားထုတ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲဟာ အိမ်ရှင်ဝုဖ်ဘတ်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။ ဘိုင်ယန်မြူးနစ်ရဲ့ တိုက်စစ်ကို ဟန့်တားရင်းနဲ့ အချိန်ကုန်သွားမယ့် ပွဲပါပဲ။

### ကိုလုံးနှင့် ဟာသာဘာလင်

ဟာသာဘာလင်တို့က ပုံမှန်ခြေစွမ်းပြန်ရနေပြီး ပွဲတိုင်းလည်း အမှတ်ဆုံးရှုံးမှုမရှိအောင် အားထုတ်နိုင်တာတွေ့ရပါတယ်။ ကိုလုံးတို့ကတော့ ပုံမှန်ခြေစွမ်းပြန်ရဖို့တောင် ကြိုးစားနေရတဲ့အသင်းဖြစ်ပြီး အခုပွဲအိမ်ကွင်းဖြစ်ပေမယ့် ခြေကုန်ထုတ်တာတောင် ခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် ကိုလုံးတို့ တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ အဝေးကွင်းမှာ ရလဒ်ဆိုးရွားတတ်တဲ့ ဟာသာဘာလင်တို့လည်း ဒီပွဲမှာ တစ်မှတ်ရရင်ကျေနပ်စရာအဖြစ် သတ်မှတ်ရမှာပါ။

### ဟမ်းဘတ်နှင့် အင်ဂိုစတက်

အင်ဂိုစတက်ရဲ့ ခံစစ်ပိုင်းမှားယွင်းတတ်မှုတွေက ရလဒ်ကိုဆိုးရွားနေစေတာမို့ အချိန်မီမပြုပြင်ရင် အိမ်ရှင်ဟမ်းဘတ်တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ဟမ်းဘတ်တို့က အင်ဂိုစတက်နဲ့ဆုံတိုင်း နိုင်ပွဲရယူခဲ့တဲ့ မှတ်တမ်းကောင်းတွေရှိနေတာမို့ အခုပွဲဟာ ဟမ်းဘတ်ရဲ့ပွဲလို့ပဲ ကမ့်ည်းထိုးရဦးမှာပါ။

### စတုဂတ်နှင့် ဟန်နိုဗာ

စတုဂတ်တို့က ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ အခုတလော နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားပါတယ်။ တန်းစီဇယားအောက်ဆုံးရောက်နေတဲ့ ဟန်နိုဗာတို့ကတော့ တန်းဆင်းဇုန်က ရုန်းထွက်ဖို့ဆိုတာ ဒီပွဲမှာလည်း ခက်ခဲနေဦးမှာပါ။ တိုက်စစ်ရော၊ ခံစစ်ပိုင်းပါ ဟန်ချက်ညီအောင် စွမ်းဆောင်နိုင်နေတဲ့ စတုဂတ်တို့ပဲ ဒီပွဲရဲ့ အောင်ပွဲခံသူအဖြစ် ရပ်တည်သွားပါလိမ့်မယ်။

### ဝါဒါဘရီမင်နှင့် ဒမ်စတက်

အခက်အခဲတွေကြားက ရုန်းကန်နေရတဲ့ ဝါဒါဘရီမင်တို့အနေနဲ့ အခုပွဲမှာ ဒမ်စတက်ကိုကျော်ဖြတ်ဖို့ဆိုတာ တော်ရုံအားထုတ်လို့မရနိုင်ပါဘူး။ ဒမ်စတက်ရဲ့ စွမ်းဆောင်မှုကလည်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဝါဒါဘရီမင်နဲ့ ပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာမို့ အခုပွဲမှာ အဲဒီစိတ်ဓာတ်မျိုးနဲ့ ယှဉ်ပြိုင်လာမလားကြည့်ရမှာပါ။ အကြိုက်က ဝါဒါဘရီမင်ဖြစ်ပေမယ့် ဒမ်စတက်တို့လည်း ဒီပွဲမှာ တစ်မှတ်တော့ မျှော်လင့်နိုင်ပါတယ်။။

## အန်ဖီးလ်က ထွက်ခွာဖို့ မရှိဘူးဆိုတဲ့ စတာရစ်

လီဗာပူးအသင်းနဲ့အတူ အနာဂတ်ကို ပိုကောင်းအောင် လုပ်ဆောင်သွားမယ်လို့ တိုက်စစ်မှူး စတာရစ်က ပြောဆိုလိုက်ပါတယ်။ လီဗာပူးအသင်းကို အောင်မြင်တဲ့အသင်းဖြစ်အောင် ကြိုးစားပေးသွားမယ်လို့လည်း စတာရစ်က အခိုင်အမာ ပြောဆိုလိုက်ပါတယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလက ကာလရှည်



စာချုပ်လိုက်တဲ့စတာရစ်က သူ့အနေနဲ့ လီဗာပူးမှာပဲ ဆက်နေသွားမယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ လီဗာပူးအသင်းဟာ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ယူရိုပါလိဂ် ဒုတိယအကျော့မကစားမီ လီဗာပူးအသင်းဟာ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရတာပါ။ လီဗာပူးအသင်းဟာ အဓိကပြိုင်ပွဲတွေမှာ အနိုင်ကစားနိုင်ဖို့ အခွင့်အလမ်းတွေရှိနေတယ်လို့ ဆိုပါတယ်။ လီဗာပူးအသင်းကို ယူရိုပါလိဂ်ဖလားရဖို့ အဓိက စွမ်းဆောင်ရာမှာ စတာရစ်ဟာ အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ လီဗာပူးအသင်းနဲ့အတူ ပထမဆုံးသော ဖလားကို ဆွတ်ခူးနိုင်ဖို့ ကြိုးစားနေတယ်လို့ စတာရစ်က ဆိုပါတယ်။ လီဗာပူးအသင်းအနေနဲ့ ဗိုလ်လုပွဲမှာ မန်စီးတီးအသင်းနဲ့ ယူရိုပါလိဂ်မှာ ရင်ဆိုင်ရမယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

## ချန်ပီယံလိဂ်ကွာတားတက်ဖို့ အကောင်းဆုံးအခွင့်အလမ်းလို့ဆိုတဲ့ မန်စီးတီး

မန်စီးတီးအသင်းအနေနဲ့ ဒိုင်နမိုကိဗ်အသင်းကို အဝေးကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိလိုက်ခြင်းဟာ ကွာတားဖိုင်နယ်ကိုတက်ဖို့ အကောင်းဆုံး အခွင့်အလမ်းကိုရရှိထားခြင်းဖြစ်တယ်လို့ အသင်းခေါင်းဆောင် ကွန်ပနီက ဆိုပါတယ်။ မန်စီးတီးအသင်းအနေနဲ့ အဝေးကွင်းမှာ ဒိုင်နမိုကိဗ်အသင်းကို အဂူရို၊ ဒေးဗစ်ဆေးလ်ဗားနဲ့ ယာယာတိုရေးတို့ရဲ့ ဂိုးတွေနဲ့ အနိုင်ရလိုက်ခြင်းဟာ ကွာတားတက်ဖို့ အလားအလာကောင်းတွေရရှိထားပြီလို့ ဆိုပါတယ်။ ကျွန်တော်တို့ မန်စီးတီးအသင်းအနေနဲ့ ဒုတိယအကျော့မှာ ဂိုးမရှိသရေ သို့မဟုတ် တစ်ဂိုး-ဂိုးမရှိ ရှုံးနိမ့်ခဲ့ရင်တောင် ကွာတားတက်နိုင်မှာဖြစ်ပါတယ်လို့ ကွန်ပနီကဆိုပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ပြိုင်ပွဲတိုင်း၊ ဖလားတိုင်းမှာ အနိုင်ရဖို့ ဖိအားပေးမှုတွေခံရပြီးတဲ့နောက် အနိုင်ရဖို့ကြိုးစားခဲ့တာပါလို့ ကွန်ပနီက ဆိုပါတယ်။ ပြိုင်ပွဲတိုင်းအနိုင်ရအောင် ကစားနေတာဟာ အသင်းရဲ့ အဓိကဦးစားပေးဖြစ်တယ်လို့ ၄င်းက ဆိုပါတယ်။

## ချယ်လ်ဆီးနည်းပြဖြစ်လာဖွယ်ရှိတဲ့ အန်တိုနီယိုကွန်တေး

အီတလီနည်းပြ အန်တိုနီယိုကွန်တေးအနေနဲ့ ယခုသီတင်းပတ်အတွင်းမှာ နည်းပြရာထူးသစ်နေရာအတွက် ချယ်လ်ဆီးအသင်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ လန်ဒန်ကိုသွားရောက်လိမ့်မယ်လို့ ဆိုပါတယ်။ ကွန်တေးဟာ နွေရာသီကတည်းက ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာဖို့ မျှော်လင့်ထားခဲ့တာလို့ ဆိုပါတယ်။ လာမယ့်နှစ်ရာသီမှာ ချယ်လ်ဆီးနည်းပြ နေရာအတွက် ဆွေးနွေးဖို့ ၂၄ နာရီအတွင်း အင်္ဂလန်ကိုသွားရောက်လိမ့်မယ်လို့ သူ့ရဲ့ ကိုယ်စားလှယ်တွေက ဆိုပါတယ်။ ကွန်တေးဟာ လက်ရှိချယ်လ်ဆီးနည်းပြ ဟစ်ဒင့်နေရာမှာ ဆက်ခံဖို့ ထိပ်ဆုံးမှ ပြေးနေတဲ့သူလည်းဖြစ်ပါတယ်။ သူဟာ လက်ရှိ အီတလီနည်းပြလုပ်နေသူဖြစ်ပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီးအသင်းနဲ့ တစ်ရာသီကို ပေါင်ခြောက်သန်းနဲ့ စာချုပ်ဖို့ လိုလားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးနဲ့ ဆွေးနွေးမှုအောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာကိုတော့ မပြောနိုင်သေးပါဘူး။



ကောင်းမြတ်သူ - စုစည်းသည်။

# မြန်မာ့အိမ်ခြံမြေကဏ္ဍသည် ၂၀၁၆ ခုနှစ်အတွင်း ကောင်းမွန်သောကဏ္ဍတစ်ခုဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လတ်တလောအတည်ပြုလိုက်သည့် ကွန်ဒိုမီနီယံဥပဒေ၊ ရန်ကုန်မြို့တွင်းရှိ မြို့ပြဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် အိမ်ရာချေးငွေစနစ် ဖော်ဆောင်ရန်ကြိုးပမ်းမှုများကြောင့် မြန်မာ့အိမ်ခြံမြေကဏ္ဍသည် ၂၀၁၆ ခုနှစ်အတွင်း အားသာကောင်းမွန်သော ကဏ္ဍတစ်ခုဖြစ်ကြောင်း သိရသည်။

House.com.mm မှ မန်နေးဂျင်းဒါရိုက်တာ Mr.Balaji Rawaswami က "လက်ရှိ မြန်မာ့အိမ်ခြံမြေကဏ္ဍက ယခုနှစ်အတွင်းမှာ ပိုမိုတိုးတက်လာနိုင်ချေရှိပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်တွေ၊ အကျိုးဆောင်တွေအနေနဲ့လည်း အတူတကွ လုပ်ဆောင်နိုင်တဲ့ အပိုင်းတွေမှာ ခိုင်မာတဲ့တိုးတက်မှု ဖြစ်လာစေဖို့အတွက် ဆောင်ရွက်ရန်လိုအပ်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်မြို့တွင်း လတ်တလော ရောင်း၊ ဝယ်၊ ငှားမှုအဆင်ပြေသည့် အဆောက်အအုံ အမျိုးအစားများနှင့်ပတ်သက်၍ Estate Myanmar Enterprise အိမ်ခြံမြေအကျိုးဆောင်မှ ဒါရိုက်တာ ဦးထူးမြတ်နိုင်က "ရှာဖွေမှုအများဆုံး အဆောက်အအုံတွေကတော့ တိုက်ခန်းတွေနဲ့ အလယ်အလတ်အဆင့် ကွန်ဒိုအဆင့် အခန်းတွေပါ။ လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့ ဗဟန်း၊ စမ်းချောင်းနဲ့ ရန်ကင်းမြို့နယ်များကတော့ ငှားဖို့အတွက် ရှာဖွေမှုများပါတယ်။ မြို့လယ်ကောင်မှာတော့ ရုံးခန်းတွေက ပိုမိုရှာဖွေမှုများတယ်"ဟု ဆိုသည်။

ရင်းနှီးမြှုပ်နှံမှုပမာဏကြီးသည်နှင့်အမျှ အိမ်ခြံမြေဝယ်ယူ ရင်းနှီးမြှုပ်နှံရာတွင် ဆုံးဖြတ်ချက်မှန်ကန်ခိုင်မာမှုရှိစေရန်အတွက် အသေးစိတ်လေ့လာသုံးသပ်မှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မှန်ကန်သောရင်းနှီးမြှုပ်နှံမှုအတွက် အရည်အသွေးပြည့်မီသော အကျိုးဆောင်များကို ရှာဖွေလုပ်ကိုင်နိုင်ရန်မှာ အရေးကြီးသောအချက်တစ်ခုဖြစ်ကြောင်း သိရသည်။ "အိမ်ခြံမြေဝယ်ယူသူများ ရွေးချယ်တဲ့အကျိုးဆောင်ဟာ ကျွမ်းကျင်သူလား၊ လုပ်ငန်းဆောင်တာတွေကို အစကနေ အဆုံးအထိ ကိုင်တွယ်လုပ်ဆောင်နိုင်မလားဆိုတာ သိဖို့လိုအပ်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်းက ဆိုသည်။

အိမ်ခြံမြေကဏ္ဍ တိုးတက်လာသည်နှင့်အမျှ မြို့ပြနေထိုင်မှုနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများပါ လိုက်ပါလုပ်ဆောင်နိုင်မည့် အချက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက "မြို့ပြတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းအနေနဲ့ လောလောဆယ် ရေပေးဝေဖို့နဲ့ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများအတွက် ဆောင်ရွက်နေတာတွေရှိပါတယ်။ ရေဖြန့်ဖြူးနိုင်ရေးအတွက် ရေပိုက်လိုင်းနဲ့ ရေပေးဝေရေးစီမံကိန်းများကိုလည်း JICA နဲ့အတူ လုပ်ဆောင်နေပါတယ်။ နောက်တစ်ခုကတော့ လမ်းအပိုင်းမှာ ရန်ကုန်မြို့ပြဧရိယာက နည်းနေတာကြောင့် လမ်းတွေကျပ်နေတာ တွေ့ရတယ်။ လက်ရှိရန်ကုန်လမ်းဧရိယာက ၅ ဒသမ ၅ ရာခိုင်နှုန်းပဲရှိတာကြောင့် တိုးချဲ့ဖို့ လိုအပ်ပါတယ်။ လောလောဆယ်တော့ မြို့တွင်းလမ်းတွေအတွက် လုပ်ဆောင်နေပြီး နောက်ပိုင်း မြို့ပတ်လမ်းများ ဖော်ဆောင်ဖို့ရှိပါတယ်"ဟု ပြောသည်။

Frontier Myanmar Research မှ ဒါရိုက်တာက "လက်ရှိဈေးကွက်အတွင်း လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်အတွင်းက ဆောက်လုပ်ခဲ့တဲ့ ဇိမ်ခံအိမ်ရာတွေရှိပါတယ်။ နောင်လာမယ့်နှစ်တွေမှာလည်း ကွန်ဒိုမီနီယံခန်းတွေ ထပ်မံထွက်ပေါ်လာမယ်လို့ မျှော်လင့်ပါတယ်။ တန်ဖိုးနည်းအိမ်ရာနဲ့ တန်ဖိုးမျှတအိမ်ရာတွေကို ဦးစားပေးဖော်ဆောင်ဖို့ လိုအပ်မယ်ထင်ပါတယ်။ နောက်တစ်ခုရှိတာကတော့ ကွန်ဒိုမီနီယံအခန်း ဝယ်ယူတော့မယ်ဆိုရင် ကွန်ဒိုကိုဆောက်တဲ့ ဆောက်လုပ်ရေးကုမ္ပဏီက အရင်ဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေရဲ့ အခြေအနေကို လေ့လာရမယ်။ လက်ရှိကွန်ဒိုမီနီယံဥပဒေနဲ့ရော ကိုက်ညီပြည့်စုံရဲ့လားဆိုတာမျိုးတွေ လေ့လာမှုပြုရမှာဖြစ်ပါတယ်"ဟု သုံးသပ်ပြောကြားသည်။

နိုင်ငံအတွင်း တန်ဖိုးနည်းအိမ်ရာနှင့် တန်ဖိုးမျှတအိမ်ရာများမှာ လိုအပ်နေဆဲဖြစ်ကာ အဆိုပါအိမ်ရာများကို ဦးစားပေးဖော်ဆောင်ရန် လိုအပ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# မင်္ဂလာခန်းဝင် ပရိဘောဂများ အရောင်းအဝယ်အေးလျက်ရှိ

**ရေး ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ပရိဘောဂလုပ်ငန်းများမှ ထုတ်လုပ်သော သစ်အချောထည် အိမ်သုံးပစ္စည်းများအနက် မင်္ဂလာခန်းဝင်ပစ္စည်းများမှာ ယခုနှစ် မင်္ဂလာဆောင်ရာသီကာလမှာပင် အရောင်းအဝယ်အေးလျက်ရှိနေကြောင်း သိရသည်။

"ယခုနှစ် မင်္ဂလာဆောင်တွေများတဲ့ အချိန်နဲ့ လွန်ခဲ့တဲ့သုံးနှစ် အချိန်ကာလကို ပြန်ကြည့်ရင် အရင်တုန်းက သစ်အချောထည်ပစ္စည်းတွေကို ရိုးရိုးဒီဇိုင်းကိုသာ အရောင်းအဝယ်ဖြစ်ပေမယ့် အခုအခါမှာတော့ ဒီဇိုင်းဆန်းသစ်အောင် ထုတ်လုပ်ရောင်းဝယ်ရပါတယ်။ အိမ်အလှဆင်နေရာတွေမှာ စတီးလ်သံပန်း အလူမီနီယံကို သုံးစွဲသူများလာခဲ့ပေမယ့် မင်္ဂလာခန်းဝင်ပစ္စည်းအနေနဲ့တော့ သစ်အချောထည်များကိုသာ ယနေ့အချိန်အထိ ကြိုက်နှစ်သက်သူ များပြားနေပါတယ်။ မင်္ဂလာခန်းဝင် သစ်အချောထည်ပစ္စည်းမျိုးစုံရဲ့ အမြင့်ဆုံး တန်ဖိုးက ကျပ် ၁၀ သိန်းကျော်ဝန်းကျင်လောက်အထိ ရောင်းရပါတယ်"ဟု ပရိဘောဂရောင်းသူ ဦးကျော်စွာစိုးက ပြောသည်။



သစ်အချောထည်ထုတ်လုပ်သည့် လုပ်သက်အတွေ့အကြုံ ၂၅ နှစ်ခန့်ရှိ လက်သမားဆရာတစ်ဦးကလည်း ယခင်က သစ်ကုန်ကြမ်းတွေ ပေါများပြီး ကျွမ်းကျင်လက်သမားဆရာ အရေအတွက်လည်း လုံလောက်မှုရှိကာ အချောအထည်ပစ္စည်း အများအပြား ထုတ်လုပ်နိုင်ကြောင်း၊ မင်္ဂလာခန်းဝင်ပစ္စည်းများ၊ ဗီရိုနှင့် ကုလားထိုင်များကို ပိုမိုထုတ်လုပ်ခဲ့ရကြောင်း၊ ကျွမ်းကျင်လက်သမားဆရာတစ်ယောက်အနေဖြင့် တစ်ရက်လျှင် ပျမ်းမျှဝင်ငွေတစ်သောင်းအထက်ရကြောင်း၊ လက်ရှိအခြေအနေမှာ သစ်အချောထည်များ ထုတ်လုပ်နေသော်လည်း သစ်ကုန်ကြမ်းနှင့် ကျွမ်းကျင်လက်သမားဆရာဦးရေ ရှားပါးလာသောကြောင့် ထုတ်လုပ်မှုအခက်အခဲများ ရှိနေပြီး သစ်အချောထည်ပစ္စည်းမှာလည်း တန်ဖိုးမြင့်လာခဲ့ကြောင်း ပြောသည်။

ရေးမြို့နယ်ဈေးကွက်တွင် သစ်အချောထည်ပစ္စည်းများကို ယခင်က အိမ်အလှဆင်သည့်နေရာများတွင်လည်း အသုံးပြုခဲ့ကြပြီး ယခုအခါ အိမ်အလှဆင်ရာတွင် စတီးလ်သံပန်း အလူမီနီယံပစ္စည်းများက အစားထိုးနေရာယူလာ၍ သစ်အချောထည်အိမ်အလှဆင်ပစ္စည်းများကို သုံးစွဲမှုလျော့နည်းခဲ့ကြောင်း၊ သစ်အချောထည် မင်္ဂလာခန်းဝင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများမှာမူ ဈေးကွက်တွင် အသင့်အတင့် နေရာရနေဆဲဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မြို့မဈေးကြီး မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးဟာ ဈေးရုံပေါင်း ၁၉ ရုံရှိပြီး ဆိုင်ခန်းပေါင်း ၁၀၉၀ ခန်းရှိပါတယ်။ ဈေးသူဈေးသားများရဲ့ စည်းစိမ်ဥစ္စာများ ဆုံးရှုံးမှုမရှိစေရေးအတွက် အခုလို မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်နေတာပါ။ မီးချိတ်၊ မီးကပ်များ လုံလောက်စွာထားရှိခြင်း၊ အပေါ့စား ဒိုင်းရှင်းစက်များကို စစ်ဆေးခြင်း၊ ဈေးအတွင်း မီးသတ်ရေလှောင်ကန်များ ရေအပြည့်ထားရှိခြင်း၊ ဈေးအတွင်း ဈေးသူဈေးသားများ အမွှေးတိုင်မီး၊ ဖယောင်းတိုင်မီးများ သုံးစွဲမှုမရှိစေရေး စစ်ဆေးခြင်းတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးကျော်သူက ပြောသည်။

သရုပ်ပြလေ့ကျင့်မှုတွင် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၇၀ ခန့်ပါဝင်၍ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျ**

# စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများပြီးစီး

**အင်းတော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နားခါကျေးရွာတွင် သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ခဲ့သော စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ဖေဖော်ဝါရီလစတုတ္ထပတ်က အိမ်တိုင်းအတွက် ရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာ ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ငွေကျပ်သိန်း ၂၀ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၉၀ ဝန်းကျင်ခန့်ဖြစ်ကြောင်း၊ စိမ့်စမ်းရေရရှိရေးအတွက် ပင်မရေကန်ကို အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု အောင်းကုန်းကျေးရွာတွင် တူးဖော်ကာ နားခါရွာနှင့် ခြောက်ဖာလုံခန့်အကွာအဝေးရှိ ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရေလှောင်ကန်ကြီးတည်ဆောက်ကာ ရေပိုက်များဖြင့် ရေဖြန့်ဝေပေးနေပြီဖြစ်ကြောင်း၊ နေအိမ်အချို့တွင် ရေရရှိနေပြီဖြစ်ပြီး ကွက်သစ်ရပ်ကွက်ဘက်သို့ ဖေဖော်ဝါရီလကုန်တွင် ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ရေမရသေးသော ရပ်ကွက်မှ ပြည်သူများအနေဖြင့် ရေပိုက်များသွယ်တန်းရန် မြောင်းတူးဖော်ခြင်းများကို စတင်ပြုလုပ်နေကြပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးပြီးစီးပါက ကျေးရွာရှိ အိမ်ခြေတစ်ရာကျော်အတွက် အိမ်တိုင်းရေလုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# အထကခွဲကျောင်းဝင်းအတွင်း ထရန်စဖော်မာထားရှိခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်ရှိနိုင်

**မိုးညှင်း ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်း၌ ထရန်စဖော်မာထားရှိရန်အတွက် မြေကျင်းတူးဖော်မှုကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြုလုပ်နေကြောင်းနှင့် ကျောင်းဝင်းအတွင်း ထရန်စဖော်မာထားရှိခြင်းဖြင့် ရေရှည်တွင် ကျောင်းသား ကျောင်းသူများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ကျောင်းနှင့်လွတ်ကင်းရာ ပြင်ပတစ်နေရာသို့ ပြောင်းရွှေ့ပေးစေလိုကြောင်း ပညာရေးဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ "ကျွန်မတို့ ကျောင်းဝင်းထဲမှာ ထရန်စဖော်မာစိုက်ထူဖို့ မြေကျင်းတူးနေပါတယ်။ အခုလိုပြုလုပ်နေတာ ရေရှည်မှာ ကျောင်းသား ကျောင်းသူတွေအတွက် အန္တရာယ်ရှိနိုင်သလို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးထံမှာလည်း ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ လုပ်ဆောင်နေတာပါ။ ဒါကြောင့်မို့ ကျောင်းပြင်ပ တစ်နေရာကို ရွှေ့ပြောင်းပေးစေချင်ပါတယ်"ဟု အဆိုပါ ပညာရေးဝန်ထမ်းက ပြောသည်။

**နီတိုး**



# ပြည်ရွှေဆံတော်စေတီတော်ကြီး (၉၃)ကြိမ်မြောက် ညံ့ရိုးမီးပူဇော်ပွဲကျင်းပ

**ပြည် ဖေဖော်ဝါရီ ၂၆**

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး (၉၃)ကြိမ်မြောက် ညံ့ရိုးမီးပူဇော်ပွဲနှင့် ရိုးရာထမနဲပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က စေတီတော် မြတ်စွယ်တော်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးဘဝင်းက ညံ့ရိုးမီးပူဇော်ပွဲကျင်းပခြင်းနှင့် ထမနဲဆွမ်း ကပ်လှူပွဲများနှင့် ပတ်သက်၍လည်းကောင်း၊ သာသနာရေးဆိုင်ရာများကိုလည်းကောင်း လျှောက်ထားပြီး မဟာဗောဓိ ဝေယျာဝစ္စအဖွဲ့က ထမနဲပွဲအတွက် ကောက်ခံရရှိသော အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်ခဲ့ရာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ညံ့ရိုးမီးပူဇော်ပွဲကို ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းထိပ်ရှိ ရတနာပုံဘုရားအနီး၌ နံနက် ၄ နာရီခွဲမှစ၍ ကျင်းပခဲ့ရာ ဘုရားဖူးပြည်သူများက မီးပူဇော်ခဲ့ကြပြီး ဆက်လက်၍ နံနက် ၅ နာရီခွဲတွင် ဘုရားဖူးပြည်သူများအား မဟာဗောဓိရင်ပြင်တော် မဏ္ဍပ်အတွင်း၌ ထမနဲများ စတုဒိသာကျွေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## စမ်းသပ်ပျိုးထောင်ထားသော စပါးမျိုးသစ်ပျိုးခင်းကို တောင်သူများအားပြသ

**ဖြူး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ စမ်းသပ်စိုက်ပျိုးထားသည့် အထွက်ကောင်းမျိုးသစ်၊ သက်ငယ်ပေါ်ဆန်းမွှေး မျိုးစပါးခင်းသို့ ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တောင်သူလယ်သမား ၈၀ ကျော်အား ဖေဖော်ဝါရီ ၂၅ ရက်က ဖိတ်ကြား၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

တောင်ငူခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်နန်းမြစန်းရီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝေလင်းအောင်တို့က လက်တွေ့ရှင်းလင်းပြသခဲ့သည်။ အဆိုပါ အထွက်ကောင်း မျိုးသစ်စပါး သက်ငယ်ပေါ်ဆန်းမွှေးမျိုးမှာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ရက်တိုတိုအတွင်း အထွက်နှုန်းကောင်းစွာထွက်ရှိကြောင်း၊ ၄င်းမျိုးစပါးကို ၂၀၁၆ ခုနှစ် မိုးရာသီ စပါးစိုက်ပျိုးချိန်မှစ၍ မျိုးပွားပျိုးခင်းများ စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၁၇ ခုနှစ် မိုးရာသီတွင် တောင်သူလယ်သမားများထံသို့ မျိုးသစ်စပါးများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဖြူးမြင့်ဦး**

## ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်လျက်ရှိ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၆**

ကယားပြည်နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ်တွင် ကျေးရွာပေါင်း ၅၁၁ ရွာရှိသည့်အနက် ရေပြတ်လပ်မှုဖြစ်နေသည့် ကျေးရွာများမှာ လွိုင်ကော်မြို့နယ်အတွင်း လေးရွာ၊ ဒီးမော့ဆိုမြို့နယ်အတွင်း လေးရွာ၊ ဖရူဆိုမြို့နယ်အတွင်း ၁၁ ရွာ စုစုပေါင်း ၁၉ ရွာ ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်းက ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၂၅ ရက်က မီဒီယာများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားသည်။

ရေရှားပါးသည့် ကျေးရွာများသို့ ရေလှူဒါန်းလိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(လွိုင်ကော်) ဖုန်း-၀၈၃-၂၃၁၂၄၊ ၀၈၃-၂၃၁၂၅ သို့ အကြောင်းကြားပြီး ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် လွိုင်ကော်မြို့နယ်အတွင်းမှ ရေပြတ်လပ်နေသည့် လွယ်တမူနှင့် ဒေါ်မူကလားရွာများသို့ ဖေဖော်ဝါရီ ၂၄ ရက်က လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အိအိခင်နှင့် ဝန်ထမ်းများက ရေများသွားရောက်လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

## ဂန့်ဂေါတွင် ချေသတ္တဝါများအားဖမ်းဆီးရောင်းချမှုများရှိနေ

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ သစ်တောများတွင် ကျင်လည် ကျက်စားလျက်ရှိသော တောရိုင်းတိရစ္ဆာန် ချေသတ္တဝါများအား ဖမ်းဆီးသတ်ဖြတ်ရောင်းချမှုများရှိနေသဖြင့် တောရိုင်းတိရစ္ဆာန် ချေသတ္တဝါငယ်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် တားဆီးကာကွယ်အရေးယူမှုများ ပြုလုပ်သင့်ကြောင်း ဒေသခံအချို့က ပြောကြားသည်။

"ဂန့်ဂေါညနေဈေးနဲ့ နံနက်ဈေးတွေမှာ ချေသားဆိုပြီး ရောင်းချနေတာတွေ မကြာခဏတွေ့ပါတယ်။ စားသောက်ဆိုင်အချို့မှာလည်း ချေသားဟင်းပုံမှန်ရောင်းချနေတာမျိုးတွေရှိတယ်။ ဒီလိုဖမ်းဆီးသတ်ဖြတ်ရောင်းချနေရင် ချေသတ္တဝါတွေ မျိုးသုဉ်းပျောက်ကွယ်သွားမှာ စိုးရိမ်ရပါတယ်"ဟု ဂန့်ဂေါမြို့သားတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ်သည် ၆၀၈၈.၂၃ ဧက ကျယ်ဝန်းပြီး မြို့နယ်အကျယ်အဝန်း၏ ၅၉ ဒသမ ၇၁ ရာခိုင်နှုန်းမှာ သစ်တောဖုံးလွှမ်းကာ အဆိုပါ သစ်တောများအတွင်း၌ ဆင်၊ ကျား၊ ကျားသစ်၊ ခြသေ့်၊ တောဝက်၊ ဝက်ဝံ၊ ကြံ့၊ ပြောင်၊ ဆတ်၊ သမင် ၊ တောင်ဆိတ်၊ ချေ၊ တောခွေး၊ ခွေးတူဝက်တူ၊ တောကြောင်၊ သင်းခွေချပ်၊ ကြောင်မင်း၊ မျောက်စသည့် တောရိုင်းသတ္တဝါများကို တွေ့ရှိရကြောင်း မြို့နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းများအရ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ဟိမဝန္တာအရှေ့ဖျားဒေသဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကွင်းဆင်းလေ့လာ

**ပူတာအို ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ပူတာအိုမြို့၌ သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)မြန်မာနိုင်ငံအစီအစဉ်နှင့် ICIMOD တို့ ပူးပေါင်းမှုဖြင့် ဟိမဝန္တာအရှေ့ဖျားဒေသ ဖွံ့ဖြိုးရေးနှင့်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ် (HI-LIFE) အကောင်အထည်ဖော်ရန် ကွင်းဆင်းလေ့လာခြင်းနှင့်ပတ်သက်၍ မိတ်ဆက်တင်ပြခြင်း အခမ်းအနားကို သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် ပညာပေးပြခန်း၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး ICIMOD မှ ပညာရှင် Ms. Bandana Shakya က Hi-LIFE စီမံကိန်းနှင့် Landscape Journey အကြောင်း မိတ်ဆက်တင်ပြကာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက စီမံကိန်းဆောင်ရွက်ရမည့် ကနဦးနေရာများအား မိတ်ဆက်ပြသသည်။



ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာခြောက်ရွာမှ အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဒေသခံတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းမြှင့်တင်သွားကြရန် သဘောထားအမြင်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အတွင်း ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့လည်းကောင်း၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တောင်ဘက်ရေဝေရေလဲဒေသဖြစ်သည့် နမ်ရူ၊ ဆော်လော်ဒီ၊ နမ်မရူထု၊ ဝါဆန်ဒမ်း၊ ဝမ်လိုင်ဒမ်းနှင့် လုံးနဒမ်း ကျေးရွာများသို့လည်းကောင်း ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းနှင့် ပညာပေးဟောပြောပွဲပြုလုပ်




**ကလော ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ ကလောမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးမီးဘေး ကာကွယ်ရေးအတွက် ကလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ ကလောမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် စည်ပင်သာယာဝန်ထမ်းများ၊ ကလောမြို့မရဲစခန်းမှူး ဒုတိယရဲမှူးဆွေဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကလောမြို့မီးသတ်ဦးစီးဌာနမှူး ဦးရွှန်ဒွန်းထန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကလောမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ အရန်မီးသတ်ကန်မှ မော်တာဖြင့် ရေစုပ်တင်၍ မီးငြှိမ်းသတ်ခြင်း၊ မီးသတ်မော်တော်ယာဉ်နှစ်စီးဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဈေးအတွင်းရှိ ဆိုင်များ၌ သဲပုံး၊ ရေပုံး၊ ရေကန်၊ မီးချိတ်၊ မီးကပ်များ အဆင်သင့်ထားရှိခြင်း ရှိ မရှိ၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းထားခြင်း ရှိ မရှိ၊ စားသောက်ဆိုင်၊ ဈေးဆိုင်များတွင် မီးသုံးစွဲမှု စနစ်တကျ ရှိ မရှိ စသည့် အချက်များကိုလည်း ပူးပေါင်းအဖွဲ့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ကလောမြို့မဈေးရုံး၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## လျှပ်စစ်မြစ်ရေတင် စီမံကိန်းများဖွင့်လှစ်

**ခင်ဦး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့် အောင်မင်္ဂလာ(၂)နှင့် အောင်သီရိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများကို ဖေဖော်ဝါရီ ၂၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အောင်မင်္ဂလာ(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မြို့နယ်အတွင်းရှိ လယ်မြေဧက ၄၀၀ အတွက် အကျိုးပြုမည်ဖြစ်ပြီး အောင်သီရိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှာ မိုးစပါး ဧက ၃၀၀ နှင့် နွေစပါး ၇၈ ဧက စိုက်ပျိုးနိုင်ရန် အကျိုးပြုမည်ဖြစ်သည်။


အောင်မင်္ဂလာ(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အောင်သီရိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှူး ဦးချိုလတ်နှင့် တောင်သူလယ်သမားကိုယ်စားလှယ် ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**အောင်မင်း(ခင်ဦး)**

# Reactions ကို အသုံးပြုနိုင်ကြောင်း ကြေညာထားသော်လည်း ပြည်တွင်းတွင် မရသေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကမ္ဘာ့လူသုံးအများဆုံး ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လူသုံးအများဆုံးဖြစ်သည့် Facebook တွင် ပို့စ်များကို ကြိုက်ကြောင်းပြသည့် Like ခလုတ်အပြင် Love, Haha, Wow, Sad နှင့် Angry ဟု ခလုတ်အသစ်ငါးခုပါ ပါဝင်သော Reactions ကို ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ တစ်ကမ္ဘာလုံးမှ ဖေ့စ်ဘုတ်အသုံးပြုသူတိုင်း သုံးနိုင်ပြီဟု ဖေ့စ်ဘုတ်မှ ကြေညာခဲ့သော်လည်း ပြည်တွင်း၌ အသုံးပြု၍ မရသေးသည်ကို တွေ့ရသည်။




"ဖေ့စ်ဘုတ်က ကြေညာတာတွေ့ပြီးတော့ မိုဘိုင်းမှာဆိုရင် နောက်ဆုံးဗားရှင်းနဲ့ဆိုရင် သုံးလို့ရမယ်ထင်လို့ နောက်ဆုံးဗားရှင်းကို ချက်ချင်း ဒေါင်းလုပ်ဆွဲခဲ့ပေမယ့် မရသေးပါဘူး။ ကွန်ပျူတာနဲ့ သုံးတာဆိုရင် တန်းရမလားလို့ ကွန်ပျူတာနဲ့ စမ်းကြည့်တော့လည်း မရသေးပါဘူး"ဟု လက်တွေ့စမ်းသပ်ကြည့်ပြီးသူတစ်ဦးက ပြောသည်။ အန်းဒရွိုက်ဖုန်းများအတွက် နောက်ဆုံးထွက် Facebook Application များကို ဒေါင်းလုပ်ဆွဲသော်လည်း အဆိုပါ Reactions ကို အသုံးပြု၍ မရသေးသလို အိုင်ဖုန်းအသုံးပြုသူများမှာလည်း နောက်ဆုံးထွက် ဖေ့စ်ဘုတ်အပလီကေးရှင်းများကို ထည့်သွင်းကြသည့်တိုင် အသုံးပြု၍မရသေးကြောင်း အသုံးပြုသူအချို့ထံမှ သိရသည်။

ဖေ့စ်ဘုတ်ကို အသုံးပြုသူများအနေဖြင့် ကြိုက်နှစ်သက်သော ပို့စ်တစ်ခုကို Like လုပ်၍ ကြိုက်ကြောင်းပြနိုင်သော်လည်း မကြိုက်သောအကြောင်းအရာများ သို့မဟုတ် နာရေးသတင်းနှင့် ဝမ်းနည်းဖွယ်သတင်းများ စသည်တို့အတွက် ခံစားမှုကိုဖော်ပြရန် Like ခလုတ်တစ်ခုတည်းနှင့် အဆင်မပြေသဖြင့် သုံးစွဲသူများ အဆင်ပြေစေရန် ဖေ့စ်ဘုတ်က အဆိုပါ Reactions များကို ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါခလုတ်များ ထည့်သွင်းရန် လွန်ခဲ့သည့် တစ်နှစ်ခန့်ကပင် စတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ စမ်းသပ်အသုံးပြုသူအချို့က စမ်းသပ်အသုံးပြုကာ လိုအပ်ချက်များကို ပြုပြင်ပြီးမှ အားလုံးအသုံးပြုနိုင်ရန် ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖေ့စ်ဘုတ်၏ ကြေညာချက်အရ မိုဘိုင်းဖုန်းဖြင့် အသုံးပြုသူများအနေဖြင့် Like ခလုတ်ကို ဖိနှိပ်ထားခြင်းဖြင့် ခလုတ်အသစ်များ ပေါ်လာကာ အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် ကွန်ပျူတာဖြင့် အသုံးပြုသူများအနေဖြင့် Like ခလုတ်တွင် Mouse ကို တင်ထားခြင်းဖြင့် အဆိုပါ ခလုတ်အသစ်များ ပေါ်လာကာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကြေညာထားသော်လည်း ပြည်တွင်းမှ အသုံးပြုနေသူများမှာ သုံး၍မရသေးဘဲ ရှိနေသည်။

**သူရဖြိုး**

# MPT ၏ ဒေတာများနဲ့ည ပရိုမိုးရှင်းအစီအစဉ် လူကြိုက်များနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ည ၁၁ နာရီမှမနက် ၇ နာရီအတွင်း ဈေးသက်သာစွာအင်တာနက်သုံးနိုင်မည့် MPT ၏ ဒေတာများနဲ့ည အင်တာနက်ပရိုမိုးရှင်းအစီအစဉ်ကို လူကြိုက်များနေကြောင်း အသုံးပြုသူအချို့ထံမှ သိရသည်။

ဒေတာများနဲ့ညအစီအစဉ်အရ တစ်ညလျှင် ၃၀၀ ကျပ်နှုန်းဖြင့်ဒေတာပမာဏ 250 MB၊ တစ်ပတ်လျှင်ကျပ်တစ်ထောင်နှုန်းဖြင့် ဒေတာပမာဏ 1GB နှင့် တစ်လလျှင် ၃၂၀၀ ကျပ်နှုန်းဖြင့် ဒေတာပမာဏ 4GB ကို ဝယ်ယူနိုင်သောကြောင့် တစ်လစာ 4GB ကို ဝယ်ယူပါက အင်တာနက်အသုံးပြုခ 1MB လျှင် ပြား ၈၀ သာကျသင့်မည်ဖြစ်ကာ အဆိုပါဒေတာပမာဏကို ည ၁၁ နာရီမှ နံနက် ၇ နာရီအတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။ ဒေတာများနဲ့ညပရိုမိုးရှင်းကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ရောင်းချပြီး မတ် ၃၁ ရက်အထိ ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် MPT ၏ ဆွေသဟာဝန်ဆောင်မှု ရယူထားသူများသာ ဝယ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# ၅၀၀ ကျပ်တန် ဖုန်းငွေဖြည့်ကတ်များ အော်ရီဒူးမှ စတင်မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

အော်ရီဒူးဖုန်း အသုံးပြုသူများအတွက် ၅၀၀ ကျပ်တန် ခြစ်ငွေဖြည့်ကတ်များကို ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ အော်ရီဒူးမြန်မာက စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

အော်ရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက "ကျွန်မတို့အနေနဲ့ အော်ရီဒူးဆင်းကတ် အသုံးပြုသူများ အလွယ်တကူနဲ့ အဆင်ပြေပြေ ဝယ်ယူသုံးစွဲနိုင်ဖို့ ၅၀၀ ကျပ်တန် ခြစ်ငွေဖြည့်ကတ်များကို ဖြန့်ဖြူးပေးနိုင်လို့ အလွန်ဝမ်းမြောက်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ယခင်က မြန်မာ့ဆက်သွယ်ရေး(MPT)တစ်ခုတည်းမှ မိုဘိုင်းဝန်ဆောင်မှု ပေးခဲ့စဉ်က ကျပ်ငါးထောင်နှင့် တစ်သောင်းတန် ငွေဖြည့်ကတ်နှစ်မျိုးသာ ရောင်းချခဲ့ပြီး နောက်ပိုင်း ပြည်ပအော်ပရေတာများဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောတို့ ဝင်ရောက်လာသည့်အခါ ကျပ်သုံးထောင်တန်နှင့် ကျပ်တစ်ထောင်တန် ငွေဖြည့်ကတ်များကိုပါ ရောင်းချလာခဲ့သည်။ ယခုအခါ အနည်းဆုံးငွေဖြည့်ကတ်ဖြစ်သည့် ကျပ် ၅၀၀ တန် ငွေဖြည့်ကတ်များကို အော်ရီဒူးက စတင်ရောင်းချခြင်းဖြစ်သည်။

**သူရဖြိုး**

# အွန်လိုင်းကြော်ငြာဈေးကွက်တွင် ရေခဲသေတ္တာနှင့် အဲယားကွန်းစသည့် တစ်ပတ်ရစ်ပစ္စည်းများ ရောင်းအားမြင့်တက်လာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံတွင် ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ အဲယားကွန်း၊ ရေခဲသေတ္တာစသည့် ပစ္စည်းများ အရောင်းသွက်လာချိန်တွင် အွန်လိုင်းမှ တပတ်ရစ်ပစ္စည်းများ ကြော်ငြာရောင်းချသည့် ဈေးကွက်၌လည်း ပန်ကာ၊ ရေခဲသေတ္တာနှင့် အဲယားကွန်းစသည့် လျှပ်စစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းအားမြင့်တတ်လာကြောင်း သိရသည်။

အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်ဖြစ်သည့် www.ads.com.mm မှ တာဝန်ရှိသူတစ်ဦးက "မြန်မာနိုင်ငံရဲ့ ရာသီဥတုပြောင်းလဲမှုနဲ့အတူ အွန်လိုင်းဈေးကွက်မှာလည်း အသုံးပြုသူတွေရဲ့ demand တွေက တဖြည်းဖြည်းပြောင်းလဲလာတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ဝက်ဘ်ဆိုက်ရဲ့ လူစိတ်ဝင်စားမှု အမြင့်ဆုံးဖြစ်တဲ့ မိုဘိုင်းနဲ့ ဆက်စပ်ပစ္စည်းကဏ္ဍနဲ့အပြိုင် အိမ်သုံးလျှပ်စစ်ပစ္စည်းကဏ္ဍမှာ ကြည့်ရှုသူတွေ မြင့်တတ်လာတာကို တွေ့လာရပါတယ်။ ရေခဲသေတ္တာ၊ အဲယားကွန်းတွေက တစ်ပတ်ရစ်ဈေးကွက်မှာ ဈေးသက်သက်သာသာနဲ့ ရောင်းတာအပြင် စိတ်ကြိုက်စစ်ဆေးလို့ရတဲ့အတွက် ဝယ်ယူသူတွေ မြင့်တက်လာတာကို တွေ့ရပါတယ်။ လက်ရှိ ဝက်ဘ်ဆိုက်မှာရှိတဲ့ Branded ပစ္စည်းထဲမှာ ဆိုရင် Phillip , Panasonic နဲ့ Share အမျိုးအစားတွေကို ဝယ်လက်တွေဘက်က စိတ်ဝင်စားမှုပိုမြင့်နေပါတယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက်ရဲ့ လျှပ်စစ်ပစ္စည်းကဏ္ဍမှာ ပစ္စည်းတွေ ရောင်းသူဝယ်သူ များပြားလာတဲ့အတွက် လက်ရှိလျှပ်စစ်ပစ္စည်းနှင့် ဆက်စပ်ကဏ္ဍမှာဆိုရင် ပစ္စည်းပေါင်းခြောက်ထောင်နီးပါးကို ရှာဖွေနိုင်ပါတယ်"ဟု ပြောသည်။

လျှပ်စစ်ပစ္စည်းများ အသုံးများလာခြင်းကြောင့် လျှပ်စစ်ပစ္စည်းများကို အသုံးပြုလျှင် ဆင်ခြင်သတိပြုဖွယ်အချက်များကိုလည်း www.ads.com.mm ဝက်ဘ်ဆိုက်တွင်နှင့် ဝက်ဘ်ဆိုက်၏ ဆိုရှယ်မီဒီယာများဖြစ်သော Facebook Page၊ Beetalk နှင့် Blog များတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် DD/6248 Toyota Probox NCP51 S/W(4x2)R ယာဉ်လက်ဝယ် ရှိသူ ဒေါ်တင်တင်ရီ ၁၂/သကတ(နိုင်)၀၆၃၂၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/3577 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2D/5584 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း**

အချိုရည်၊ အသီးဖျော်ရည်၊ ဂျယ်လီမှာ/ဖျော၊ Jelly Candy ရေခဲမုန့်၊ ပုလဲမစ်ရှိတ်၊ ဖာလူဒါ၊ ဒိန်ချဉ်၊ အအေးဆိုင်မွှေနည်း၊ ယိုမျိုးစုံ၊ ဖော်ဒီ၊ ဒိုင်၊ Sauce၊ ကိတ်၊ ပေါင်မုန့်၊ ကွတ်ကီးမျိုးစုံ၊ ဗျပန်စတိုင်လမုန့်၊ နံကထိုင်၊ အီကလဲ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း။

MASTER အရောင်းဆိုင် အမှတ်(၁၂၄) ၂၇လမ်း (အလယ်ဘလောက်) အအေးကုန်ကြမ်း ရှိုးရုံရရှိနိုင်ပါသည်

MASTER စားသောက်ကုန်သင်တန်း(ပေါင်မောသစ်)
အမှတ်(၁၀၀/၁၀၂)၊ ၇လွှာ(ဓါတ်လှေခါးဖြင့်တက်ပါ)၊ ၂၇လမ်း(အလယ်)၊ ရန်ကုန်။ သင်တန်း - 01-389340 ၊ စုံစမ်းရန်-အမှတ်(၁၂၄)၊ မြေညီ၊ ၂၇လမ်း(အလယ်)၊ရန်ကုန်။ 01-248014, 01-379071,09-73181875

**နှစ်ထပ်တိုက် တာမွေမြို့နယ်တွင်ငှားမည်**

ပေ ၇၀ ပေ ၁၀၀ နှစ်ထပ်တိုက်
တာမွေအဝိုင်း၊ ၅ လမ်းဆုံအနီး
၁၆၄ လမ်း၊ တာမွေမြို့နယ်၊
တစ်လ ကျပ်သိန်း ၃၀ဖြင့် ငှားရမ်းမည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၃၃၃၆၈၀၊ ၀၉-၇၈၆၆၇၁၈၁၄**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ Zayan Htoo Treading Co.,Ltd.ပိုင် လိုင်စင် ၂၄-၄-၂၀၁၄ FF-5749 (MDY)Taxi (Import Declaration Registration:No.865122)သွင်း ကုန်လိုင်စင် (ILV/14-15/1719) မူရင်း၊ (ကညန)ယာဉ်စစ် စာရွက်စာတမ်းမူရင်းများနှင့် ငွေသွင်းချလန်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၁၆၇၃၃၂၊ ၀၁-၂၀၂၀၄၀**

**အိုင်အယ်(လ်)အိုရဲ့ ဆက်သွယ်ရန် တယ်လီဖုန်းနှင့် ဖက်စ်နံပါတ်များ**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)သည် ယင်း၏ အော်တိုတယ်လီဖုန်း ဝန်ဆောင်မှုများကို သုံးစွဲသူပြည်သူများအတွက် အဆင့်မြင့်အပြောင်းအလဲများလုပ်ထားပါသဖြင့် ရန်ကင်း RSU အိတ်ချိန်းသည်လည်း ယင်း၏စက်မှုပိုင်းဆိုင်ရာ ကဏ္ဍများကို ပြောင်းလဲမြှင့်တင်ရန် လိုအပ်ကြောင်းအကြံပြုလာပါသည်။ ယင်းကို ခေတ်မီ MSAN Exchange ဖြင့် အဆောတလျင် အစားထိုးသွားမည်ဖြစ်ရာ ILO ရုံး ဖုန်းနံပါတ်များ၏ ပထမဂဏန်းသုံးလုံးကို ပြောင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်အသစ်များမှတစ်ဆင့် ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးနှင့် ဆက်သွယ်သတင်းပေးနိုင်ပါသည်။

**ဆက်သွယ်ညှိနှိုင်းရေးအရာရှိ**
**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်(လ်)အို)**

| | |
|---|---|
| ရုံးလိပ်စာ | - အမှတ် (၁/က)၊ ကန်ဘဲ့လမ်း (သစ္စာလမ်း) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| တယ်လီဖုန်း | - ၀၁-၂၃၃၆၅၃၈၊ ၀၁-၂၃၃၆၅၃၉ ၀၁-၅၇၈၉၂၅၊ ၀၁-၅၇၉၉၅၆ |
| ဖက်စ် | - ၀၁-၂၃၃၆၅၈၂ |
| စာတိုက်သေတ္တာ | - ၆၇၉ |
| အီးမေးလ် | - yangon@ilo.org |

အိုင်အယ်(လ်)အိုသည် ဤအခွင့်အရေးကိုအသုံးပြု၍ ပြည်နယ်/တိုင်းဒေသကြီးအချို့ရှိ ILO နှင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်တို့ကို ပြည်သူများသိစေရန် အသိပေးပါသည်။

**အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားရန် တယ်လီဖုန်းနံပါတ်များ**

| | |
|---|---|
| မန္တလေးတိုင်းဒေသကြီး | - ဖုန်း-၀၉-၄၅၂၆၅၉၃၄၅ |
| မကွေးတိုင်းဒေသကြီး | - ဖုန်း-၀၉-၄၄၈၀၅၉၀၃၆ |
| ပဲခူးတိုင်းဒေသကြီး | - ဖုန်း-၀၉-၇၃၂၂၀၂၀၆ |
| မွန်ပြည်နယ် | - ဖုန်း-၀၉-၄၂၁၁၇၅၅၆၂ |
| ချင်းပြည်နယ် | - ဖုန်း-၀၉-၄၅၂၆၅၉၃၄၆ |

**၂၄နာရီ/ခုနစ်ရက်လုံး ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ် - ၀၉-၄၅၂၆၅၉၃၄၄**

**ငြိမ်းချမ်းရေးစီမံကိန်း (ရှမ်းပြည်နယ်တောင်ပိုင်း)**

| | |
|---|---|
| **ရုံးလိပ်စာ** | - အမှတ် ၁၄၊ နဝရတ်လမ်း၊ သစ်တောရပ်ကွက် တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| **ဆက်သွယ်ရန်တယ်လီဖုန်း** | - **ဖုန်း-၀၉-၂၅၀၇၈၆၄၁၁** |

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၃/၂၀၁၅-၂၀၁၆ ကြိမ်မြောက်
# အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသား (တတိယတန်းနှင့် အထက်) အရွယ်အစားစုံ ၉၁ ဒသမ ၆၀၅၄ တန်အား အိတ်ဖွင့်လေလံဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၃-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီ

(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၉၊ ၀၁-၃၇၂၄၄၇၊ ၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## သစ်တောဖက်စပ်၊ အစုရှယ်ယာအရင်းငွေထည့်သွင်းရန်ကျန်သည့်
## အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားခြင်း

သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်သည် ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ (၂၀၁၄-၂၀၁၅)ဘဏ္ဍာနှစ်အထိ အစုရှယ်ယာရှင်များသို့ အစုရှယ်ယာအမြတ်ဝေစုများ ထုတ်ပေးလျက်ရှိပြီး ၂၁-၁၂-၂၀၁၂ ရက်မှစ၍ ၂၅ ရာခိုင်နှုန်း နောက်ဆုံးအရစ် (Final Call)ထပ်မံ ခေါ်ယူလျက်ရှိပါသည်။

သို့သော် အချို့သော အစုရှယ်ယာရှင်များမှ (Second Call)နှင့် (Final Call) အစုရှယ်ယာ အရင်းငွေသို့ ထည့်ဝင်ရန်ကျန်ငွေများ ထည့်သွင်းခြင်းမပြုသေးသည့်အပြင် အချို့မှာ နှစ်ဟောင်း အမြတ်ဝေစုများလည်း ယခုအချိန်ထိ လာရောက်ထုတ်ယူခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ သစ်တောဖက်စပ်၏ "သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ" အပိုဒ် ၁၀၉ အရ "အစုရှယ်ယာအရင်းငွေ ထည့်ဝင်ရန်ကျန်ရှိသော အစုရှယ်ယာများအတွက် ၄င်းတို့ရရန်ရှိသည့် အမြတ်ဝေစုများမှ ထုတ်ယူ၍ ၄င်းတို့၏ အစုရှယ်ယာအရင်းတွင် ထည့်သွင်းမည်"ဖြစ်၍ ၃၁-၃-၂၀၁၆ ရက်အတွင်း ဤရုံးအမှတ် ၅၂/၆၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၁-၉၀၁၀၇၃၇ သို့ လာရောက်ဆက်သွယ်ပါရန်နှင့် ဆက်သွယ်ခြင်းမရှိပါက အထက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း အစုရှယ်ယာအရင်းငွေထည့်ရန်ကျန်သည့် အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်-

ရက်စွဲ- ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်

**ဒါရိုက်တာအဖွဲ့**
**သစ်တောဖက်စပ်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၆၅ နှင့်ဆက်နွယ်သည့်
## ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၅

ဒေါ်ခင်စောဝင်း **နှင့်** ၁။ ဒေါ်အေးကြည်
၂။ ဒေါ်အရှာဘီ(ခ)ဒေါ်စိန်တင်
၃။ ဒေါ်ကြန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ၎ဝါလမ်း ၂၂၇၊ ခေါင်းရင်း(မြေညီထပ်)နေ တရားရှုံး (၁) ဒေါ်အေးကြည်၊ (၂) ဒေါ်အရှာဘီ(ခ)ဒေါ်စိန်တင်၊ (၃) ဒေါ်ကြန် (အတူနေညီအစ်မများ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၄၆၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်စောဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၅ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဋ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၆နှင့် ဆက်သွယ်သည့်
## ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဦးဝင်းကို **နှင့်** ၁။ ဒေါ်ရွှေကြည်၊ ၂။ ဦးစိုင်းလှိုင်းဆိုင်
၃။ ဦးစန်းလွင်

**တရားနိုင်** **တရားရှုံးများ**

၁။ တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် ၁၀၃ နေ ဒေါ်ရွှေကြည်
၂။ ကွန်ဟိန်းမြို့နယ်၊ မြို့မအုပ်စု၊ ကာလိကျေးရွာနေ ဦးစိုင်းလှိုင်းဆိုင် (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တောင်ကြီးမြို့ မြို့နယ်တရားရုံး၏ ၂၀၁၅ခုနှစ် တရားမကြီးမှု အမှတ် ၃၆တွင် ကျရောက်သည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းကိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၆ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဋ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၂၄

ဦးသန့်ဟန် **နှင့်** ၁။ ဒေါ်ခင်မေသိန်း
၂။ ဒေါ်မေမေသိန်း
၃။ ဦးဘမောင်သိန်း
၄။ ဦးချိုတူး(ခ)ဦးတင်ထွန်းငွေ
၅။ ဦးလှအောင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စမ်းချောင်းလေးကျေးရွာ၊ လော့်ကားနေ (၂)တရားပြိုင် ဒေါ်မေမေသိန်း၊ (၃)တရားပြိုင် ဦးဘမောင်သိန်းနှင့် အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၃၃နေ (၄)တရားပြိုင် ဦးချိုတူး(ခ)ဦးတင်ထွန်းငွေ၊ (၅) တရားပြိုင် ဦးလှအောင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၂ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်သွန့်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

# ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၇
### ကွယ်လွန်သူဦးနာတာလူး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တံတားလေး၊ ပန်းပင်ကုန်းလမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးနာတာလူး၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးကြည်လှိုင်ကြီး(ခ)ဦးစံမြ (အိုင်အက်စ်အင်န် ၀၅၄၈၄၂)၊ အမှတ် ၄၈၈(က)၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် မတ် ၁၈ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးနာတာလူး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ် မတ် ၁၈ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၀ရက်) နံနက် ၁၀း၀၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးကြည်လှိုင်ကြီး(ခ) ဦးစံမြ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 7-F၊ လူနေရပ်ကွက် အမှတ်ညောင်တန်းအိမ်ရာ၊ မြေကွက်အမှတ် 10.D/1.L၊ ဧရိယာ ၀ဒသမ ၀၂၂ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၅)၊ ညောင်တန်းလမ်းသွယ်၊ ၅ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးဝင်းလွင် ၉/မနမ(နိုင်)၀၂၃၄၄၄ (MDYNE-၀၀၈၀၃၆)အမည်ပေါက်တည်ရှိပြီး ၄င်းမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းသူကောင်း** **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၂၁)တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(ခြောက်ထပ်တိုက်)၏ မြေညီထပ်တိုက်ခန်းနှင့် ပထမထပ်တိုက်ခန်း(ကန်/ရှေ့ရပ်ကွက်၊ ၉၃ လမ်းနှင့် ကပ်လျက်အခန်း)၊ အကျယ်အဝန်း (၁၅ ပေ× ပေ ၅၀)ရှိ တိုက်ခန်း နှစ်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်လက်ဝယ်ရှိသူဖြစ်ကြောင်းနှင့် ကိုယ်တိုင်အမည်ပေါက် မြေပိုင်ရှင်ဖြစ်ကြောင်း တင်ပြပြောဆိုလာသူ ဒေါ်ဆင့်ဆင့်လေး ၁၂/မဂတ(နိုင်)၀၄၇၈၃၉ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှစ်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင် အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းထွန်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**အမှတ်(၈)၊ အောင်သုခလမ်း၊ အမှတ် ၅ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀**

## ရွှေဥက္ကလာရေသန့်စက်ရုံမှ
## အမြန်အလိုရှိသည်

ဝန်ထမ်းများ ကျား ၅ ဦး၊
မ ၅ ဦး၊ ယာဉ်မောင်း ၂ ဦး
နယ်ဝန်ထမ်း ဦးစားပေးမည်။
နေရန် စားရန် စီစဉ်ပေးမည်။
ဖုန်း-၀၉-၅၁၆၂၅၀၆၊
၀၉-၄၄၈၀၀၂၆၂၄၊
အမှတ် ၁၉၊ သုနန္ဒာလမ်းနှင့်ဘုမ္မာလမ်းထိပ်၊ ည+ဠရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်

## သရက်ခြံ နှစ်ချုပ်ဖြင့်
## ငှားမည်

၁၀နှစ်သားနှင့် အထက်ရှိသော မန္တလေးရင်ကွဲအပင် ၁၀၀၊ ၂၀၀နှင့်အထက် ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ အုတ်ဖိုတွင် ရှိသည်။ အပင်ချုပ်၊ နှစ်ချုပ်ဖြင့် ငှားလိုသူများ အမြန်ဆက်သွယ်ပါ။

**ဖုန်း** - ၀၉-၇၉၃၇၀၇၀၆၉
၀၉-၇၇၉၉၂၂၄၆၉
Viber **ဖြင့်လည်း ဆက်သွယ်နိုင်ပါသည်။**
**ဖုန်း** - ၀၉-၇၉၅၁၄၆၄၂၄

# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

AGTI Society (ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း)၏ ရုံးအဖွဲ့မှူးရာထူးနေရာ လစ်လပ်နေပါသဖြင့် အောက်ဖော်ပြပါ အရည်အချင်းများနှင့်ကိုက်ညီသူများသည် ၁၁-၃-၂၀၁၆ ရက် (သောကြာနေ့) နောက်ဆုံးထား၍ CV+ဓာတ်ပုံ (၃)ပုံနှင့်အတူ လျှောက်ထားနိုင်ပါသည်-

(က) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည် (MBA သို့မဟုတ် Management ဘွဲ့ရသူများကို ဦးစားပေးမည်)
(ခ) စီမံအုပ်ချုပ်မှု အတွေ့အကြုံအနည်းဆုံး (၁၀)နှစ်ရှိပြီးသူ ဖြစ်ရမည်။
(ဂ) အသက် ၃၅-၅၅ နှစ်အတွင်း ဖြစ်ရမည်။
(ဃ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ဆက်သွယ်ရန်-**
ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း
၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန် ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅၊ ၀၉-၅၀၅၆၇၁၇ သို့ ဆက်သွယ်၍ လျှောက်ထားနိုင်ပါသည်။

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၂၅

ဦးသန်းထိုက်ဝင်း **နှင့်** ၁။ ဦးတင့်နိုင်ဦး
၂။ ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ သိမ်ကြီးရပ်၊ ဈေးလမ်း၊ အမှတ် ၁၂၁ နေ အမှတ်(၂) လျှောက်ထားခံရသူ ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးသန်းထိုက်ဝင်းက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်(၂၁)၊ နည်း ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် မတ် ၇ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဋ္ဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁၅)၊ ၅ လမ်း၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဦးသန်းစိုးအမည်ပေါက် ဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းစိုး ဖုန်း-၀၉-၄၀၀၄၅၄၄၈၉၊ နန္ဒဝန်ရပ်၊ မုံရွာမြို့**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း
## ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်(တတ-၁၅)၊ ဦးပိုင်အမှတ် ၃၉၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးခင်မောင်ညို(ခ)ဦးမောင်ညို ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်တော် ဦးခင်မောင်ညို(ခ)ဦးမောင်ညိုမှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် RD နံပါတ် ၂၅၁၅/၂၀၀၆ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်နေ ဦးအောင်လင်း (ဘ)ဦးကျော်ဇော ၉/ခမစ(နိုင်)၀၁၇၃၄၄သို့ ၁၁-၁၀-၂၀၀၆ ရက်က အထူးကိုယ်စားလှယ်စာ လွှဲအပ်ခဲ့ပါသည်။ ယခုအခါ လုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် ယင်းအထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်လိုပါက ၁၄ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးခင်မောင်ညို(ခ)ဦးမောင်ညို**
**၉/မနမ(နိုင်)၀၁၁၇၆၃**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဦး
### ကဗျာဆရာ မောင်လင်းယုန်-ရှမ်းပြည်
### အသက်(၈၃)နှစ်

အင်းစိန်မြို့နယ်နေ ဒေါ်ခင်သန်း(ခ)ဒေါ်မြတ်မြတ်သင်း(အငြိမ်းစား၊ အလယ်တန်းပြ၊ အထက-၁၊ အင်းစိန်)၏ခင်ပွန်း ဦးမြင့်ဦး(မောင်လင်းယုန်-ရှမ်းပြည်)သည် ၂၆-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်
ဝန်ထမ်းမိသားစုများ
ပြန်ကြားရေးဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လတ် အသက်(၈၈)နှစ်

ဦးထွန်းထွန်းနိုင်(အမြဲတမ်းအတွင်းဝန်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)နှင့် ဒေါ်ခင်ဆွေလတ် (ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့)တို့၏ဖခင်သည် ၂၃-၂-၂၀၁၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့
ဝန်ထမ်းမိသားစု

## ပိဋကတ်သုံးပုံဒါယကာကြီး
## ဦးအေးကြိုင် အသက်(၈၅)နှစ်
### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးဘဏ်(ရုံးချုပ်)

မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နေ မြို့အုပ်(ဦးဖြိုး-ဒေါ်လေးကြီး)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၃၇နေ ဒေါ်ခင်လေး(အငြိမ်းစား၊ ကျောင်းဆရာမ)၏ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်နေ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးထွန်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာနခွဲ)-ဒေါ်ဝါဝါအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေဌာနခွဲ)၊ ဦးခင်မောင်သန်း-ဒေါ်အေးမြင့်မြင့်တို့၏ဖခင်၊ မချိုဇင်သက်(စတုတ္ထနှစ်၊ EC၊ တောင်ငူနည်းပညာတက္ကသိုလ်)၊ မဆုမြတ်ဦး(Grade-9, ရန်ကင်း TTC)၊ မောင်ဟိန်းထက်နိုင်(Grade-6, ရန်ကင်းTTC)တို့၏အဘိုးသည် ၂၆-၂-၂၀၁၆ရက်(သောကြာနေ့)နံနက် ၆နာရီတွင် အရှေ့အနောက်ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဦးရွှေသွင်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်အေး(ကထိက၊ ဌာနမှူး၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာဇော်လွင်-ဒေါက်တာဖြူအေးသွင်(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာသွင်မောင်အေး-ဒေါ်ဇင်မော်မြင့်ဦး(ခေတ္တ-စင်ကာပူ)၊ ဦးဝင်းကိုကို(ကမ္ဘောဇရတနာဘဏ်)-ဒေါ်ခင်စပယ်သွင်(ဆေးဘက်ရန်ကုန်)တို့၏ ဖခင်၊ မေဦးသွင်၊ ဝင်းလဲ့ဟေမန်သွင်၊ ဝင်းအိဝဿန်သွင်တို့၏ဘိုးဘိုးသည် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ရက်(အင်္ဂါနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၆ရက်(စနေနေ့)နံနက် ၉နာရီမှ ၁၂နာရီအထိ ကမ္ဘာအေးဘုရားလမ်း၊ ဂမုန်းပွင့်ကွန်ဒို(၈)ထပ်၊ အခန်း(၈-ဒီ) အမှတ် ၂၀၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးမြင့် အသက်(၈၁)နှစ်
### ဦးစီးအရာရှိ(ငြိမ်း)၊ နိုင်ငံတော်သမ္မတရုံး(၁၉၈၁-၁၉၉၅)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ စံပယ်လမ်း၊ အမှတ် ၃၉၉နေ (ဦးမှဲ့-ဒေါ်ပျော့)တို့၏သား၊ (ဦးမြအောင်-ဒေါ်မြတင်)တို့၏သားသမက်၊ (ဒေါ်ညွန့်ညွန့်ရွှေ)၏ခင်ပွန်း၊ (ဦးသန့်ဇင်-ဒေါ်နုနုရီ)၊ ဦးနိုင်ဝင်း(နိုင်ငံတော်သမ္မတရုံး)-ဒေါ်ခင်ဖြူဖြူထွန်း(ကမ္ဘောဇဘဏ်)၊ ဒေါ်သီတာမြင့် (နှစ်ရှည်သီးနှံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏ဖခင်၊ ဗိုလ်ကြီးဗညားဇင်-ဒေါ်စုစုမော် (JUKI SINGAPORE PTE LTD)၊ မနှင်းအိန္ဒြာနိုင်တို့၏အဘိုးသည် ၂၆-၂-၂၀၁၆ ရက်(သောကြာနေ့)နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၆ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## တပ်ကြပ် ဗန်ကျဲအို
## @ Salai Van Ceu
### အသက်(၃၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ New Hmun Tha ရွာနေ (Pu Lal Thang Lian) - Pi Phun Kip Sung တို့၏ ချစ်လှစွာသောသား၊ Sali Nei Tho Lian (တာဟန်း)၊ Pi Lal Biak Eng-Pu Lal Biak Ni (Aizawl), Pu Lal Ngen Cung - Pi Lal Num Fel (Aizawl), Salai Lal Din Thar (Yangon)တို့၏အစ်ကိုကြီးသည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၄း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၂-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်း (CBC ဘုရားကျောင်း)မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဒေါ်တင်တင်မြိုင်(ငြိမ်း)
### N-259 စစ်သူနာပြုအရာရှိ
### အပတ်စဉ်(၅)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၇လမ်း၊အမှတ် ၂၇၀၊ သုံးလွှာနေ (ဒေါက်တာဦးထွန်းအေး)၏ ဇနီး၊ ဦးသန်းမြိုင်၊ ဦးအောင်မြိုင်-ဒေါ်သီရိမောင်၊ ဒေါ်နီနီမြိုင်တို့၏အစ်မ၊ ဦးတင်ဝင်းထွန်း(ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဦးစီးဌာန၊ ကွန်ဟိန်းမြို့)-ဒေါ်ကေသီခိုင် (အစိုးရနည်းပညာအထက်တန်းကျောင်း၊ပင်ပက်၊ တောင်ကြီးမြို့)တို့၏မိခင်၊ မအေးချမ်းမိုး(အလက-ခွဲ၊ မ-၄၊ တောင်ကြီးမြို့)၊ မောင်ကျော်ဇင်သန့်တို့၏ အဘွားသည် ၂၅-၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး အသက်(၈၃)နှစ်
### ကဗျာဆရာ မောင်လင်းယုန်-ရှမ်းပြည်

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင် ၁လမ်း၊ အမှတ်(7/B)နေ ဒေါ်ခင်သန်း(ခ)ဒေါ်မြတ်မြတ်သင်း(အငြိမ်းစား၊ အလယ်တန်းပြ၊ အထက-၁၊ အင်းစိန်)၏ခင်ပွန်း၊ ကိုသစ္စာ(General Guitar Guide-ဂီတာသင်တန်း)-ဒေါ်သူသူဟန်၊ဦးမေတ္တာ၊ ဒေါက်တာခင်နံ့သာဦး(တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ ပဲခူးတက္ကသိုလ်)တို့၏ဖခင်၊ မချန်စယ်လာ၊ မောင်နေလတို့၏အဘိုး၊ ဦးမြင့်မောင်-ဒေါ်သာထက်၊ (ဦးမြင့်ဆွေစိမ်း၊ စာရေးဆရာ စိမ်းဆွေမြင့်)-ဒေါ်နီလာအေး၊ ဒေါ်နန်းခင်လေးကြီး-ဦးလမင်း(Surveyor Manager-MNC)၊ ဒေါ်နန်းခင်လေးငယ် @ Ruby Sein (Medical Interpreter,USA)၊ ဦးမောင်မောင်ကျော်ဝင်း-ဒေါ်အေးမြင့်(USA)၊ ဒေါ်တူးတူးမြင့်သိန်း (DVB ရုပ်သံ-Producer/ Programmer)-ဦးမြင့်သိန်း(ကာတွန်းမြင့်သိန်း)၊ ဒေါ်ခင်မူ(SKY Net Media Library)-ဦးမြင့်သိန်း(တွဲဖက်ပါမောက္ခ၊ ဆိပ်ကမ်းအင်ဂျင်နီယာဌာန၊ ရေကြောင်းတက္ကသိုလ်)၊ ဒေါ်နယ်လီအေး-ဦးဝင်းအောင် (Consultant Engineer-Supreme)တို့၏အစ်ကိုကြီးသည် ၂၆-၂-၂၀၁၆ရက် မွန်းလွဲ ၂း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး အသက်(၈၃)နှစ်
### ကဗျာဆရာ မောင်လင်းယုန်-ရှမ်းပြည်

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊နံ့သာမြိုင် ၁လမ်း၊ အမှတ်(7B )နေ ဒေါ်ခင်သန်း(ခ)ဒေါ်မြတ်မြတ်သင်း(အငြိမ်းစား၊ အလယ်တန်းပြ၊အထက-၁၊ အင်းစိန်)၏ခင်ပွန်း၊ ကိုသစ္စာ(General Guitar Guide ဂီတာသင်တန်း)-ဒေါ်သူသူဟန်၊ ဦးမေတ္တာ၊ ဒေါက်တာခင်နံ့သာဦး(တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ပဲခူးတက္ကသိုလ်)တို့၏ဖခင်၊ မချန်စယ်လာ၊မောင်နေလတို့၏အဘိုး၊ ဦးစိုင်းကျော်စွာဦး-Ruberta Oo (Canada)၊ ဦးစိုးစိုး-ဒေါ်အေးသူဇာ(Malaysia)၊ ဒေါ်မျိုးမျိုး(UK)၊ ဒေါ်အိရွှေစင်-ဒေါက်တာအောင်သန့်ဇင်(USA)၊ ဒေါ်မိုးမိုး-ဦးကိုကိုလတ်၊ ဒေါ်ချောစုစုဝေ-Michael Lushey (UK)၊ ဦးစိုင်းထိန်လင်း-ဒေါ်ခင်မမ၊ ဒေါ်ရည်မွန်(ရည်မွန်-ယဉ်ကျေးမှုတက္ကသိုလ်)၊ ဦးမျိုးမြင့်(ကိုမျိုး-မြန်မာစာ)၊ ဦးစိုင်းဖြိုးဝေ(USA)၊ ဦးစိုင်းညီညီလင်း-ဒေါ်စုစုဝင်း(Singapore)၊ ဦးစံရွှေမြင့်-ဒေါ်ဝင်းလဲ့လဲ့ဖြိုး၊ ဒေါ်သက်သက်နွယ်-ဦးမင်းလွင်၊ ဒေါ်စံပယ်အေး-Marius Gladys (USA)၊ ဒေါ်နန်းမိုခမ်း၊ ဒေါ်ဂျူးဂျူးမြင့်သိန်း-ဦးချစ်ကိုလင်း၊ ဦးစိုင်းနော်ခမ်း၊ ဦးစိုင်းအာကာဖြိုးမင်း-ဒေါ်ဝင့်သူသူနိုင်၊ ဒေါ်ယုထက်အောင်(Snow)-(ဦးဝင်းလွင်ထွန်း)၊ ဒေါက်တာနုရွှေဝါတို့၏ဘကြီးသည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်သန်း အသက်(၇၄)နှစ်
### (လျှပ်စစ်လက်ရွေးစင်ဘောလုံးသမားဟောင်း) M.E.P.E (ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၁၉(လေးလွှာ)နေ(ဦးကျော်လှ)-ဒေါ်သီလှတို့၏သား၊(ဦးထွန်းရင်-ဒေါ်သောင်းတင်)တို့၏သားသမက်၊ ဒေါ်စန္ဒာ၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းနိုင်-မဝါဝါလွင်တို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွေးအောင်(ခ)ကိုထွေး အသက်(၆၁)နှစ်
### တိုင်းချစ်ဘလောက်တိုက်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊(၈)ရပ်ကွက်၊ဝတ်ကျောင်းလမ်း၊ ရေကျော်၊ အမှတ် ၁၉နေ (ဦးဘဆက်-ဒေါ်လှရွှေ)၊ (ဦးကျော်ဝင်း-ဒေါ်စံပယ်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ဦးခင်ဆိုင်-ဒေါ်စန်း၊ ဦးဆက်မြင့်-ဒေါ်ဖြူဖြူ၊ ဦးအောင်စိုး-ဒေါ်ရီရီမြင့်တို့၏ညီ/မောင်၊ဦးမောင်မောင်သန်း-ဒေါ်ဌေးဌေးဝင်း၊ ဦးမြင့်ဝေ-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ခင်စန်းရီ၊ ဦးမြင့်ကျော်-ဒေါ်ကြည်ကြည်ခင်တို့၏အစ်ကို၊ မောင်ကောင်းမြတ်ဝေ-မအိပပအောင်၊ မောင်ကျော်စွာဝင်း-မဝင့်အိအိအောင်၊ ဗိုလ်ကြီးနေထွဋ်(DSMA, 14th INTAKE)တို့၏ချစ်လှစွာသောဖခင်၊ မောင်သူရိန်စိုး၊မောင်ရဲရင့်ဝေတို့၏အဘိုးသည် ၂၆-၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၆း၃၀နာရီတွင် အမှတ်(၁)တပ်တော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မသီဂီမြင့်ဦး (CB Bank)
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင် ၇၊ အမှတ် (၁၅၅/က)နေ ဦးစန်းမြင့်ကြိုင်(ကမ္ဘောဇဘဏ်) - ဒေါ်ခင်ခင်ဦးတို့၏ သမီး၊ ကိုနေအောင်မြင့်ဦး-မပို၊ ဦးဇော်လင်း (သစ်တောဦးစီးဌာန၊ ကန်ပက်လက်)-ဒေါ်နွယ်နီမြင့်ဦး (သစ်တောဦးစီးဌာန၊ ကန်ပက်လက်)၊ ဦးအောင်ကျော်မိုး-ဒေါ်သန္တာမြင့်ဦး (မြန်မာ့စီးပွားရေးဘဏ်၊နေပြည်တော်)တို့၏ညီမ၊ ဦးလအောင်မြင့်ဦး(ခေတ္တ-စင်ကာပူ)-ဒေါ်ချယ်ရီဆွေ (ဆောင်းဟေမာန်ကုမ္ပဏီ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင် ၇၊ အမှတ်(၁၅၅/ခ)နေ ဦးသက်ခိုင်ဦး၏ဇနီး၊ မအေးချမ်းပြည့်ဖြိုး (Grade-2၊ အလက-၁၁)၏ မိခင်သည် ၂၄-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နုနုရင် (ငြိမ်း)
### အလက(၂)ဗဟန်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်ကြီးဖေမြင့်)-ဒေါ်တင်ရွှေတို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးတင်အေး၊ ညွှန်ကြားရေးမှူး(ငြိမ်း)-ဒေါ်မြင့်မြင့် ]တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊နှင်းဆီမြိုင်လမ်း၊ Rose Park (1)၊ အမှတ် ၇၂နေ ဦးတင်ဦး(ညွှန်မှူး၊ ငြိမ်း၊ ဆည်မြောင်း၊ဇလဗေဒဌာနခွဲ)၏ဇနီး၊ဗိုလ်မှူးစိုးနိုင်(ငြိမ်း) မြန်မာ့ကျောက်မျက်(သတ္တုတွင်းဝန်ကြီးဌာန) - ပါမောက္ခဒေါက်တာစမ်းစမ်းမြင့် (ပါ/မှူး၊ CWH)၊ (ဦးတင်ညွန့်)-ဒေါ်သီတာမြင့်၊ဦးဖုန်းမြင့်-ဒေါ်ခင်မာချို၊ဦးသက်မြင့်-ဒေါ်ခင်သန္တာဝင်း၊ ဦးသူရမြင့်-ဒေါ်နီလာခင်တို့၏အစ်မ၊မောင်အံ့ဘွယ်ဇင်-(မအေးစန္ဒာဦး)၊မောင်ဝေလင်းဦး၊ မောင်မျိုးသူရ-မအေးသော်တာဦးတို့၏ ချစ်လှစွာသောမိခင်သည် ၂၆-၂-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင်ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြည် (ဖြူး)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စဉ့်ဂူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် (က/၅၆၇)နေ (ဦးဘကြမ်း-ဒေါ်ရွှေလှိုင်)တို့၏သမီး၊ (ဗိုလ်ကြီးဘုန်းလှိုင်)၏ဇနီး၊ ဒေါ်ကြည်ကြည်သိန်း၊ ဦးစိုးလှိုင်၊ ဒေါ်အိအိမွန်တို့၏ မွေးစားမိခင်ကြီးသည် ၂၆-၂-၂၀၁၆ ရက်(သောကြာနေ့) နံနက် ၁၀း၃၅နာရီတွင် အင်းစိန်မြို့နယ်ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၆ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ငွေစု (ကော့ပလိုင်)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊အမှတ် ၉၈(၄-B)နေ(ဦးပန်းဦး-ဒေါ်ငွေချစ်)တို့၏သမီး၊ (ဦးလေး-ဒေါ်တီ)တို့၏သမီးချွေးမ၊ ဦးချစ်မောင်(ဆက်သွယ်ရေးစခန်းမှူး၊ ငြိမ်း)၏ဇနီး၊ ဦးမင်းသက်မွန်(UNITEAM)-ဒေါ်ခင်ချို၊ ဦးမင်းရဲလင်း(လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြဝတီမြို့)၊ (ဦးမင်းလှထော)၊ (ဦးမင်းအောင်သီဟ)၊ ဦးမင်းကောင်းလှမော် (RAFFLES) - ဒေါ်ဇာဇာသန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၆ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မာလာရွှေ အသက်(၆၄)နှစ်
### အလယ်တန်းပြ(ငြိမ်း)
### (အထက-၄၊ အလုံ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၆နေ (ဦးအုန်းရွှေ-ဒေါ်ကျင်ထွေး)တို့၏သမီး၊ (ဦးဇော်ဝင်းရွှေ)၊ ဦးခင်မောင်ကြည်-(ဒေါ်ခင်မျိုးရွှေ)၊(ဒေါ်တင်မျိုးရွှေ)တို့၏ညီမ၊ဦးဇော်လင်းရွှေ-ဒေါ်နီလာညွန့်၊ ဒေါ်နွယ်နီရွှေ၊ (ဦးဇော်မင်းရွှေ)-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## တီခေတီ(ခ)ဦးသောင်းရွှေ
### အသက်(၆၄)နှစ်

[တီပါချင်(ခ)ဦးအေးစ - ဒေါ်တန်ကင်အိန်း]တို့၏သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း၂၀၊ မြေညီထပ်၊ အမှတ် ၁၆နေ ဒေါ်မြမြအေး၏ခင်ပွန်း၊ မဝင်းလဲ့အေး၊ Dr. စုမြတ်အေး၊ မောင်ဖြိုးသက်နိုင်တို့၏ဖခင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းထိုက် အသက်(၅၈)နှစ်
### Second Mate (F.G)
### C.D.C 9568
### ရေကြောင်းသိပ္ပံအပတ်စဉ်(၁၂)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ပိန္နဲကုန်းရွာသစ်၂လမ်း၊အမှတ်၇၁၃နေ(ဦးစံဝ)-ဒေါ်ခင်ခင်စန်းတို့၏သား၊ ဦးသန်းထိုက် - ဒေါ်ခင်ဇော်မြင့်၊ (ဗိုလ်ကြီးသိန်းထိုက် - ဒေါ်ခင်တင့်)တို့၏ညီ/မောင်၊ ဗိုလ်မှူးခင်မောင်ထွေး(ငြိမ်း)-ဒေါ်မိမိထိုက်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည်၂၅-၂-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဟန် (အုတ်ဖို)
### အသက်(၉၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ ဒေါ်တင်မြိုင်-(ကိုညီမ်း)၊ (ဒေါ်ကြည်ဝင်း)-ဦးလှမြင့်၊ ဒေါ်မြင့်စန်း-ဦးမောင်မောင်ကြီး၊ ဦးစန်းလွင်-ဒေါ်ခင်လဲ့ရည်၊ ဒေါ်ခင်ညို-ဦးမောင်ညွှန့်၊ဦးအေးမောင်ကြည်(ညွှန်ကြားရေးမှူး၊ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့)-ဒေါ်နန်းမြင့်သီတာ၊ ဒေါ်လှမြတ်ထွေး-ဦးနေလင်းထွန်းတို့၏ဖခင်၊(ဒေါ်စိန်ယုံ)၏ခင်ပွန်းသည် ၂၅-၂-၂၀၁၆ရက် ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မောင်ဝင်း(ခ)ဦးအဝိန်
### (မအူပင်မြို့နယ် ရာသက်ပန်အသင်းဝင်)
### ပြည်ထောင်စုအဆုတ်ရောဂါဆိုင်ရာဌာန(ငြိမ်း)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ် ၅၊ တိုက် ၁၀၁၊ အခန်း ၁နေ (ဦးရှိန်-ဒေါ်ထားကြွေ)တို့၏သား၊ (ဒေါ်တင်တင်မြ)၏ခင်ပွန်း၊ ဦးသိန်းထိုက်ချို-ဒေါ်စန္ဒာဝင်း၊ ဦးတင်ထွန်းဝင်း-ဒေါ်ခင်မာကြည်(အမက -၃၊ မူလွန်၊ ဗဟန်း)၊ ဦးလှငွေ(Keppelfels Co.,Ltd, Singapore)-ရုပ်ရှင်သရုပ်ဆောင် ဒေါ်တင်နီလာဝင်း(Singapore)၊ ဦးကျော်ထွန်းဝင်း-ဒေါ်သီရိဟန်(UK)တို့၏ဖခင်၊ မောင်မင်းဂေါင်(Times Software Pte Ltd.ခေတ္တ Singapore)-မဥမ္မာမြင့်(NTUC Income, ခေတ္တ-S'pore)၊ မောင်သူရအောင်(BE Mechnical, USA)-မယမုံဖူး (Mobile communication S'pore)(USA)၊ မကြည်ဖြူခင်(Mango Media Co.,Ltd)၊ မောင်ရဲဖုန်းသန့် (Info Myanmar College)၊ မောင်နေထွန်းဝင်း(UK)၊ မလဝန်းစန္ဒြာဝင်း(UK)တို့၏ ဘိုးဘိုးကြီးသည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ဝ၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျော့သာ(စစ်တွေ) အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ၂၈/၂၊ ကံ့ကော်မြိုင်လမ်းနေ (ဦးသာထွန်း-ဒေါ်စံဝင်းဖြူ)တို့၏သမီး၊(ဦးနီအောင်ဖြူ-ဒေါ်ထွေးတင်)တို့၏ချွေးမ၊ (ဒေါက်တာသာထွန်းဦး၊ ညွှန်ချုပ်၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)၏ဇနီး၊ Capt-ကျော်ထွန်းဦး(C & S Shipping)-ဒေါ်ဖြူဖြူလှ၊ Captထွန်းနီ(M.F.S.L)-ဒေါက်တာမြသူဇာ(ပါမောက္ခ၊ဌာနမှူး၊ဓာတုဗေဒဌာန၊ စစ်တွေတက္ကသိုလ်)၊ ဒေါက်တာစောထွန်းအောင် (ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)-ဒေါ်ခင်မျိုးသာ(လက်ထောက်ညွှန်မှူး၊ ငြိမ်း၊ စီမံစီးပွား)၊ Capt ဝင်းအောင်ထွန်း(B.M.T.C)-ဒေါ်မေစပယ်ဝင်း(HR ဒါရိုက်တာ MBL)တို့၏မိခင်၊မောင်ကံထွန်းဦး၊မောင်ထွန်းအောင်ဇံ၊ မခင်စံစံအောင်၊ မနီအေးခိုင်၊ မောင်သုခထွန်း၊ မောင်သုတထွန်းတို့၏အဘောင်ရှင်သည် ၂၆-၂-၂၀၁၆ရက်(သောကြာနေ့)နံနက် ၂း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်နွဲ့(မော်လမြိုင်) အသက်(၉၀)

ပုလောမြို့နယ်၊ ပုလောကုန်းကျေးရွာနေ (ဦးအုန်းလှိုင်-ဒေါ်မန်းလုံး)တို့၏ သမီး၊ မော်လမြိုင်မြို့နေ (ဦးထွန်းလှိုင်-ဒေါ်ရင်ကြူ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၅၂(ပထမထပ်)နေ (ဦးငွေသော်)၏ဇနီး၊ ဦးအောင်ကျော်ဦး၊ ဦးစိုးမြင့်(ဒု-မြို့နယ်ပညာရေးမှူး၊ မော်လမြိုင်)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမျိုးသန့်-ဒေါ်ဌေးဌေးလွင်(အာသာဝတီ ကွမ်းသီးရောင်းဝယ်ရေး)၊ ဗိုလ်မှူးကြီးမျိုးခိုင်-ဒေါ်မျိုးပပသွင်တို့၏မိခင်၊ မောင်စွမ်းရည်လင်း(ကုန်သွယ်ရေကြောင်းအရာရှိလောင်း၊ ဒု/နှစ်)၊ မောင်ထက်မြတ်နိုင်(1st Year, English)၊ မောင်ဘုန်းမြတ်ပိုင်(YTTC)တို့၏အဘွားသည် ၂၅-၂-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်သန်း(ခ)ယုစ္စပ်ကြူ
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၁၈လမ်း၊အမှတ် ၂၂(ဒုတိယထပ်နေ)(ဦးကြည်)၏ဇနီး၊ ဦးခင်အေး-ဒေါ်လှလှဝင်း၊(ဦးကြည်ဝင်း)-ဒေါ်ရွှေကြည်၊ ဦးကျင်ဝင်း-ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်မြင့်မြင့်အေး-ဦးဌေးဦး၊ ဒေါက်တာဇော်ဝင်း-ဒေါက်တာခင်ခင်ကြည်၊ ဒေါက်တာမြင့်မြင့်စန်း-ဒေါက်တာစိုးမြင့်အောင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်တို့၏အဘွားသည်၂၅-၂-၂၀၁၆ရက် ည၈း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမောင်မောင်ဦး(ခ)
## ဦးနုတ်ခမ်းမွေး
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်(၁)လမ်း၊ အမှတ် ၄၈၄နေ (ဦးတင်သန်း - ဒေါ်ခင်မာဆွေ)တို့၏ သား၊ (ဦးကျော်)-ဒေါ်လှလှသန်းတို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်ကျော်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းကျော်ဌေး-ဒေါ်စမ်းသီတာ၊ မောင်ရဲပိုင်ဦး-မအေးအေးအောင်တို့၏အစ်ကို၊ ဗိုလ်ကြီးဟိန်းစိုးထက် - မလင်းပြည့်ပြည့်ဖြိုး၊ မနှင်းယုယုဝေ၊ မောင်ဇော်ထက်နိုင်တို့၏ချစ်လှစွာသောဖခင်သည် ၂၅-၂-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြည်(စမ်းချောင်း)
### အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ် ၂၅ (လေးလွှာ-A)နေ (ဦးအောင်စိုး - ဒေါ်အေးကြည်)တို့၏ သား၊ (ဦးကြည်ဝင်း) - ဒေါ်သောင်းသောင်း၊ (ဦးစိုးညွန့်-ဒေါ်မြင့်မြင့်သန်း)တို့၏မောင်၊ ဒေါ်လှသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်စန်းစန်းကြည်၊ ဦးကိုကိုအောင်-ဒေါ်အဲ၊ ဦးအောင်ကျော်နိုင်-ဒေါ်ခင်အေးမော်၊ ဦးဇော်ဝင်းနိုင်-ဒေါ်တင်တင်အုန်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းဆက်ဟန်နှင့် မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၆ရက် နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပြည်သူ့ လွှတ်တော် အစည်းအဝေး**

## ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်းနှင့် ကော်မတီသုံးခု ဖွဲ့စည်းအတည်ပြုခြင်းဆောင်ရွက်

စာမျက်နှာ-၇

**အမျိုးသား လွှတ်တော် အစည်းအဝေး**

## မြန်မာနှင့် ခြောက်နိုင်ငံ အမျိုးသားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်း အတည်ပြု

စာမျက်နှာ-၆

# စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် အဓိကကျတဲ့ထုတ်ကုန်တွေကလွဲပြီး ကျန်တာတွေကို ပုဂ္ဂလိကကို လွှဲပြောင်းပေးခဲ့ပါတယ်

တွေ့ဆုံမေးမြန်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး


ရန်ကုန်မြစ်ဝ စက်သုံးဆီတင်သွင်းသိုလှောင်သည့် ကုမ္ပဏီပိုင် ဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-စွမ်းအင်)

## စွမ်းအင်ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၀ခုနှစ်မတိုင်မီက နိုင်ငံတော်အတွင်းစက်သုံးဆီအရောင်းဆိုင် ၂၇၃ ဆိုင်သာရှိခဲ့ပြီး တရားမဝင်ရောင်းဝယ်သည့် စက်သုံးဆီဈေးကွက်မှာ အလွန်ကျယ်ပြန့်ခဲ့ဖူးသည်။ ၂၀၁၀ နောက်ပိုင်းတွင် နိုင်ငံပိုင် စက်သုံးဆီဆိုင်များအနက် ၂၆၁ ဆိုင်ကို ငွေကြေးအားဖြင့် ခိုင်မာစိတ်ချရပြီး စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်နိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်း ၃၆ ခုသို့ လွှဲပြောင်းခဲ့သည်။ ၂၀၁၀ ခုနှစ် ဇွန်လမှစတင်ကာ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များက စက်သုံးဆီလွတ်လပ်စွာ တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရရှိခဲ့ပြီး ယခုအခါ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၇၇၈ ဆိုင်အထိ များပြားလာခဲ့ပြီဖြစ်သည်။ နိုင်ငံပိုင်စက်သုံးဆီဆိုင်မူလ ၂၇၃ ဆိုင်အနက် ပုဂ္ဂလိကလုပ်ကိုင်ခွင့်ရသည့် ဆိုင်များကို ထုတ်နုတ်လိုက်သည့်အခါ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၁၂ ဆိုင်ခန့် ကျန်ရှိနေပြီး ယင်းဆိုင် ၁၂ ဆိုင်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသို့ စက်သုံးဆီများကို စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

စွမ်းအင်ကဏ္ဍသည် နိုင်ငံ၏ အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့်အပြင် နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့အပါအဝင် အခြားလောင်စာများကို ပြည်ပသို့ ထုတ်နုတ်ရောင်းချသကဲ့သို့ ပြည်တွင်းလိုအပ်ချက်နှင့် ကိုက်ညီသည့် စက်သုံးဆီအပါအဝင် အခြားလောင်စာဆီများကိုလည်း ပြန်လည်တင်သွင်းရခြင်းများရှိရာ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအပိုင်းနှင့် ပုဂ္ဂလိကနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁*

> “၂၀၁၀ နောက်ပိုင်းတွင် နိုင်ငံပိုင် စက်သုံးဆီဆိုင်များအနက် ၂၆၁ ဆိုင်ကို ငွေကြေးအားဖြင့် ခိုင်မာစိတ်ချရပြီး စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်နိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်း ၃၆ ခုသို့ လွှဲပြောင်းခဲ့။ နိုင်ငံပိုင် စက်သုံးဆီဆိုင် မူလ ၂၇၃ ဆိုင်အနက် ပုဂ္ဂလိကလုပ်ကိုင်ခွင့်ရသည့်ဆိုင်များကို ထုတ်နုတ်လိုက်သည့်အခါ နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင် ၁၂ ဆိုင်ခန့် ကျန်ရှိ”

**နိုင်ငံတကာ**

### ဖိလစ်ပိုင်တောင်ပိုင်း၌ ပဋိပက္ခဖြစ်ပွား အကြမ်းဖက်သမား ၄၂ ဦး သေဆုံး

စာမျက်နှာ ❖ ၄

**တွေ့ဆုံမေးမြန်း**

### ကော်ဖီနဲ့အတူ ယှဉ်တွဲပြီး စိုက်ပျိုးရမယ့် အရိပ်ရပင်တွေရှင်သန်လာရင် သစ်တောတွေ အမြန်ဆုံး ပြန်လည်ဖုံးလွှမ်းလာမယ်

စာမျက်နှာ ❖ ၁၀






မြန်မာ့အလင်း
mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS